တက္ကသိုလ်
# သိဟအောင်

ကျင်းယုံ၏ချိုရှုးကျင့်

# ခြင်္သေ့ကျေးရွာ

ပထမပိုင်း



တိုးတက်ရေးစာပေ

တက္ကသိုလ်

# သီဟာအောင်

## ခြင်္သေ့ကျေးရွာ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၆၈၀၄၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၁၈၀၅၁၂

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်လေးလေးမိ (တနင်္သာရီ စာပေ)
အမှတ် (၅၃)၊ ဖို့မြေလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စနွကျး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# တိုးတက်ရေးစာပေ

ဦးတည်ရာ

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေ၏။

မြင်းစီးလုလင်တစ်ဦး တောလမ်းအတိုင်း မြင်းကိုနှင်လာ၏။

သူ၏ရုပ်သွင်မှာ ချောမောသည်မဟုတ်သော်လည်း ယောကျ်ားပီသသည့်ရုပ်သွင်ရှိသည်။

သူ၏မျက်နှာပေါ်မှာ ထင်ကျန်ခဲ့သော အရိပ်အရောင်များသည် လူ့ဘဝအတွေ့အကြုံများ အလွန်ရင့်ကျက်သည့် အရိပ်အရောင်များ ပေါ်လွင်နေ၏။

သူသည် မြင်းကိုမှန်မှန် မောင်းနှင်ကာ တောလမ်းအတိုင်း အရှေ့ဘက်ဆီသို့ ဦးတည်ကာ မောင်းနှင်သွားနေခြင်းဖြစ်သည်။

သူသည် တောအုပ်ထဲသို့ ဖြတ်ကျော်လိုက်သောအခါ သူ၏ နားထဲသို့ ညည်းတွားသံတစ်ခု တိုးဝင်လာသည်။

သူသည် စိတ်ထဲ၌ သံသယဖြစ်လာကာ စီးနေသောမြင်းကို အရှိန်လျှော့လိုက်သည်။

သူသည် သေချာစွာနားစွင့်လိုက်သောအခါ လူတစ်ယောက်ထံမှ ဝေဒနာပြင်းထန်စွာ ခံစားရာမှ ထွက်ပေါ်လာသော ညည်းတွားသံဖြစ်သည်ကို ရိပ်စားမိလိုက်လေသည်။

သူသည် မြင်းကို ရပ်တန့်လိုက်သည်။

အသံလာရာဘက်သို့ မျက်လုံးဝေ့ကာ စူးစမ်းရှာဖွေကြည့်လိုက်သည်။

သူနှင့်ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ယောက်က သစ်ပင်ခြေရင်း၌မှီ၍ ထိုင်နေသည်ကို တွေ့ရလေသည်။

သူသည် မြင်းပေါ်မှဆင်းလိုက်သည်။

ထိုလူ့ထံသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွားလေသည်။

အနီးသို့ ရောက်သွားသောအခါ သူသည် ထိုလူ၏တစ်ကိုယ်လုံးမှာ သွေးချင်းချင်းနီရဲကာ ပေကျံနေသည်ကို တွေ့လိုက်ရသည်။

သူသည် ထိုလူအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။

လျှောက်နေရင်းမှ ထိုသူအား သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

ထိုလူ၏ ဝတ်စားဆင်ယင်မှုမှာ အလွန်ချမ်းသာသော ကုန်သည်တစ်ယောက်ဖြစ်သည်ဟု အကဲခတ်မိလိုက်လေသည်။



"သည်မှာမိတ်ဆွေ ခင်ဗျား ဘယ်က ဒဏ်ရာရလာတာလဲဗျ"

ထိုလူသည် မျက်လုံးမှိတ်ထားရာမှ အသံကြားလိုက်သဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူသည် စကားပြောရန် ပါးစပ်ကိုလှုပ်ရှားလိုက်သည်။

သို့သော်...

အားအင်ကုန်ခမ်းနေသဖြင့် ထွက်လာသောအသံက အလွန်တိုးနေ၏။

သူ၏နားကို ထိုလူ၏ပါးစပ်အနီးသို့ တိုးကပ်ကာ နားထောင်လိုက်သည်။

"မိတ်ဆွေ ဘာပြောချင်သလဲ ပြောပါ"

ထိုလူက အားယူလိုက်ပြီး..

"ကျုပ်ဆီက ငွေတွေလုယူပြီး လူကိုပါသတ်ဖို့ ကြိုးစားကြတယ်၊ ကျုပ် အပြေးမြန်လို့သာ သည်ကိုရောက်အောင် ပြေးလာနိုင်တာ၊ ဒါပေမယ့်.."

လူငယ်က မျက်မှောင်ကုပ်လိုက်ကာ....

"ခင်ဗျားကို ဘယ်သူက လုယူလိုက်သလဲ"

ထိုလူက ဖျော့တော့တော့လေသံဖြင့်...

"အမှောင်ကျေးရွာက"

လူငယ်က မျက်မှောင်ကုပ်သွားမိပြန်လေသည်။

"အင်း..အမှောင်ကျေးရွာက တစ်နေ့တခြား ရမ်းကားလာ

နေပါလား"

သူသည် ထိုလူအား ထပ်မံမေးလိုက်သည်။

"ခင်ဗျားငွေတွေကို ဘယ်သူက လုယူသွားတာလဲ"

ထိုလူက တစ်လုံးချင်း ပြောပြလိုက်သည်။

"ယွင်ကြူး"

လူငယ်က ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ယွင်ကြူးဆိုတဲ့လူ ဟုတ်လား"

ထိုလူက အားနည်းစွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ယွင်ကြူးဆိုတာ မိန်းကလေးတစ်ယောက်ပါ"

လူငယ်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"သည်မိန်းကလေးက တော်တော်ရိုင်းပါလား၊ ငွေကိုလည်း ယူသေးတယ်၊ လူကိုလည်း ချမ်းသာမပေးဘူး"

ထိုလူက လက်ကာပြလိုက်သည်။

"သူက..."

ထိုလူသည် ပြောရင်းပြောရင်း အသံတိတ်ဆိတ်သွားလေသည်။

"မိတ်ဆွေ ပြောလေ၊ ယွင်ကြူးက ခင်ဗျားရဲ့ ငွေကိုလုယူပြီး ခင်ဗျားကို သေကြောင်းကြံတယ် ဟုတ်လား"

ထိုလူက လုံးဝ အဖြေမပေးဘဲ ဆိတ်ဆိတ်နေလိုက်လေသည်။ လူငယ်က သေချာကြည့်လိုက်သောအခါ ထိုလူသည် အသက်မရှိတော့သည်ကို တွေ့မြင်လိုက်ရလေသည်။



သူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်...

ခါးမှဓားကိုဆွဲထုတ်ပြီး အနီးရှိ မြေပေါ်၌တွင်းတစ်ခု တူးဆွလိုက်လေသည်။

♣ ♣ ♣

မြေပြင်ပေါ်ရှိ ပုံနေသောမြေခုံးလေးပေါ်တွင် ဝါးကပ်တိုင်လေးတစ်ခုရှိနေ၏။

လူငယ်သည် မြေပုံအား နောက်ဆုံးကြည့်ခြင်းအနေဖြင့် ကြည့်လိုက်ပြီးနောက် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

သူသည် မြင်းကိုလှည့်လိုက်ပြီး အမှောင်ကျေးရွာရှိရာသို့ ဦးတည်၍ မောင်းနှင်သွားလေသည်။

သူ၏ရင်ထဲ၌ ယွင်ကြူးဟူသော မိန်းကလေးတစ်ယောက်၏အမည်ကို သေချာစွာ မှတ်မိထားလိုက်သည်။

"အတော်ရက်စက်တဲ့ မိန်းကလေးပဲ၊ ငါနဲ့တော့ တွေ့ရဦးမှာပေါ့လေ"

သူသည် စိတ်ထဲ၌ ကြုံးဝါးလိုက်ခြင်း ဖြစ်လေသည်။

♣ ♣ ♣

နံနက်နေရောင်ခြည်သည် လမ်းမပေါ်သို့ နွေးထွေးစွာ ထိုးကျနေ၏။

အမှောင်ကျေးရွာ၏ လမ်းမပေါ်တွင် လူသူတစ်ယောက်တလေမျှမရှိဘဲ တိတ်ဆိတ်နေလေသည်။

လမ်း၏တစ်ဘက်တစ်ချက်တွင် အစီအရီရှိသောဆိုင်များအနက် စားသောက်ဆိုင်နှင့် ရေနွေးကြမ်းဆိုင်မှအပ ကျန်သောဆိုင်များမှာ တံခါးပင်မဖွင့်သေးချေ။

စားသောက်ဆိုင်မှ ဆိုင်လုလင်များသည် စားပွဲ၊ ကုလားထိုင်များကို သူ့နေရာနှင့်သူဖြစ်အောင် နေရာတကျခင်းကျင်းနေ၏။

ထိုစဉ်...

မြင်းခွာသံများ ရုတ်တရက် ကြားလိုက်ရသည်။

ဆိုင်လုလင်က အံ့သြစွာဖြင့် အပြင်သို့ထွက်ကြည့်လိုက်သောအခါ လူငယ်တစ်ယောက်က မြင်းညိုတစ်ကောင်ဖြင့် လမ်းထဲသို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သူ အနည်းငယ် အံ့သြသွားသည်။

အမှောင်ကျေးရွာတွင် ညဘက်ကျမှ လူအများသွားလာကာ စည်ကားလေသည်။

ဆိုင်များသည် သန်းခေါင်ကျော်အထိ ဖွင့်လှစ်ရောင်းချရသည့်အတွက် မည်သူကမျှ စောစောစီးစီး ထကြလေ့မရှိချေ။

ထို့ကြောင့်...

ဧည့်သည်များသည် အမှောင်ကျေးရွာသို့ မည်သည့်အခါမျှ စောစောစီးစီး ရောက်မလာကြပါချေ။

ယခု...

ဤလူငယ်သည် ထိုကဲ့သို့ စောစောရောက်ရှိလာသည်မှာ အမှောင်ကျေးရွာ၏အကြောင်းကို မသိသေးသော လူစိမ်းတစ်ယောက်ဖြစ်မည်ဟု ချက်ချင်းနားလည်လိုက်လေသည်။



♣ ♣ ♣

လူငယ်သည် မြင်းအား ဆိုင်ရှေ့၌ရပ်တန့်လိုက်သည်။

ဆိုင်လုလင်က မိမိအား လူထူးဆန်းသဖွယ်ကြည့်နေသည်ကိုတွေ့ရသောအခါ သူက ပြုံးပြလိုက်သည်။

"သည်မှာနောင်ကြီး...တည်းခိုခန်း ဘယ်မှာရှိသလဲဗျ"

ဆိုင်လုလင်က ပြုံး၍ဦးညွှတ်လိုက်သည်။

"ကြွပါဗျာ...ကြွပါ၊ ကျုပ်တို့ဆိုင်မှာလည်း တည်းခိုခန်းရှိပါတယ်"

လူငယ်က ကျေနပ်သွားသည်။

"ဒါဖြင့် အတော်ပဲ"

သူသည် မြင်းပေါ်မှဆင်းလိုက်သည်။

"ကဲ..ကျုပ်မြင်းက ဆာလှပြီ၊ သူ့ကိုသာ အရင်ကျွေးလိုက်ပါ၊ နောက်ပြီး ကျုပ်ကို အခန်းတစ်ခန်းပေးပါ"

"ရပါတယ်..ရပါတယ်"

ဆိုင်လုလင်သည် အဝတ်ဖြင့် စားပွဲအား သုတ်လိုက်ပြီး ရေနွေးကရားအိုး ချထားပေးလိုက်လေသည်။

"ကဲ ရေနွေးကြမ်းလေး သောက်ပါဦး၊ ကျုပ် မြင်းကိုနေရာချပေးလိုက်ပါ့မယ်"

သူသည် ပြောရင်း လူငယ်၏လက်ထဲမှ မြင်းဇက်ကြိုးကို လှမ်းယူလိုက်သည်။

လူငယ်သည် ဘေးသို့ တစ်ချက်အကဲခတ်ပြီး ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

♣ ♣ ♣



တည်းခိုခန်းရှိ အခန်းတစ်ခု...။

ထိုအခန်းသည် ကျယ်ဝန်းလှသည် မဟုတ်သော်လည်း လူတစ်ယောက် တည်းခိုရန်အတွက် ချောင်ချောင်ချိချိ ရှိလှပေသည်။

လူငယ်သည် အခန်းထဲသို့ ရောက်ရှိလာသည်နှင့် ဆိုင်လုလင်သည် စားသောက်ဖွယ်ရာများ လာရောက်ချပေးသွားသည်။

အခန်းထဲမှ ထွက်သွားသော လုလင်အား လူငယ်က လှမ်းမေးလိုက်သည်။

"ဒါနဲ့ ဆရာကြီးလု ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိသလားဗျာ"

ထိုစကားကြားလိုက်ရသည်နှင့် ဆိုင်လုလင်၏ ခြေလှမ်းသည်လှမ်းနေရာမှာ ရုတ်တရက် ရပ်တန့်သွားလေသည်။

ထို့နောက်...

စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

လူငယ်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘယ်လိုများ ဖြစ်သွားပါလိမ့်"

သူသည် ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး ဆိုင်လုလင်ချပေးထားသော စားသောက်ဖွယ်ရာများကို မြိန်ရေရှက်ရေ စားသောက်လိုက်လေတော့သည်။

♣ ♣ ♣

နေရောင်ခြည်သည် ပြတင်းပေါက်ထဲသို့ တည့်မတ်စွာ ထိုးကျနေ၏။

လူငယ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ တစ်စုံတစ်ခုသောအသံကြောင့် အိပ်ရာမှနိုးလာလေသည်။

သူ၏မျက်လုံးများကို ဖွင့်လိုက်သည်နှင့် အခန်းထဲသို့ လူနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

သူသည် အေးဆေးစွာ ထထိုင်လိုက်သည်။

ထိုလူနှစ်ယောက်အား အကဲခတ်ကြည့်လိုက်သည်။

ထိုလူနှစ်ယောက်သည် ထိပ်တန်းသိုင်းသမားများဖြစ်ကြသည်ကို လူငယ်က အကဲခတ်မိသည်။

သူတို့၏ခါးတွင် ဓားကိုယ်စီ ချိတ်ဆွဲထားသည်ကိုလည်း တွေ့လိုက်ရလေသည်။

သူတို့၏မျက်နှာများသည် ရက်စက်ကြမ်းကြုတ်သည့်အသွင်များရှိနေသဖြင့် ထိုလူများသည် ဆိုးသွမ်းသော ဓားသမားများဖြစ်ရမည်ဟု ယုံကြည်လေသည်။

သူကပင် ပြုံး၍ ပြောလိုက်သည်။

“မိတ်ဆွေတို့နှစ်ယောက်က ခွင့်မတောင်းဘဲ ဘာကြောင့်ကျုပ်အခန်းထဲ ဝင်လာရတာလဲဗျ”

ထိုလူနှစ်ယောက်အနက် အဖြူရောင်ဝတ်ဆင်ထားသောလူက မဲ့ပြုံးပြုံးလိုက်သည်။

“သည်အခန်း မဆိုထားနဲ့ သည်အဆောက်အအုံတစ်ခုလုံး



ခွင့်မတောင်းဘဲ ဝင်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ သည်တည်းခိုခန်းက ကျုပ်တို့ရဲ့အဆောက်အအုံပဲ”

လူငယ်က အံ့ဩသွားသည်။

“ဒါဖြင့် ခင်ဗျားတို့က..”

အဖြူရောင်ဝတ်စုံနှင့်လူက ရယ်ကျဲကျဲဖြင့်...

“ကျုပ်တို့က ဆရာကြီးလုရဲ့တပည့်တွေပါပဲ”

လူငယ်က မကျေမနပ်ဖြင့်...

“ဒါနဲ့ ခင်ဗျားတို့က စောစောစီးစီး ကျုပ်အခန်းထဲ ဘာကိစ္စနဲ့လာရတာလဲ”

သူသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီးမှ...

“သည်အဆောက်အအုံကို ခင်ဗျားတို့က ပိုင်ပေမယ့် သည်အခန်းကို ကျုပ်က အခကြေးငွေနဲ့ငှားထားတာဗျ”

ထိုလူနှစ်ယောက်အနက် အနီရောင်အင်္ကျီဝတ်ဆင်ထားသောလူက ရယ်မောလိုက်လေသည်။

“ဒါတွေထားစမ်းပါဦး၊ မင်းက ဘယ်သူလဲ၊ ဘာကြောင့်ကျုပ်တို့ဆရာကို မေးတာလဲ”

ယခုမှ လူငယ် သဘောပေါက်သွားသည်။

ဆိုင်လုလင်က သွားရောက်အကြောင်းကြားခြင်းဖြစ်သည်ဟုလည်း တပ်အပ်သိထားလိုက်လေသည်။

သူသည် ပြုံးပြလိုက်သည်။

“ကျုပ်က ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ အလွန်အ

ရေးကြီးတဲ့ကိစ္စရှိလို့ ဆရာကြီးလုနဲ့တွေ့ချင်လို့ပါ"

အနီရောင်ဝတ်စုံနှင့်လူက ခပ်မာမာဖြင့်မေးလိုက်သည်။

"ခင်ဗျားနာမည်.."

"ရွှေမျက်နှာပါ"

♣ ♣ ♣

"ရွှေမျက်နှာ"

မောက်ဖုံးသည် ထိုအမည်ကိုကြားလိုက်ရသည်နှင့် မယုံကြည်နိုင်သောအကြည့်ဖြင့် အကဲခတ်ကြည့်နေ၏။

"မင်းက ငါတို့ကိုလာပြီး နှောက်တာလား"

လူငယ်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်မှာ နှောက်ပြောစရာ အချိန်မရှိဘူး"

မောက်ဖုံးက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"လူတစ်ယောက်က ရွှေမျက်နှာလို့ နာမည်ပေးထားတာ ကျုပ်တစ်ခါမှ မကြားဖူးပါဘူး"

လူငယ်က ပြုံးလိုက်သည်။

"အခုတော့ ကြားဖူးပြီမဟုတ်လား"

မောက်ဖုံးက သူ့အား အတန်ကြာကြည့်လိုက်ပြီးမှ...

"ကောင်းပြီ၊ မင်းက ဘာကိစ္စနဲ့ ငါတို့ကို စုံစမ်းနေရတာလဲ"

လူငယ်က တည်ငြိမ်စွာဖြင့်...



"ကျုပ်အမှုတစ်ခု အပ်မလို့ပါ"

မောက်ဖုံးက မျက်မှောင်ကုပ်သွားသည်။

"ကဲ ပြောစမ်း၊ ဘာအမှုလဲ"

ရွှေမျက်နှာက အတန်ကြာစဉ်းစားလိုက်သည်။

"ခင်ဗျားတို့ဆီမှာ အလွန်တော်တဲ့ကြေးစား ကိုးယောက်ရှိတယ်လို့ ကြားခဲ့တယ်"

မောက်ဖုံးသည် ရွှေမျက်နှာအားခေါ်ဆောင်လာသော လူနှစ်ယောက်၏မျက်နှာအား ကြည့်လိုက်သည်။

"မင်းက သူတို့ကို တွေ့ချင်တယ် ဟုတ်လား"

ရွှေမျက်နှာက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

မောက်ဖုံးက ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက ဆက်၍...

"ဒါဖြင့်"

ရွှေမျက်နှာက လေးနက်စွာဖြင့်...

"ကျုပ်မှာ ရန်သူတစ်ယောက်ရှိတယ်၊ သည်လူဟာ သိုင်းပညာ အလွန်အဆင့်မြင့်တယ်"

မောက်ဖုံးက...

"ကျုပ်သိပြီ၊ မင်းက ကျုပ်တို့ဆီက ကြေးစားငှားချင်တယ် ဆိုပါတော့"

ရွှေမျက်နှာက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

မောက်ဖုံးက မျက်မှောင်ကုပ်လိုက်သည်။

"ဒါဖြင့်"

သူ၏စကား မဆုံးမီ ရွှေမျက်နှာက ကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်က လူသတ်သမားတစ်ယောက်ထဲ ငှားမှာမဟုတ်ဘူး"

မောက်ဖုံးက ပြုံးစိစိဖြင့်...

"ဒါဖြင့် ဘယ်နှစ်ယောက်တောင် လိုချင်လို့လဲ"

ရွှေမျက်နှာက တည်ငြိမ်လေးနက်သောအသံဖြင့် ပြောလိုက်သည်။

"ကိုးယောက်စလုံးပဲ"

မောက်ဖုံးက ရယ်မောလိုက်လေသည်။

သူသည် ဤလုပ်ငန်းလုပ်ခဲ့သည်မှာ နှစ်နှစ်ကျော်ကျော်ကြာခဲ့ပြီဖြစ်သည်။

သိုင်းလောက၏ အတွေ့အကြုံများလည်း သူ့တွင် အတော်အတန်ရှိခဲ့လေသည်။

သို့သော်...

တစ်ကြိမ်တည်း တစ်ခါတည်း လူသတ်သမားကိုးယောက်အားငှားသည့်လူကို တစ်ယောက်မျှ မတွေ့ကြုံဖူးပါ။

"ဟား...ဟား...ဟား"



သူသည် အားရပါးရ ရယ်မောလိုက်သည်။

ရွှေမျက်နှာသည် ငွေလဲလှယ်သော လက်မှတ်တစ်ရွက်ထုတ်ပေးလိုက်သည်။

"ကျုပ်အလုပ်ကို လက်ခံပါဗျာ၊ သည်ငွေကလေးကတော့ ခင်ဗျားအတွက် ဆုငွေပါ"

မောက်ဖုံးက ငွေလဲစက္ကူအပေါ်ကြည့်လိုက်သောအခါ ငွေကိုးသောင်းတိတိ ရေးသားထားသည်ကို တွေ့ရသဖြင့် သူသည် ရယ်မောရာမှ အလိုအလျောက်ရပ်တန့်သွားသည်။

သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားပြီး သူ၏ပါးစပ်မှာလည်း ဟောင်းလောင်းဖြစ်သွားသည်။

သူ၏မျက်လုံးကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားလေသည်။

ထိုစဉ်မှာပင်..

ရွှေမျက်နှာက နောက်ထပ်ငွေလွှဲလက်မှတ်တစ်စောင်ထုတ်ပေးလိုက်သည်။

"ဟောဒါ ကြေးစားကိုးယောက်အတွက် အခကြေးငွေပါပဲ"

မောက်ဖုံးသည် ထိုငွေလွှဲလက်မှတ်အား ကြည့်လိုက်သောအခါ ငွေလွှဲလက်မှတ်ပေါ်၌ တစ်သိန်းရှစ်သောင်းဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် အတန်ကြာငေးမောနေရာမှ ပြန်လည် သတိဝင်လာလေသည်။ သူ၏မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်သွားလေသည်။

"ကဲ ရပါတယ်ဗျာ၊ ခင်ဗျားသတ်ချင်တဲ့လူရဲ့ နာမည်ကို စာရွက်တစ်ရွက်ပေါ်မှာ ရေးပြီးပေးထားပါ"

ရွှေမျက်နှာက စာရွက်တစ်ရွက်ပေါ်တွင် အခိုမဲ့ဟူသော နာမည်ကို ရေးပေးလိုက်သည်။ ပုံတူပန်းချီကားလည်း ပေးလိုက်၏။

မောက်ဖုံးက ယင်းစာရွက်အား သေချာစွာ သိမ်းဆည်းထားလိုက်ပြီးနောက်...

"ကဲ ခင်ဗျားအေးအေးဆေးဆေးနေပြီး သတင်းစောင့်နေပေါ့ဗျာ၊ ခင်ဗျားရဲ့ လိုအင်ဆန္ဒအားလုံး ပြည့်ဝရစေမယ်"

ရွှေမျက်နှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ စကားမစပ်"

သူသည် တစ်ချက်ပြုံးပြလိုက်ပြီး စကားဆက်လိုက်လေသည်။

"ဒါနဲ့ ယွင်ကြူးဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုကော သိကြသလားဗျာ"

မောက်ဖုံးက မျက်မှောင်ကုပ်သွားသည်။

"အောင်မယ်၊ မင်းက ယွင်ကြူးရဲ့နာမည်တောင် သိနေပြီလား"

ရွှေမျက်နှာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျုပ် သည်ကိုလာတဲ့လမ်းခရီးမှာသူ့အကြောင်းတွေကို ကြားခဲ့ပါတယ်"

မောက်ဖုံးက ရယ်ကျဲကျဲဖြင့်...



"မင်းက သူ့ကို သိပ်တွေ့ချင်နေတယ် ဟုတ်လား"

ရွှေမျက်နှာက...

"ဟုတ်တယ်"

မောက်ဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး...

"တွေ့ရပါတယ်ကွာ၊ မင်းမှာငွေသာရှိမယ်ဆိုရင် သူ့ကို အလွယ်တကူတွေ့နိုင်ပါတယ်"

ရွှေမျက်နှာက သိလိုစိတ်ပြင်းပျစွာနှင့်...

"သူက ဘယ်မှာရှိမလဲ"

မောက်ဖုံးက...

"နတ်သမီးဂေဟာမှာပါ"

♣ ♣ ♣

## နတ်သမီးဂေဟာ

နတ်သမီးဂေဟာ...။

နတ်သမီးဂေဟာသည် အလွန်ခန့်ညားလှပသော အ ဆောက်အအုံတစ်ခုဖြစ်သည်။

အဆောက်အအုံတစ်ခုလုံးတွင် ရောင်စုံမီးပုံးများ ထွန်းညှိ ထားသည်။

အဆောက်အအုံ၏တံခါးဝ၌ အဝါရောင်ပိုးအင်္ကျီများ ဝတ် ဆင်ထားသော လူငယ်နှစ်ယောက်က စောင့်ကြပ်နေ၏။

သူတို့သည် လူချမ်းသာများ၊ အရာရှိအရာခံများစသည့်လူ တန်းစားများကိုသာ ခရီးဦးကြိုဆိုကြသည်။

ငွေကြေးအကုန်အကျမခံနိုင်သော လူတန်းစားကိုမူ သူတို့ လုံးဝလက်မခံပါ။



သူတို့သည် ထိုအလုပ်များကို လုပ်ခဲ့သည်မှာ နှစ်ပေါင်းအ တန်ကြာသွားသဖြင့် အတွေ့အကြုံ အလွန်ရင့်ကျက်နေပြီ ဖြစ်လေ သည်။

ထို့ကြောင့်...

သူတို့သည် ရွှေမျက်နှာ ရောက်ရှိလာသည်ကို တွေ့မြင် လိုက်သည်နှင့် သူတို့၏မျက်နှာတစ်ခုလုံးမှာ ချိုသာသောအရိပ်အ ရောင်များဖြင့် ကြိုဆိုလိုက်လေသည်။

"ကြွပါခင်ဗျာ..ကြွပါ"

သူတို့ တွေးထင်ထားသည့်အတိုင်း ရွှေမျက်နှာက ငွေကို ရေလိုသုံးသော လူတန်းစား တစ်ယောက်ဖြစ်သည်။

ရွှေမျက်နှာက ရွှေပြားတစ်ပြားယူ၍ ဆုချလိုက်လေသည်။

"ကျုပ်က ယွင်ကြူးကို တွေ့ချင်တယ်"

လူငယ်က ပြုံးလိုက်သည်။

"ရပါတယ်ဗျာ၊ ဧည့်ခန်းထဲကိုကြွပါ"

သူသည် ပြောရင်း ရွှေမျက်နှာအား ဧည့်ခန်းသို့ခေါ်ဆောင် သွားပြီး နေရာထိုင်ခင်းများ ချပေးလိုက်လေသည်။

"သည်မှာ ခဏထိုင်ပါဗျာ"

သူသည်ပြောပြီးသည်နှင့် ထွက်ခွာသွားသည်။

ရွှေမျက်နှာသည် ဧည့်ခန်းတစ်ခုလုံးအား တစ်ချက်ဝေ့ကာ အကဲခတ်ကြည့်လိုက်သည်။

ဧည့်ခန်းထဲတွင် ပြင်ဆင်ထားသော ပရိဘောဂများသည်

အလွန်ထိပ်တန်းကျသည်ကို တွေ့ရလေသည်။

သူသည် ထိုသို့အကဲခတ်ကြည့်နေစဉ်မှာပင် ဧည့်ခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးက ပြုံးပြလိုက်သည်။

"ဘယ်သူ့ကို တွေ့ချင်ပါသလဲရှင်"

ရွှေမျက်နှာက မျက်မှောင်ကုပ်သွားသည်။

ယွင်ကြူးအား တွေ့ဆုံရန်မှာ ညှိနှိုင်းအလုပ်ရှုပ်ရလေခြင်းဟု ဒေါသထွက်လာလေသည်။

သူသည် ဒေါသကို ထိန်းချုပ်ထားလိုက်သည်။

"ယွင်ကြူးကို တွေ့ချင်လို့"

မိန်းကလေးက ခစ်ခနဲ ရယ်မောလိုက်သည်။

"ရှင် သိပ်ကံကောင်းတယ်"

ရွှေမျက်နှာက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

မိန်းကလေးက ပြုံးလျှက်…

"ယွင်ကြူးကို တွေ့ဖို့ဆိုတာ လွယ်တယ်လို့မထင်ပါနဲ့ သူ့ကိုတွေ့ချင်ရင် တစ်လလောက် ကြိုတင်စာရင်းပေးထားရတယ်ရှင့်"

ရွှေမျက်နှာ၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"ဟုတ်လား။ ဒါဖြင့် အခုကျုပ်က ဘာဖြစ်လို့တွေ့ခွင့်ရတာလဲ"



မိန်းကလေးက ပြုံးလိုက်သည်။

"စာရင်းသွင်းပြီးခဲ့တဲ့ ဧည့်သည်တစ်ယောက်က အကြောင်းအမျိုးမျိုးကြောင့် သူချိန်းထားတဲ့ရက်ကို ပယ်လိုက်ရလို့ ရှင့်အဖို့ အခွင့်အရေး ရသွားတာပါရှင်"

ရွှေမျက်နှာက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကလည်း သူ့ကိုသိပ်ပြီး တွေ့ချင်တယ်လို့ မမှတ်ပါနဲ့ ရှင်းရှင်းပြောရရင် ကျုပ်က မေးစရာတွေရှိနေလို့ပါ"

မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကဲပါရှင်၊ ကျွန်မနောက်ကို လိုက်ခဲ့ပါ"

သူသည် ထိုသို့ပြောပြီး ဧည့်ခန်းထဲမှ လှမ်းထွက်သွားလေသည်။

♣ ♣ ♣

ကျောက်တုံးခင်းထားသောလမ်း…။

ကျောက်တုံးကလေးများဖြင့် ခင်းကျင်းထားသော လမ်းကလေးဆုံးသွားသည်နှင့် အလွန်သပ်ယပ်သော အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်ရှိလာလေသည်။

ထိုအိမ်ကလေးသည် သာမန်အိမ်ကလေးတစ်လုံးမျှသာဖြစ်သည်။

သို့သော်…

အရောင်ခြယ်သပုံနှင့် ပန်းမာလ်များ စနစ်တကျစိုက်ထားပုံမှာ အလွန်အေးချမ်းသာယာပြီး နေချင်စဖွယ်ဖြစ်လေသည်။

ရွှေမျက်နှာသည် ထိုနေရာသို့ရောက်ရှိလာသည်နှင့် စိတ်ထဲ၌ရွှင်ရွှင်လန်းလန်း အေးအေးချမ်းချမ်းရှိသည့် အရသာကို ခံစားလိုက်ရသည်။

"အင်း…အိမ်ကလေးကတော့ အတော့်ကို သပ်သပ်ရပ်ရပ်ပြင်ဆင်ထားတယ်၊ ပွင့်ကြူးဆိုတဲ့ မိန်းကလေးက ဘယ်လိုနေမှန်းမသိသေးဘူး"

ရွှေမျက်နှာက ယင်းသို့စဉ်းစားရင်း မိန်းကလေးက တံခါးအား လက်ဖြင့် အသာကလေးခေါက်လိုက်လေသည်။

"ဒေါက်…ဒေါက်"

တံခါးခေါက်သံ ဆုံးသွားသည်နှင့်…

"ဝင်ခဲ့၊ တံခါးစေ့ထားတယ်"

အလွန်သာယာသော အသံတစ်သံ အခန်းထဲမှ ထွက်ပေါ်



လာလေသည်။

ထိုအသံကြားလိုက်သည်နှင့် ရွှေမျက်နှာ၏ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွား၏။

သူ၏ဘဝတလျှောက်လုံးတွင် ထိုကဲ့သို့ သာယာသောအသံမျိုးကို ဤတစ်ကြိမ်သာ ကြားဖူးသည်ဟု ထင်မှတ်လိုက်လေသည်။

မိန်းကလေးက သူ့အား ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

"ကြွပါရှင်"

ရွှေမျက်နှာသည် အိမ်ခန်းထဲသို့ လှမ်းဝင်သွားလေသည်။

♣ ♣ ♣

ရွှေမျက်နှာ၏မြင်ကွင်းတစ်ခုလုံးမှာ လှပနေ၏။

ထို့အပြင်...

မွေးကြိုင်သော အနံ့အသက်များကိုလည်း အားရပါးရ ရှူရှိုက်လိုက်မိသည်။

အခန်းတစ်ခုလုံး၏ မွမ်းမံပြင်ဆင်ထားပုံမှာ ရိုးရိုးစင်းစင်း ရှိလှပေသည်။

တစ်နည်းဆိုရလျှင်...

စာပေပညာရှင်တစ်ယောက် နေထိုင်သောအခန်းတစ်ခုနှင့် တူလှပေသည်။

"ထိုင်ပါရှင်"

ရွှေမျက်နှာသည် အံ့ဩငေးမောနေစဉ်မှာပင် သာယာလှသောအသံတစ်သံကို ကြားလိုက်ရသည်။

အသံလာရာသို့ သတိပြု၍ကြည့်လိုက်သောအခါ သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

သူ့ရှေ့တွင် မိန်းကလေးတစ်ယောက် ရပ်နေ၏။

သူမ၏ကိုယ်ပေါ်တွင် အဖြူရောင်အင်္ကျီရှည် ခပ်ပါးပါးတစ်ထည် ဝတ်ဆင်ထားသည်။

အင်္ကျီရှည်သည် မြေပေါ်သို့ပင် ပုံကျနေသည်။

မည်းနက်၍ တောက်ပသောဆံကေသာများသည် ပခုံးပေါ်သို့ ဝဲကျနေသည်။

လခြမ်းပမာ မျက်ခုံးမွေး၊ ဖြောင့်မတ်သောနှာတံ၊ နီရဲ



သောနှုတ်ခမ်းနှင့် ပုလဲသွယ်ကဲ့သို့ သွားကလေးများဖြင့် မြင်ရသူအဖို့ အသက်ရှူမှားလောက်အောင် လှပချောမောနေ၏။

ရွှေမျက်နှာသည် ယွင်ကြူးအား တွေ့လိုသည်မှာ သေဆုံးသွားသောကုန်သည်အတွက် ရန်ရှာရန်ဖြစ်သည်။

ယခုမှာမူ ထိုလှပချောမောသော မျက်နှာပိုင်ရှင်အား မြင်တွေ့လိုက်ရသောအခါ သူသည် နှလုံးခုန်နေခြင်းပင် ရပ်သွားသည့်အလား ခံစားလိုက်ရလေသည်။

ရန်တွေ့လိုသောစိတ်များမှာလည်း မည်သို့ လွင့်စဉ်သွားမှန်းမသိ ဖြစ်သွားသည်။

"ထိုင်ပါရှင်"

ယွင်ကြူးက ထပ်မံဖိတ်ခေါ်လိုက်သောကြောင့် သူသည် ငေးငိုင်နေရာမှ တောအုပ်ထဲ၌ သေဆုံးသွားသောကုန်သည်အား ပြန်လည်မြင်ယောင်လာသည်။

"ကျုပ်က ထိုင်ဖို့လာတာ မဟုတ်ဘူး"

ယွင်ကြူးက အနည်းငယ် အံ့ဩသွားပုံရသည်။

"ရှင်"

ရွှေမျက်နှာက လေသံမာမာဖြင့်....

"ကျုပ် ခင်ဗျားကို လာတွေ့တာ ကိစ္စတစ်ခု မေးချင်လို့"

ယွင်ကြူး မျက်မှောင်ကုပ်သွားသည်။

"နေပါဦး၊ ရှင့်ကိုကြည့်ရတာ၊ ကျွန်မအပေါ် မကျေမနပ်ဖြစ်နေပုံရတယ်၊ ရှင်က ကျွန်မကို သိလို့လားရှင့်"

ရွှေမျက်နှာက ခေါင်းခါယမ်းလိုက်ရင်း…

"မသိဘူး"

ယွင်ကြူးက နားမလည်ဟန်ဖြင့်…

"ဒါဖြင့် ရှင်က ဘာတွေစိတ်တိုနေရတာလဲ"

ရွှေမျက်နှာက…

"ကျုပ်က ခင်ဗျားကို မေးစရာရှိတယ်"

ယွင်ကြူးက…

"မေးပါရှင်"

ရွှေမျက်နှာက မျက်နှာကိုတင်းလိုက်ကာ…

"ကျုပ် သည်ကိုလာတုန်းက လမ်းမှာ ကုန်သည်တစ်ယောက်ကို တွေ့ခဲ့တယ်"

ယွင်ကြူးက နားစွင့်နေ၏။

ရွှေမျက်နှာက စကားဆက်လိုက်သည်။

"ခင်ဗျားက သူ့ဆီကငွေတွေကိုလည်း လုယူထားလိုက်သေးတယ်၊ သူ့ကိုလည်း တိုက်ခိုက်လွှတ်လိုက်တယ်လို့ပြောတယ်၊ ဒါ တရားသလား"

ယွင်ကြူးက အံ့အားသင့်သွားသည်။

"ဘယ်တုန်းကလဲရှင့်၊ ကျွန်မလည်း မသိရပါလား"

ရွှေမျက်နှာက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက အတော်လုပါတယ်ဗျာ၊ ဒါပေမယ့် အခုလို ကောက်ကျစ်စဉ်းလဲတာ မကောင်းပါဘူး"



ယွင်ကြူး မချိပြုံးပြုံးလိုက်သည်။

"ရှင်က ကျွန်မကို အထင်လွဲနေပြီရှင့်၊ ကျွန်မက ဘယ်သူ့ကို မှဒုက္ခမပေးတတ်ပါဘူး"

ရွှေမျက်နှာက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး…

"ခင်ဗျားတို့ မိန်းမတွေ ၂ လိမ်ပြောတဲ့နေရာမှာ တကယ်တော်ပါပေတယ်၊ ကျုပ်ကိုယ်တိုင်ကိုယ်ကျ သိထားတာတောင် လိမ်ချင်သေးတယ်"

ယွင်ကြူး၏မျက်နှာပေါ်တွင် ဒေါသရောင်များ သမ်းလာလေသည်။

"ရှင်က ကျွန်မကို သက်သက်ရန်မူဖို့လာတာလား"

ရွှေမျက်နှာက မဲ့ပြုံးပြုံးလိုက်သည်။

"မြွေဟောက်နဲ့တူတဲ့ ခင်ဗျားလိုမိန်းမကို ဆုံးမဖို့လာတာဗျ"

ယွင်ကြူးသည် မည်သို့မျှ ဒေါသကို ထိန်းချုပ်နိုင်စွမ်းမရှိတော့ပါ။

"ရှင် အခုထွက်သွားပါ။ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး"

ရွှေမျက်နှာက ရယ်မောလိုက်သည်။

"ကျုပ်ပြောပြီးပြီပဲ၊ ခင်ဗျားကို ဆုံးမဖို့လာတာ"

သူသည် စကားဆုံးသည်နှင့် ယွင်ကြူး၏ပါးကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဖြန်း"

ယွင်ကြူး၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားပြီး မြေပေါ်သို့လဲကျသွားလေသည်။

သူမ၏ပါးပြင်တစ်ခုလုံး ဖူးရောင်သွားသည့်အပြင် နှုတ်ခမ်းမှလည်း သွေးများစီးဆင်းလာသည်ကို တွေ့ရသည်။

ရွှေမျက်နှာသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် ယွင်ကြူးမှာ သိုင်းပညာ အသင့်အတင့်တတ်လိမ့်မည်ဟု မူလက ယူဆထားသည်။

ယခုမှာမူ...

ယွင်ကြူးမှာ သိုင်းပညာ လုံးဝမတတ်သော မိန်းကလေးတစ်ယောက်ဖြစ်မှန်းသိရှိလိုက်လေသည်။

သူ၏ရင်ထဲ စိတ်မကောင်းဖြစ်လာမိလေသည်။

သို့သော်...

သူသည် အလျှော့မပေးသေးဘဲ လေသံမာမာဖြင့်...

"မှတ်ထား၊ ခင်ဗျားက သိုင်းပညာမတတ်လို့သာ ကျုပ်က ခွင့်လွှတ်လိုက်တာ၊ နို့မဟုတ်ရင် ခင်ဗျားကိုသတ်ပစ်မယ် သိလား"

သူသည်ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

♣ ♣ ♣



ည...။

လရောင်များသည် အခန်းထဲသို့ ထိုးကျနေသည်။

"ဒေါင်...ဒေါင်"

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက်တိတိ ထွက်ပေါ်လာလေသည်။

ယနေ့ ရွှေမျက်နှာသည် အိပ်ရာပေါ်၌ ဟိုလှိမ့်သည်လှိမ့်ဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေ၏။

သူသည် ယွင်ကြူး၏ဖူးယောင်နေသော ပါးပြင်ကို မြင်ယောင်လာသည်။

"ငါလုပ်တာ မှားများသွားသလား"

"သူ့ကြည့်ရတာ ရက်စက်မယ့် မိန်းကလေးတစ်ယောက်တော့ မဟုတ်တန်ဘူး"

"ဒါပေမယ့် ကုန်သည်က ဘာကြောင့် သူ့နာမည်ကိုဖော်ပြောသွားရတာလဲ"

အထက်ဖော်ပြပါ မေးခွန်းများသည် သူ၏ဦးနှောက်ထဲ၌ ထပ်တလဲလဲဖြင့် တွေးနေမိသည်။

"အင်း...တစ်ခုခုတော့ တစ်ခုခုပဲ၊ သည်ကိစ္စကိုတော့ ငါ ထပ်ပြီး လေ့လာစုံစမ်းရင်ကောင်းမယ်"

သူသည် ယင်းသို့ ဆုံးဖြတ်ပြီးမှ အိပ်ပျော်သွားလေတော့သည်။

♣ ♣ ♣

မည်မျှကြာသွားမှန်းမသိ။

"ဒေါက်...ဒေါက်"

ရွှေမျက်နှာသည် အိပ်ရာမှနိုးလာသောအခါ ဆိုင်လုလင်က လာရောက် တံခါးခေါက်နေသည်ကို ကြားလိုက်ရလေသည်။

သူသည် ထထိုင်လိုက်ရင်းမှ လှမ်း၍...

"ဝင်ခဲ့"

တံခါးတွန်းဖွင့်ပြီး ဆိုင်လုလင်က အခန်းထဲသို့ ဝင်ရောက်လာသည်။

"အောက်မှာ ဧည့်သည်ရောက်နေလို့ ကျွန်တော် လာနှိုးတာပါ"

ရွှေမျက်နှာက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဧည့်သည် ဟုတ်လား၊ ဘယ်သူလဲ"

သူ့အနေနှင့် အမှောင်ကျေးရွာ၌ မိတ်ဆွေတစ်ဦးတစ်ယောက်မျှ မရှိသည်ကို သူသိထားသည်။

ထို့ကြောင့်...

သူက အံ့ဩစွာဖြင့် မေးလိုက်ခြင်းဖြစ်ပေသည်။

ဆိုင်လုလင်က ပြုံးလိုက်သည်။

"သည်ဧည့်သည်က အခြားမဟုတ်ပါဘူး၊ ကျုပ်တို့ပိုင်ရှင် ဆရာကြီးမောက်ဖုံးပါ"

"အေး...ငါ အခုလာခဲ့မယ်"

သူသည် အဝတ်အစားဝတ်ရင်း မောက်ဖုံး အဘယ်ကြောင့် သူ့ထံလာရောက်တွေ့ဆုံသည်ကို တွေးတောနေမိသည်။



သူသည် ထိုသို့ တွေးရင်း အခန်းထဲမှ လျင်မြန်စွာထွက်လာခဲ့လေသည်။

♣ ♣ ♣

"ညက အိပ်ပျော်ရဲ့လားဗျ"

မောက်ဖုံးက ရွှေမျက်နှာအား မြင်တွေ့လိုက်သည်နှင့် ထိုသို့နှုတ်ဆက်လိုက်သည်။

"ပျော်ပါတယ်ဗျာ"

မောက်ဖုံးက ပြုံးလိုက်သည်။

"ပျော်ရမှာပေါ့၊ ကျုပ်တို့ဆီလာတဲ့ ဧည့်သည်တွေဟာ စိတ်ပျော်ကိုယ်ပျော် ဖြစ်ကြရမှာပေါ့ဗျာ"

ရွှေမျက်နှာက ခေါင်းညိတ်လိုက်သည်။

"ဒါနဲ့ စောစောစီးစီး ဘာအရေးကြီးတဲ့ကိစ္စများ ရှိနေလို့လဲ"

မောက်ဖုံးက ရွှေမျက်နှာအား စိုက်ကြည့်လိုက်ပြီးမှ...

"သည်လိုပါ၊ မနေ့ညက ခင်ဗျား နတ်သမီးဂေဟာသွားတယ်ဆို"

ရွှေမျက်နှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

မောက်ဖုံးက မကျေနပ်သောလေသံဖြင့်...

"ခင်ဗျားက ဘာဖြစ်လို့ ယွင်ကြျူးကို ပါးရိုက်ခဲ့တာလဲဗျ"

ရွှေမျက်နှာက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက သည်အတွက်နဲ့ကျုပ်ဆီကို စောစောစီးစီး ရောက်လာတာကိုး"

မောက်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား သည်လို အထင်မလွဲပါနဲ့ဗျာ"

ရွှေမျက်နှာက...

"ဒါဖြင့်"

သူ၏စကားမဆုံးမီ မောက်ဖုံးက လက်ကာ၍ပာန့်တားလိုက်သည်။

"ကျုပ်ကလာပြီး ရှင်းပြမလို့ပါ"

ရွှေမျက်နှာက ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဘာတွေ ရှင်းပြမလို့လဲ"

မောက်ဖုံးက...

"မင်းမနေ့ညက ယွင်ကြျူးဆီကိုသွားပြီး အပြစ်တင်တာဟာ မင်းအမှားပဲ"

ရွှေမျက်နှာက အံ့အားသင့်သွားပြီး..

"ဘာဖြစ်လို့လဲ"

မောက်ဖုံးက လေးနက်စွာဖြင့်...

"သည်လိုပါ၊ မင်းပြောတဲ့ကုန်သည်ကိစ္စကို ငါကောင်းကောင်းသိပါတယ်"



ရွှေမျက်နှာက နားထောင်နေ၏။ မောက်ဖုံးကပြောလက်စ သူ၏စကားကို ဆက်လိုက်ပြန်သည်။

"မင်း လမ်းမှာတွေ့ခဲ့တဲ့ ကုန်သည်ဆိုတာ တကယ့်ကုန်သည်တစ်ယောက် မဟုတ်ပါဘူး။ သူက ဉာဏ်နီဉာဏ်နက်နဲ့ လောင်းကစားပြီး လိမ်စားနေတဲ့သူပါပဲ"

ရွှေမျက်နှာက စိတ်ဝင်စားလာသည်။

"သူ သည်ကိုရောက်လာတုန်းက ယွင်ကြျူးကို တွေ့ချင်တယ်ဆိုပြီး စာရင်းပေးထားတယ်လေ"

မောက်ဖုံးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်သည်။

"ဒါပေမယ့် သူဟာ ယွင်ကြျူးကိုတွေ့ဖို့လာတာမှ မဟုတ်ဘဲ နောက်ပြီး လောင်းကစားအိမ်မှာဝင်ပြီး လောင်းကစားတယ်၊ သူ အသုံးပြုနေတဲ့ ငွေလက်မှတ်နဲ့ရွှေတွေဟာ အတုတွေဖြစ်နေတယ်၊ သူလည်း အလိမ်ပေါ်သွားလို့ ထွက်ပြေးမလို့လုပ်တုန်းမှာပဲ တစ်ယောက်နဲ့တစ်ယောက် တိုက်မိုက်ကြပြီး သူကဒဏ်ရာနဲ့ ထွက်ပြေးသွားတာပဲ"

မောက်ဖုံးသည် ယင်းသို့ ရှည်လျားစွာ ရှင်းပြပြီးနောက် လက်ခုပ်တစ်ချက် တီးလိုက်လေသည်။

ဆိုင်လုလင်တစ်ယောက်က အထုပ်ကလေးတစ်ထုပ်ယူလာကာ မောက်ဖုံးအား လှမ်းပေးလိုက်သည်။

ဆိုင်လုလင်ပေးသော အထုပ်ကလေးကို မောက်ဖုံးက

ဖြည်လိုက်ပြီး...

"ဟောသည်မှာ ငွေလဲလက်မှတ်အတုနဲ့ ရွှေတုံးအတုတွေပဲ၊ မင်းကိုယ်တိုင် ကြည့်ပါလား"

ရွှေမျက်နှာသည် ထိုငွေလွှဲလက်မှတ်ကို သေချာစွာ စစ် ဆေးကြည့်လိုက်သောအခါ အတုဖြစ်မှန်းတွေ့ရလေသည်။

မောက်ဖုံးက ပြုံးလိုက်သည်။

"ခင်ဗျား အခုယွင်ကြူးနဲ့ တွေ့ခွင့်ရတာ သည်လူလိမ်ရဲ့ ကြိုတင် စာရင်းသွင်းထားတဲ့ရက် ဖြစ်နေလို့ပါ"

ရွှေမျက်နှာသည် မောက်ဖုံးက ယင်းသို့ တိတိကျကျ ဖြေ ရှင်းသည်ကို ကြားလိုက်တော့မှ သဘောပေါက်နားလည်လာသည်၊

သူသည် ယွင်ကြူးအား မဆင်မခြင်ဘဲ ခြေလွှန်လက်လွန်ခဲ့ သည်ကို စိတ်မကောင်းဖြစ်လာသည်။

"အခုလိုကြားရတာ ကျွန်တော် စိတ်မကောင်းဖြစ်မိပါတယ် ဗျာ"

မောက်ဖုံးက ပြုံးလိုက်သည်။

"အေး ခင်ဗျား အခုလို သဘောပေါက်တယ်ဆိုတာ ကြာ ရလို့ ဝမ်းသာပါတယ်"

သူသည် အသံကိုနှိမ့်လိုက်ပြီး...

"ယွင်ကြူးဟာ အတော်သနားစရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ပါဗျာ"

ရွှေမျက်နှာသည် ယင်းစကားကြားလိုက်ရသောအခါ ယွ



ကြူးထံသို့ သွားရောက်တောင်းပန်သင့်သည်ဟု ဆုံးဖြတ်လိုက်လေ သည်။

♣ ♣ ♣

ယွင်ကြူး၏ပါးပြင်သည် အနည်းငယ်မျှသာ ဖူးယောင်နေ သည်၊

သူမသည် ရွှေမျက်နှာ ဝင်ရောက်လာသည်ကို တွေ့မြင် လိုက်ရသောအခါ အနည်းငယ်မျှ ထိတ်လန့်တုန်လှုပ်ခြင်းမရှိပါချေ။

သူမသည် တည်ငြိမ်စွာဖြင့် ရပ်နေ၏။

သူမ၏မျက်လုံး အစုံမှာလည်း ရွှေမျက်နှာအား စိုက်ကြည့် နေလေသည်။

"ရှင် ကျွန်မကို ထပ်ပြီးဆုံးမဖို့ ရောက်လာပြန်တာလား"

ရွှေမျက်နှာက ခေါင်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူးဗျာ၊ ကျုပ်က တောင်းပန်ဖို့လာတာပါ၊ မနေ့ ညတုန်းက ကျုပ် မဆင်မခြင် မမေးမြန်းဘဲ လက်လွန်မိတာ တောင်း ပန်ဖို့လာတာပါ"

ယွင်ကြူးက ပြုံးလိုက်သည်။

"အခု ရှင်က နားလည်ပြီဆိုပါတော့"

ရွှေမျက်နှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

သူသည် အိတ်ထဲမှ ရွှေပြားကလေးများကို ထုတ်ယူလိုက်

ပြီး ယွင်ကြူးအား လှမ်းပေးလိုက်သည်။

"ခင်ဗျား ဒဏ်ရာရသွားတဲ့အတွက် ကျွန်တော် လျော်ကြေးပေးပါ့မယ်"

ယွင်ကြူး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဒါတွေ မလိုချင်ဘူး"

"ယူပါဗျာ၊ ခင်ဗျားက လက်မခံရင် ကျုပ်စိတ်ကောင်းနိုင်မှာ မဟုတ်ဘူးဗျ"

ယွင်ကြူးသည် သူ့အား စိုက်ကြည့်လိုက်သည်။

"ရှင်က သည်လောက်ပြောနေမှတော့ လျော်ကြေးအဖြစ် ကျွန်မ တစ်ခုတောင်းဆိုလိုက်ပါ့မယ်"

ရွှေမျက်နှာက ခေါင်းညိတ်လိုက်သည်။

"ပြောပါ၊ ကျွန်တော် လိုက်လျောဖို့ အသင့်ပါပဲ"

"ရှင်ဆန္ဒရှိမယ်ဆိုရင် ကျွန်မဆီမှာ သုံးရက်နေခဲ့ပါလားရှင်"

ထိုစကားကြားလိုက်ရသောအခါ ရွှေမျက်နှာသည် မည်သို့ပြန်ပြောရမှန်းမသိဘဲ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်တစ်ခု ခံစားလိုက်ရလေသည်။

♣ ♣ ♣



သုံးရက်ဟူသောအချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားလေသည်။

ယင်းသုံးရက်သောအချိန်တွင် ရွှေမျက်နှာနှင့် ယွင်ကြူးတို့ စစ်တုရင်ထိုးကြသည်။

ကဗျာစပ်ကြသည်။

ရွှေမျက်နှာသည် ယွင်ကြူးနှင့် သုံးရက်တိုင်တိုင် အနီးကပ်နေခွင့်ရသောကြောင့် ယွင်ကြူး၏အရည်အချင်းကို ကောင်းစွာ နားလည်လာသည်။

သူသည် ယွင်ကြူးအား လက်ထပ်ခွင့်ပင်တောင်းသည့်အဆင့်သို့ ရောက်ရှိလာသည်။

ယွင်ကြူးကလည်း ရွှေမျက်နှာအပေါ် အမှန်တကယ် လှိုက်လှိုက်လှဲလှဲ မေတ္တာရှိလာသဖြင့် ကြေးတန်းစားမယ်ဘ၀ကို ရပ်တန့်ရန် ဆုံးဖြတ်လိုက်သည်။

သူမသည် မောက်ဖုံးမှတဆင့် လုထန်းထံသို့ ခွင့်တောင်းလိုက်သည်။

သို့သော်...

လုထန်းသည် မူလက ယွင်ကြူးအား အပိုင်စီးရန်ကြံရွယ်ထားသဖြင့် ယင်းစကားကြားလိုက်ရသောအခါ သူသည် ဒေါသချောင်းချောင်းထွက်လာသည်။

ရွှေမျက်နှာ၏အကြောင်းများကို စုံစမ်းရင်း မမျှော်လင့်သောအချက်အလက်များကို ရရှိလာလေသည်။

ထို့ကြောင့် ရွှေမျက်နှာအား သတ်လိုစိတ်များ ပြင်းထန်လာလေတော့သည်။

♣ ♣ ♣

ရွှေမျက်နှာသည် မည်သူနည်း။

ထိုမေးခွန်းကို လုထန်းကောင်းစွာ သိထားပြီဖြစ်သည်။

ရွှေမျက်နှာဆိုသူမှာ ခြသေ့်ခြံဝင်း၏ ဆဋ္ဌမမြောက်သခင်လေးဖြစ်သည်။

သူ၏အမည်မှာ ထိန်ယုပင်ဖြစ်သည်။

♣ ♣ ♣

လုထန်းသည် အဘယ်ကြောင့် ထိန်ယုအား ယခုကဲ့သို့ ရက်ရက်စက်စက် သတ်ချင်ရသနည်း။

အကြောင်းမှာ ထိန်ယုသည် ယခုနှစ်များအတွင်း ဓားပြဂိုဏ်းအုပ်စုအား ဖြိုခွဲသုတ်သင်ခဲ့၍ဖြစ်သည်။

ယင်းဖြိုကွဲသွားသော ဓားပြများသည် လှိုင်ဝှက်သောအဖွဲ့တစ်ဖွဲ့သို့ စုရုံးဝင်ရောက်သွားကြသည်။

ထိုအဖွဲ့အစည်း၏ ခေါင်းဆောင်က မည်သူမည်ဝါဖြစ်သည်ကို သိသူ အလွန်ရှားသည်။



လုထန်းက ခေါင်းဆောင်အား တိုက်ရိုက်ပင် တွေ့ခွင့်ရှိထားလေသည်။

ထိုလှိုင်ဝှက်အဖွဲ့အစည်းမှာ ဒုစရိုက်အဖွဲ့ပင်ဖြစ်သည်။

♣ ♣ ♣

ရွှေမျက်နှာသည် ထိန်ယုပင်ဖြစ်သည်ကိုသိပြီး ဖြစ်သည်။

အငိုမဲ့က မည်သူနည်း။

အငိုမဲ့သည် အသက်ငါးဆယ် ကျော်ပြီဖြစ်သော်လည်း အလွန်လောဘကြီးပြီး ဩဇာအာဏာရှူး တစ်ယောက် ဖြစ်ပေသည်။

သူ၏အမည်မှာ ထိန်ချမ်းဖြစ်သည်။

သူသည် လှိုင်ဝှက်အဖွဲ့အစည်းတစ်ခု တည်ထောင်လိုက်သည်။

တိုတောင်းလှသော ဆယ်နှစ်အချိန်ကာလအတွင်း လှိုင်ဝှက်ဌာနခွဲများ တစ်ရာကျော်အထိ တိုးတက်လာသည်ကို တွေ့ရလေသည်။

သူ၏အဖွဲ့အစည်းတွင် သံမဏိစည်းကမ်းများ ချမှတ်ထားသည်။

အဖွဲ့အစည်းအတွက် အကျိုးပြုခဲ့သောအဖွဲ့သားများအပေါ် ၎င်းတို့ပြုခဲ့သော ကျေးဇူးပမာဏကိုကြည့်ကာ ထိုက်သင့်သော ဆုငွေပေးသကဲ့သို့ သစ္စာဖောက်များကိုလည်း ရက်စက်စွာ ဖြစ်ဒဏ်

ပေး၏။

ထို့ကြောင့် သူတို့အဖွဲ့သည် အလွန်လျို့ဝှက်ပြီး သူတို့၏ လှုပ်ရှားမှုမှာ လုံးဝမပေါက်ကြားဘဲရှိသည်။

အဆင့်မြင့်သော ခေါင်းဆောင်အဖွဲ့သား အနည်းငယ်မှ အပ ကျန်သော အဖွဲ့သားများအနေဖြင့် သူတို့၏ခေါင်းဆောင် မည်သူဖြစ်သည်ကို မသိကြပါ။

သို့သော်...

မည်သည့် မတရားသောလုပ်ရပ်က မည်မျှပင် ပိပိရိရိလုပ်ဆောင်စေကာမူ နောက်ဆုံးတစ်နေ့ ပေါ်စမြဲဖြစ်သည် မဟုတ်ပါလော။

♣ ♣ ♣



## လက်ရှုံး

အမှောင်ကျေးရွာတွင် မောက်ဖုံးမှာ လုထန်း၏အယုံကြည်ရဆုံးသော လက်ရုံးတစ်ဆူပင်ဖြစ်သည်ကို လူတိုင်းသိရှိထားကြသည်။

သို့သော်...

ယခုအခါ၌ လုထန်းက မိမိအပေါ် လုံးဝမယုံကြည်ကြောင်း မောက်ဖုံးက သဘောပေါက်ထားသည်။

အမှန်မှာ လုယန်းက မောက်ဖုံးအား အလွန်ယုံကြည်သည်မှာမှန်သည်။

သို့သော်...

မောက်ဖုံးမှာ လုထန်း၏အားအထားရဆုံးသော လက်ရုံးတစ်ဆူဖြစ်သည်ဟု ယူဆထားလျှင်မူ မဟာအမှားပင်ဖြစ်ပေမည်။

ဥပမာ...

ကြီးမားသော သစ်ပင်တစ်ပင်တွင် အမြစ်များရှိသည် မဟုတ်ပါလား။

မောက်ဖုံးသည် ထိုများစွာသော အမြစ်များထဲမှ တစ်ချောင်းမျှသာဖြစ်သည်။

ထိုအမြစ်မှာလည်း မြေပေါ်တွင်ပေါ်နေသဖြင့် လူတိုင်းက တွေ့မြင်ထားခြင်းပင်ဖြစ်သည်။

သို့သော် ယင်းအမြစ်သည် အဓိက အမြစ်မဟုတ်ပါ။

တကယ်တန်း ထိုသစ်ပင်အား ရပ်တည်နေနိုင်သောအမြစ်များမှာ ပို၍အမြစ်ကြီးပြီး ပို၍အားရှိနေ၏။

၎င်းတို့မှာ မြေထဲမြုပ်နေသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မမြင်တွေ့ရပေ။

ထို့ကြောင့်...

မောက်ဖုံးကဲ့သို့သော လူမျိုးသည် ဈေးဟောင်းပစ္စည်း အရောင်းဆိုင်၏အလှပြဗီရိုထဲ၌ ပြသထားသောပစ္စည်းတစ်ခုမျှသာဖြစ်သည်။

တကယ်တန်း တန်ဖိုးရှိသောဈေးဟောင်းပစ္စည်းများမှာ ဆိုင်ရှင်၏ အလုံခြုံဆုံးသောနေရာတွင် ဆက်လက်လျှို့ဝှက်သိမ်းဆည်းထားသည်နှင့် တူလှပေသည်။

♣ ♣ ♣



လုထန်းက သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။

ထို့အပြင်...

အဆင့်မြင့်သိုင်းသမား တစ်ယောက်လည်းဖြစ်သည်။

သူ၏သိုင်းပညာရပ်များသည် မည်မျှအထိ အဆင့်မြင့်မားနေသည်ကို မည်သူကမျှ မသိပေ။

မခန့်မှန်းနိုင်ကြပေ။

အကြောင်းမှာ...

သူသည် တစ်ကြိမ်တစ်ခါမျှ တိုက်ခိုက်ခြင်းမရှိခဲ့သောကြောင့် ဖြစ်သည်။

ဤသို့ဆိုလျှင် လုထန်းမှာ ရန်သူမရှိ၍လော။

မဟုတ်ပါ။

နှစ်နှစ်အချိန် အတောအတွင်း၌ လုထန်းထံသို့လာရောက်ရန်ရှာသော လူပေါင်းများစွာရှိသည်။

သို့သော်...

လုထန်းကိုယ်တိုင်က တစ်ကြိမ်မျှသာ ရင်ဆိုင်ခဲ့သည်။

ကျန်သော အချိန်မှာမူ...

သူ၏အနီရောင်ဓားသမားများက ရင်ဆိုင်ဖြေရှင်းပေးလေသည်။

လုထန်း၏ အနီးအပါးတွင် အနီရောင်ဝတ်ဆင်ထားသော ဓားသမားများ အမြဲတမ်း စောင့်ကြပ်နေလေ့ရှိပေသည်။

သူတို့၏ရုပ်သွင် ဟန်မူရာမှာ ရက်စက်ကြမ်းကြုတ်ကြကာ

အချို့မရွေး တိုက်ခိုက်လိုသည့်ဆန္ဒရှိသည်။

သူတို့ ထမင်းစားသောက်သောအခါမှာလည်း ထမင်းများအား ရန်သူများပမာ အံကြိတ်၍စားတတ်ကြလေသည်။

ထိုကဲ့သို့သော လူများကို မောက်ဖုံးက အတတ်နိုင်ဆုံးရှောင်တိမ်းနေ၏။

ထို့ထက် ပိုဆိုးသည်ကား လက်ရုံးနှစ်ဆူပင် ဖြစ်သည်။

ထိုလူနှစ်ယောက်သည် စကားအလွန်နည်းသောလူများဖြစ်သည်။

သူတို့သည် ထစ်ခနဲဆိုလျှင် ခါးတွင်ချိတ်ထားသော ဆောင်ဓားဖြင့် လူသတ်သောအကျင့်ရှိကြလေသည်။

ထိုလူနှစ်ယောက်အနက် အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိသောလူ၏အမည်မှာ ရှထိကျင်းဖြစ်သည်။

အသက်သုံးဆယ်ခန့်ရှိသော လူ၏အမည်မှာ ဖန်းကျင်ပင်ဖြစ်သည်။

သူတို့သည် လုထန်း၏အပါးတော်မြဲလည်း ဖြစ်သည်။

လုထန်းက ဒေါသထွက်လာသောအခါ သူတို့သည် လုထန်းကိုယ်စား လုထန်းအလိုကျ လူသတ်ပေးကြလေသည်။

♣ ♣ ♣



မောက်ဖုံးသည် အနီရောင်ဓားသမားများအား မြင်လိုက်သည်နှင့် ရင်ထိတ်သွားလေသည်။

သူ့အနေနှင့် အသက်အန္တရာယ်ရှိလာသည်ဟု စိတ်ထဲတွင် ခံစားလိုက်ရလေသည်။

သူသည် အသက်ကြီးရင့်လာသည်ဖြစ်သော်လည်း မသေချင်သေးပါ။

ယခု သူသည် လုထန်း ဒေါသကြီးနေသည်ကိုမြင်တွေ့လိုက်ရသောအခါ မိမိအသက်သည် အန္တရာယ်နှင့် နီးလာပြီဟုလည်း ထိတ်လန့်စွာ ခံစားလိုက်ရလေသည်။

♣ ♣ ♣

လုထန်းက သူ့အားစိုက်ကြည့်နေ၏။

သူသည် စကားတစ်ခွန်းမျှ မပြောပါ။

အတန်ကြာမှ...

သူသည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

မောက်ဖုံး၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာလေသည်။

လုထန်းပြောလာမည့် စကားကို ရင်တထိတ်ထိတ် ဖြစ်လာလေသည်။

လုထန်းက သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီးမှ မောက်

ဖိုးအား စိုက်ကြည့်လိုက်သည်။

"ကြေးစားတွေရဲ့အလောင်းကို မင်းကြည့်ချင်သလား"

မောက်ဖိုးသည် စကားမပြောဝံ့သဖြင့် ခေါင်းညိတ်ပြလိုက်သည်။ လုထန်းက စကားဆက်လိုက်၏။

"သူတို့အလောင်း ဘယ်မှာရှိတယ်ဆိုတာ မင်းသိသလား"

မောက်ဖိုး ခေါင်းခါယမ်းလိုက်သည်။

လုထန်းက ထပ်မံပြောလိုက်ပြန်သည်။

"သူတို့အလောင်းက ယွင်ကြူးအခန်းထဲမှာ ရှိလိမ့်မယ်"

"ဗျာ"

မောက်ဖိုးက အံ့သြသွားသည်။

ယွင်ကြူးဆိုသူမှာ နတ်သမီးဂေဟာတွင် လူတိုင်းကြိုက်သော နှင်းဆီနိုင်ဖြစ်သည်။

အလွန်ချောမောပြီး အလွန်ကျော်ကြားသော ကြေးစားမယ်တစ်ယောက်ပင်ဖြစ်၏။

လုထန်း သက်ပြင်းချလိုက်သည်။

"မင်း သိပ်အံ့သြသွားသလား"

မောက်ဖိုးက ပြန်မေးလိုက်သည်။

"ယွင်ကြူးကော"

လုထန်းက မောက်ဖိုးအား စိုက်ကြည့်ကာ...

"သူ ဒီနေ့ဖျားနေတယ်၊ ဒါကြောင့် အိမ်ခန်းထဲမှာ အနားယူနေတယ်"



မောက်ဖိုးက မျက်မှောင်ကုပ်သွားသည်။

"သူက..."

သူ၏စကား မဆုံးမီ လုထန်းက ပြုံးပြလိုက်သည်။

"သူ့ရဲ့ရောဂါကတော့ နှလုံးရောဂါပါပဲ"

မောက်ဖိုး မျက်မှောင်ကုပ်သွားသည်။

"နှလုံးရောဂါ ဟုတ်လား"

လုထန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ဒီရောဂါကို အသည်းကွဲရောဂါလို့လည်း ခေါ်ရင်ရပါတယ်"

ထိုအခါ...

မောက်ဖိုးက လုထန်း၏စကားကြောင့် မျက်မှောင်ကုပ်သွားမိသည်။

❖ ❖ ❖

ယွင်ကြူး၏အကြောင်းကို မောက်ဖိုးက သိထားသည်။

ယွင်ကြူးက တကယ် နေထိုင်မကောင်းဖြစ်နေသည်မှာ အချိန်အတော်ပင် ကြာပြီဖြစ်သည်။

သူမ၏ရောဂါမှာလည်း လုထန်းပြောသည့်အတိုင်း အသည်းကွဲရောဂါဖြစ်သည်။

သူမသည် အလွန်ရုပ်ချောသော လူငယ်သိုင်းသမားအပေါ်

မေတ္တာမျှခဲ့သည်။

လုထန်းသည် ထိုအကြောင်းကို သိလိုက်သောအခါ မကြည့်ရက်တော့ဘဲ ဆေးတစ်လုံးတိုက်ကျွေးခဲ့သည်။

သူကိုယ်တိုင် ဖော်စပ်ထားသော အဆိပ်ဆေးလုံးပင်ဖြစ်သည်။

♣ ♣ ♣

မောက်ဖုံးသည် ယွင်ကြူးအား မြင်တွေ့ခဲ့ဖူးသည်။

သို့သော်...

သူသည် နတ်သမီးဂေဟာသို့ တစ်ကြိမ်တစ်ခါမျှ မလာခဲ့ဖူးပေ။

စိတ်ပင် မကူးခဲ့မိပေ။

ထိုနေရာသည် သူလာသင့် လာထိုက်သောနေရာ မဟုတ်ပါချေ။

ယွင်ကြူးသည် အလွန်လှပသော်လည်း ကလက်ခြင်းမရှိပါ။

ရိုးရိုးအေးအေးသာပင် ဖြစ်သည်။

သူမ၏မျက်နှာသည် သစ်ခွပန်းကဲ့သို့ သန့်ရှင်းလှပနေ၏။

သူမသည် နတ်သမီးဂေဟာသို့ ရောက်လာသည်မှာ တစ်နှစ်တိတိရှိခဲ့ပေပြီ။

သို့သော်...



သူမက လူတစ်ယောက်ကိုသာ တကယ်ချစ်မိခဲ့လေသည်။

ထိုလူသည် အသက်မကြီးလှသေးပါ။

သူ၏မျက်နှာပေါ်မှာလည်း ပါးရည်များတွန့်ခြင်း မရှိပါ။

ယွင်ကြူးသည် ထိုလူငယ်အား မမေ့ပါ။

မောက်ဖုံးကလည်း ထိုလူငယ်ကို ကောင်းစွာမှတ်မိထားသည်။

အကြောင်းမှာ...

ထိုလူငယ်၏အမည်မှာ အလွန်ထူးဆန်းသောကြောင့်ပင်ဖြစ်သည်။

သူ၏အမည်ကား 'ရွှေမျက်နှာ' ပင်ဖြစ်သည်။

♣ ♣ ♣

ယွင်ကြူး၏အခန်းသည် မူလက အလွန်သပ်ရပ်လှပပြီး မွှေးကြိုင်သောအနံ့များ ပြည့်လျက်ရှိသော အခန်းတစ်ခန်းဖြစ်သည်။

ယခုမှာမူ...

ယွင်ကြူး၏အခန်းမှ လွင့်ပျံ့လာသော အနံ့အသက်များသည် နှာခေါင်းမခံနိုင်လောက်အောင် ဆိုးဝါးနေ၏။

မူလက သပ်ရပ်သန့်ရှင်းသော အခန်းမှာလည်း အကျည်းတန်မြင်ကွင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

အခန်းထဲ၌ ကြေးစားကိုးယောက်၏ အလောင်းများ တန်းစီချထားသည်။

မောက်ဖုံးသည် ထိုအလောင်းများအား မျက်တောင်မခတ်ကြောင်၍ကြည့်နေ၏။

လုထန်း၏ မျက်လုံးအစုံသည် အေးစက်စွာဖြင့် သူ့အားကြည့်နေ၏။

သူ၏ဟန်မူရာမှာ ဒသမမြောက် အလောင်းအား စိုက်ကြည့်နေသည့်ပုံ ဖြစ်သည်။

အတန်ကြာမှ လုထန်း၏အသံ ထွက်ပေါ်လာ၏။

"ဒီတစ်ကြိမ် အလုပ်ကိစ္စကို မင်းက လက်ခံထားတယ်မဟုတ်လား"

သူ၏အသံမှာ အေးစက်ခက်ထန်လှသည်။

မောက်ဖုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်...ဟုတ်ပါတယ်"

လုထန်းက...

"မင်း သေသေချာချာ မလေ့လာခဲ့ဘူးလား"

မောက်ဖုံး ခေါင်းယမ်းလိုက်သည်။

လုထန်း၏မျက်နှာ ပို၍ခက်ထန်လာသည်။

"ဘာဖြစ်လို့လဲ"

"သူသတ်ရမယ့်လူက တစ်ယောက်ထဲပါ၊ ကျုပ်တို့လူ ကိုးယောက်ကိုငှားတယ်ဆိုတော့ လေ့လာစရာမလိုတော့ဘူး ထင်လို့ပါ"



လုထန်း မဲ့ပြုံးပြုံးလိုက်သည်။

"အေး မင်း အထင်ကောင်းတာနဲ့ သူတို့ဟာ အသက်မရှိဘဲ ပြန်လာကြရတယ်"

မောက်ဖုံးက ဆက်လက်၍ ဆင်ခြေမပေးနိုင်တော့ပေ။

လုထန်း ဒေါသထွက်နေသောအခါမျိုး၌ ဆင်ခြေပေး၍ ငြင်းပယ်နေခြင်းမှာ မည်သို့မျှ အကြောင်းထူးမည် မဟုတ်ကြောင်း သူသိထားသည်။

ထို့ကြောင့်...

သူက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

♣ ♣ ♣

အခန်းတစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်သွားသည်ဟု ခံစားလိုက်ရသည်။

အတန်ကြာမှ လုထန်းက ထိုအလောင်းများအနက် အလောင်းတစ်ခုအား ညွှန်ပြလိုက်သည်။

"သူက ဘယ်လိုဒဏ်ရာနဲ့ သေသွားရတယ်ဆိုတာ မင်းသိသလား"

မောက်ဖုံးက ထိုအလောင်းအား စူးစိုက်သေချာစွာ ကြည့်လိုက်သည်။

ထိုအလောင်း၏မျက်နှာအား ကြည့်ရှုမိလိုက်သောအခါ

ငှင်းမျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်သည့် အရိပ်အယောင်များ ပေါ်လွင်နေသည်ကို တွေ့ရလေသည်။

ထိုကြေးစား၏အမည်မှာ 'မိုးတာ' ဖြစ်သည်။

မိုးတာ၏အစွမ်းအထက်ဆုံးသော သိုင်းပညာမှာ ကျောက်လက်ဝါးဖြစ်သည်။

သူသည် လူသတ်သောအခါ သူ၏လက်ဝါးဖြင့် တစ်ဘက်လူ၏နောက်စေ့ကို ရိုက်ချလေ့ရှိသည်။

သူ၏လက်ဝါးသည် ကျောက်သားကဲ့သို့ မာကျောသည်။

လူတစ်ယောက် မဆိုထားနှင့် နွားတစ်ကောင်ပင် သူ၏လက်ဝါးအား ခံနိုင်ရည်မရှိပေ။

♣ ♣ ♣



မောက်ဖုံးက သေချာစွာကြည့်နေ၏။

သို့သော်...

မိုးတာ၏ကိုယ်ပေါ်၌ မည်သည့်ဒဏ်ရာမျှ မတွေ့ရပေ။

ထိုစဉ်...

လုထန်းက ရုတ်တရက် အလောင်းအား မှောက်သွားအောင် လှည့်လိုက်သည်။

အလောင်းသည် မှောက်လျက်သားဖြစ်သွား၏။

ယခု သူသည် မိုးတာ၏နောက်စေ့အား ထင်ထင်ရှားရှား တွေ့ရှိရလေသည်။

သူ၏နောက်စေ့တစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာ ကြေမွနေသည်ကို တွေ့လိုက်ရသည်။

မောက်ဖုံး ထိတ်လန့်သွားသည်။

လုထန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းတွေ့ပြီ မဟုတ်လား"

မောက်ဖုံး ခေါင်းညိတ်ပြလိုက်၏။

လုထန်းက စကားဆက်လိုက်သည်။

"သူက ဘယ်သူ့လက်ချက်နဲ့ သေဆုံးသွားရတာလဲ"

မောက်ဖုံးက တုန်တုန်ယင်ယင်ဖြင့်...

"ကျောက်လက်ဝါး"

ဟုတ်ပါသည်။

မိုးတာသည် ကျောက်လက်ဝါးရိုက်ချက်ဖြင့် သေဆုံးသွားရ

သည်မှာ အလွန်အံ့သြဖွယ် ကောင်းလှပေသည်။

လုထန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်၊ သူ အလွန်ဂုဏ်ယူခဲ့တဲ့ ကျောက်လက်ဝါးနဲ့ သေဆုံးသွားရတာပဲကွ"

သူသည် ပြောပြောဆိုဆို အခြားအလောင်းတစ်ခုကို ညွှန် ပြလိုက်ပြန်သည်။

"ဒီအလောင်းကိုလည်း ကြည့်လိုက်စမ်းပါ"

မောက်ဖုံး သက်ပြင်းချလိုက်သည်။

သူသည် လုထန်းညွှန်ပြသော အလောင်းအား သေသေချာ ချာကြည့်လိုက်ပြန်သည်။

ထိုလူ၏အမည်မှာ 'ရှောင်ဝူး' ဖြစ်သည်။

ရှောင်ဝူး၏လက်နက်မှာ ပေါက်ဆိန်ဖြစ်သည်။

သူသည် တစ်ဘက်လူအား ယင်းပေါက်ဆိန်ဖြင့် ရင်ဘတ် ကို ခွဲတတ်ပေသည်။

သို့သော်...

မောက်ဖုံးသည် ရှောင်ဝူး၏အလောင်းကို တွေ့မြင်လိုက်ရ သောအခါ ထိတ်လန့်တုန်လှုပ် သွားပြန်လေသည်။

အကြောင်းမှာ...

ရှောင်ဝူး၏ရင်ဘတ်၌ ကြီးမားသော ပေါက်ဆိန်ရာကြီးကို တွေ့ရသောကြောင့် ဖြစ်သည်။

လုထန်းက သက်ပြင်းတစ်ချက် ချလိုက်၏။



"တွေ့လား၊ အခု သူ့ရဲ့ရင်ဘတ်ကိုလည်း ပေါက်ဆိန်က ထိုးခုတ်ထားတယ်လေ"

ကြေးစားကိုးယောက်...။

သူတို့၏အလောင်းများပေါ်၌ မတူညီသောဒဏ်ရာ ဒဏ် ချက်များ စုစုပေါင်းကိုးမျိုးရှိနေ၏။

မောက်ဖုံးသည် ထိုအလောင်းများကိုကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်း ကျောချမ်းလာ၏။

အကြောင်းမှာ...

ထိုကြေးစားကိုးယောက်တို့ရရှိသော ဒဏ်ရာများမှာ သူတို့ အကျွမ်းကျင်ဆုံးသော တိုက်ကွက်များပင်ဖြစ်သည်။

မောက်ဖုံးသည် မိမိ၏မျက်လုံးများကိုပင် ယုံကြည်နိုင်ရန် ခဲယဉ်းနေ၏။

သို့သော်...

လက်တွေ့က အဖြစ်မှန်ဖြစ်နေ၏။

မယုံကြည်၍ မရတော့ပါ။

ခက်ထန်သော လုထန်း၏မျက်နှာသည် အနည်းငယ်ပျော့ ပျောင်းလာသည်။

"မင်း အခု သေသေချာချာမြင်ရပြီ မဟုတ်လား"

မောက်ဖုံး ခေါင်းညိတ်ပြလိုက်သည်။

လုထန်းက...

"မင်း ဘယ်လိုယူဆသလဲ"

မောက်ဖုံး သက်ပြင်းချလိုက်သည်။

"သူတို့ကိုကြည့်ရတာ ကိုယ့်ကိုကိုယ် သတ်သေကြပုံပဲ"

"ကိုယ့်ကိုကိုယ် သတ်သေတယ် ဟုတ်လား"

မောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကတော့ ဒီလိုယူဆရမှာပဲ"

လုထန်းက အေးစက်စက်ဖြင့်...

"မင်းက ဘာကြောင့် ဒီလိုယူဆရတယ်ဆိုတာ ရှင်းပါဦး"

မောက်ဖုံးက အနည်းငယ် စဉ်းစားလိုက်ပြီးနောက်...

"ဒီလိုပါ၊ သူတို့ကိုယ်တိုင်ကလွဲလို့ သူတို့ရဲ့သိုင်းပညာနဲ့သူတို့ကို တပြိုင်တည်းသတ်နိုင်မှာ မဟုတ်ဘူးလို့ ယူဆထားလို့ပါ"

လုထန်းက ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာသွားတော့မှ..

သူသည် သက်ပြင်းတစ်ချက် ဖြည်းဖြည်းချင်းချလိုက်သည်။

"ဘာဖြစ်လို့ သူတို့က ကိုယ့်ကိုကိုယ် သတ်သေရတာလဲကွ"

ဟုလည်း မေးလိုက်သည်။

ထိုအခါ...

မောက်ဖုံးက အဖြေမပေးနိုင်တော့ပေ။

လုထန်း၏မျက်နှာသည် ခက်ထန်မာကျောလာပြန်လေသည်။

လူသတ်လိုသော အရိပ်အငွေ့များလည်း ပေါ်ထွက်လာလေသည်။



သူသည် အေးတိအေးစက် လေသံဖြင့်...

"သူတို့ ဘယ်လိုပဲ သေသွားသည်ဖြစ်စေ၊ သေတာကတော့ သေကုန်ကြပြီပဲ မဟုတ်လား"

မောက်ဖုံး၏ ခန္ဓာကိုယ်သည် တုန်ခါသွားသည်။

သူ၏ခြေထောက်များသည် မတ်တတ်ရပ်ရန်ကိုပင် အားအင်ချိနဲ့နေသယောင် ထင်မှတ်လာရသည်။

လုထန်းက...

"မောက်ဖုံး မင်းလမ်း မင်းရွေးထားတဲ့နောက်တော့ ငါလည်း ဘာမှမတတ်နိုင်တော့ဘူး"

အေးတိအေးစက်လေသံဖြင့် ပြောကာ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

## သေမိန့်

လုထန်းက အခန်းထဲမှ ထွက်ခွာသွားပြီ ဖြစ်သည်။

သို့သော်...

ရှထိကျင်းနှင့်ဖန်းကျင်တို့သည် အခန်းထဲ၌ ရပ်လျက်ပင်ရှိနေကြသေး၏။

မောက်ဖုံးက လုထန်း၏ သဘောကို အပြည့်အဝ နားလည်ထားသည်။

လုထန်း၏ ကြေးစားကိုးယောက်စလုံး သေဆုံးသွားပြီ ဖြစ်သည်။

ထို့ကြောင့် မိမိအား သူတို့အဖို့ မည်သို့မျှ အသုံးချ၍မရတော့မှန်း သိ သွားပြီဖြစ်သည်။

ထို့အပြင်...

ကြေးစားကိုးယောက် သေဆုံးသွားရသည်မှာ မောက်ဖုံး၌ ကြီးလေးသော အပြစ်ရှိသည်ဟု လုထန်းက ယူဆထားလေသည်။



လုထန်းသည် သူ၏လက်အောက်ငယ်သားများ အမှားအယွင်းပြုမိသောအခါ သူသည် မည်သည့်အခါမျှ ခွင့်လွှတ်ခြင်းမရှိခဲ့ချေ။

အမှားအယွင်းလုပ်မိသော လက်အောက်ငယ်သားများအား သေမိန့်ပေးတတ်သည် မဟုတ်ပါလား။

♣ ♣ ♣

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

မောက်ဖုံးသည် ရှထိကျင်းနှင့်ဖန်းကျင်တို့အား တစ်ချက်လှမ်းကြည့်လိုက်သည်။

ရှထိကျင်းတို့သည် မလှုပ်မယှက် ရပ်လျက်ရှိနေကြသည်။

သူတို့သည် ဓားဆွဲထုတ်ခြင်းမရှိပါ။

မောက်ဖုံးအား တိုက်ခိုက်ရန်လည်း စိတ်မကူးကြပါချေ။

အကြောင်းမှာ....

သူတို့သည် မောက်ဖုံးအနေနှင့် မည်သို့လုပ်သင့်သည်ကို နားလည်သည်ဟု ယူဆထားကြ၏။

မှန်ပေသည်။

မောက်ဖုံးကလည်း သူ့ကိုယ်သူ မည်သို့လုပ်ရမည်ကို သိထားလေသည်။

ယခု...

သူသည် အကောင်းဆုံးလုပ်ရမည်မှာ ကိုယ့်ကိုကိုယ် သတ်သေရန်ပင် ဖြစ်လေသည်။

သူသည် အလောင်းများ ပြည့်နှက်နေသောအခန်းထဲ၌ ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ဘဝင်မကျလှပေ။

သို့သော်...

ဤနည်းလမ်းမှလွဲ၍ ကောင်းသောနည်းလမ်းမရှိတော့ပါချေ။

ရှထိကျောင်းနှင့်ဖန်းကျင်တို့၏ သိုင်းပညာများသည် မည်မျှအဆင့်ရှိသည်ကို သူက ကောင်းစွာသိရှိထားပေသည်။

သူသည် တစ်ယောက်ချင်း ရင်ဆိုင်ရသည့်တိုင်အောင် သူတို့နှစ်ယောက်စလုံးကို ယှဉ်နိုင်မည်မဟုတ်မှန်း သူသိထားသည်။

သူသည် မိမိအကြောင်း မိမိသိထားသည်မှာ အကောင်းဆုံးဖြစ်ကြောင်း နားလည်ထားသည်။

မောက်ဖုံးသည် ကိုယ့်အကြောင်းကိုယ် သိထားသော လူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်...

သူသည် ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ဓားကိုဆွဲထုတ်လိုက်သည်။

သို့သော်...

လူတစ်ယောက် သူ၏လက်ကောက်ဝတ်အား ရုတ်တရက်တင်းကြပ်စွာ ဖမ်းဆုပ်ထားလိုက်သည်။



"ဟင်"

မောက်ဖုံးက အံ့အားသင့်သွားပြန်သည်။

သူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားသူမှာ ရှထိကျောင်းပင် ဖြစ်ပေတော့သည်။

♣ ♣ ♣

ရှထိကျောင်း၏ မျက်နှာသည် ခါတိုင်းအချိန်ကဲ့သို့ ရက်စက်ကြမ်းကြုတ်ပြီး ရင့်ရော်နေ၏။

မည်သူမဆို သူ၏မျက်နှာအား ကြည့်လိုက်မိရုံနှင့် သေဒဏ်သင့်သော တရားခံအား ခေါင်းဖြတ်သော အာဏာသားနှင့်တူလှသည်။

မောက်ဖုံး မျက်နှာပျက်သွားသည်။

ဒေါသလည်း ထွက်သွား၏။

ရှထိကျောင်းအားကြည့်ကာ...

"ဘယ်လိုလဲ၊ ကျုပ်ကိုယ်ကျုပ် သတ်သေတာတောင် မင်းတို့က လက်မခံဘူးလား"

ရှထိကျောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားလို ဒုစရိုက်သမားတစ်ယောက်က ဒီထက်ပိုဆိုးပြီးမှ သေသင့်တာဗျ"

မောက်ဖုံးက အံတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်က မင်းနဲ့ရန်ငြိုးမှ မရှိဘဲ"

ရှထိကျင်းက အေးစက်မာကျောသောလေသံဖြင့်...

"ရှိတယ်"

မောက်ဖုံး လွန်စွာအံ့ဩသွား၏။

"ဘာ မင်းနဲ့ငါနဲ့ ရန်ငြိုးရှိတယ် ဟုတ်လား"

ရှထိကျင်းက ခပ်ပြတ်ပြတ်လေသံနှင့်...

"ဟုတ်တယ်"

မောက်ဖုံးက မကျေမနပ်လေသံနှင့် မေးလိုက်သည်။

ရှထိကျင်းက အံတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားက ကျုပ်အဖော်ကို သတ်လိုက်လို့လေ"

"ဟင်"

မောက်ဖုံး ပို၍အံ့ဩသွားသည်။

ရှထိကျင်းအားကြည့်ကာ...

"ကျုပ်က ဘယ်သူ့ကို သတ်မိလို့လဲ"

ရှထိကျင်းက လေသံပြတ်ဖြင့်...

"ဖန်းကျင်ပေါ့"

ဟုပြောလိုက်သည်။

သူ၏စကားကြောင့် မောက်ဖုံးသာမက အနီးတွင်ရပ်နေသော ဖန်းကျင်ပါ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့သည်။

♣ ♣ ♣



မောက်ဖုံးက ဖန်းကျင်ကို အမှန်တကယ်ပင် သတ်မိ၍လော။

မဟုတ်ပါ။ ဖန်းကျင်က အသက်ရှင်လျက်ဖြင့် ဤအခန်းထဲ၌ပင် ရပ်နေသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ရှထိကျင်းက အဘယ်ကြောင့် ဤစကားကို ပြောရပါသနည်း။

မောက်ဖုံးက ဖန်းကျင်ကိုတစ်လှည့် ရှထိကျင်းအားတစ်လှည့် ကြောင်ငေး၍ကြည့်နေ၏။

ဖန်းကျင်ကလည်း ရှထိကျင်းအား ကြောင်၍ငေးစိုက်ကြည့်နေ၏။ အတန်ကြာမှ ဖန်းကျင်က မေးလိုက်သည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ"

ရှထိကျင်းက ပခုံးတွန့်ကာ...

"ကျုပ်ပြောတာ ခင်ဗျားတို့ နားမလည်ဘူးထင်တယ်"

မောက်ဖုံးက ဖန်းကျင်အား ညွှန်ပြကာ...

"မင်းရူးနေသလား၊ ဖန်းကျင်က ဒီမှာရှိနေတယ်ဆိုတာ မင်းမတွေ့ဘူးလား"

ရှထိကျင်း၏မျက်နှာ တည်သွား၏။

"တွေ့သားပဲ၊ သူအခု သေနေပြီ မဟုတ်လား"

စကားဆုံးလျှင် ဓားတိုတစ်လက်ကို လျှပ်တပြက် ထုတ်ယူကာ ဖန်းကျင်၏ရင်ဝသို့ ထိုးသွင်းလိုက်လေတော့သည်။

♣ ♣ ♣

## အယောင်ဆောင်

ထက်မြက်သောဓားတိုသည် ဖန်းကျင်၏ရင်ဝသို့ ထိုးဖောက်သွားပြီ ဖြစ်သည်။

အသံလုံးဝ မထွက်ပါ။

ဖန်းကျင်သည် လုံးဝပင် မအော်နိုင်ဘဲ ကြမ်းပေါ်သို့ဘုန်းခနဲလဲကျသွားသည်။

ရှထိကျင်း၏တိုက်ခိုက်မှုသည် လျင်မြန်တိကျလှပေသည်။

တစ်နည်းဆိုရလျှင် ဖန်းကျင်က ရှထိကျင်း ယင်းကဲ့သို့ ရက်စက်လိမ့်မည်ဟု မျှော်လင့်မထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့်...

ဖန်းကျင်သည် ရှန်းကန်အော်ဟစ်ခြင်း အလျဉ်းမပြုနိုင်တော့ဘဲ မြေပေါ်သို့လဲကျကာ ငြိမ်ကျသွားတော့သည်။



မောက်ဖုံးသည် အံ့အားသင့်ကာ ကြောင်အမ်းအမ်းဖြင့် ရပ်နေ၏။

ရှထိကျင်းက အဘယ်ကြောင့် ဖန်းကျင်အား သတ်ရသည်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။

ရှထိကျင်းက မောက်ဖုံးအား...

"တွေ့လား၊ ဖန်းကျင် သေသွားပြီလေ"

သူသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး စကားဆက်လိုက်သည်။

"ဒါပေမယ့် ခင်ဗျားကသတ်တာ မဟုတ်ပါဘူး၊ ကျုပ်ကသာ လူသတ်တရားခံပါ"

မောက်ဖုံးက သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

"ဟုတ်ပါတယ်၊ မင်းကကော ဘယ်သူလဲ"

ရှထိကျင်းသည် သူ၏မျက်နှာပေါ်မှ သားရေတုတစ်ထပ်အား ခွာလိုက်လေသည်။

"ကျုပ်က ရှထိကျင်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်က ရှထိကျင်းရဲ့မျက်နှာကို ပုံတူလုပ်ပြီးတပ်ထားတာပါ"

မောက်ဖုံးက မည်သို့မျှ စဉ်းစား၍မရနိုင်အောင် ဖြစ်သွားလေသည်။

ဤလူသည် မောက်ဖုံး၏အသက်ကို ကယ်တင်လိုက်ခြင်းပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူသည် မောက်ဖုံးအနီးရှိ ဖန်းကျင်

ကို လုပ်ကြံလိုက်သည်။

ရှထိကျင်းအစစ်က သေဆုံးသွားပြီဖြစ်သည်ဟု ယုံကြည်လိုက်မိသည်။

သို့သော်...

ရှထိကျင်းအဖြစ် ဟန်ဆောင်သောလူသည် မည်သူဖြစ်ပါသနည်း။

မောက်ဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ပြောစမ်းပါဦး၊ မင်းက ဘယ်သူလဲ"

ရှထိကျင်းအတုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိစရာ မလိုပါဘူး"

ယခုတစ်ကြိမ်တွင်လည်း မောက်ဖုံးက ခေါင်းညိတ်လိုက်ပြန်သည်။

ရှထိကျင်းအတုက စကားဆက်လိုက်ပြန်သည်။

"ခင်ဗျားက ကျုပ်ကို တစ်ခုကူညီမယ်ဆိုရင် ဒီနေရာက ခင်ဗျားအသက်ရှင်ပြီး လွတ်မြောက်နိုင်ဖို့ ကျုပ်တာဝန်ယူတယ်"

မောက်ဖုံးက ခေါင်းညိတ်လိုက်ရပြန်သည်။

ယခုကဲ့သို့အချိန်မျိုးတွင် သူသည် ခေါင်းညိတ်ရုံမှအပ မည်သို့ပြုလုပ်နိုင်အံ့နည်း။

♣ ♣ ♣



ရှထိကျင်းက ခေါင်းတညိတ်ညိတ်ဖြင့် မောက်ဖုံးအား စိုက်ကြည့်နေလိုက်၏။

"ခင်ဗျားမှာ အသက်ကယ်ဆေးလုံးရှိနေတယ်လို့ ကြားတယ်၊ ခင်ဗျားက သက်ရှင်နေချင်သေးတယ်ဆိုရင် ဒီဆေးလုံး ကျုပ်ကိုပေးပါ"

"ဟင်"

မောက်ဖုံးမှာ အံ့အားသင့်ကာ မျက်လုံးပြူးသွားမိသည်။

ရှထိကျင်းအတုသည် မိမိထံတွင် အသက်ကယ်ဆေးလုံး ရှိနေသည်ကို အဘယ်ကြောင့် သိရှိထားရပါသနည်း။

သို့သော် သူသည် ကြာကြာ မစဉ်းစားတော့ချေ။

အရေးကြီးဆုံးက သူအသက်ရှင်သန်ရန် ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့်...

သူသည် ချက်ချင်းပင် ဆေးဗူးတစ်ဗူးအား ရှထိကျင်းအတု၏လက်ထဲသို့ ပေးအပ်လိုက်လေသည်။

ရှထိကျင်းအတုသည် ထိုဆေးဗူးအား ဖွင့်ကြည့်လိုက်ပြီး နှာခေါင်းနားကပ်၍ အနံ့ခံကြည့်လိုက်လေသည်။

ထို့နောက် သူ၏မျက်နှာပေါ်တွင် ကျေနပ်အားရသော အရိပ်အရောင် များ ပေါ်လွင်လာလေတော့သည်။

♣ ♣ ♣

ယခုအချိန်ကျမှ မောက်ဖုံးက ရုတ်တရက် တစ်စုံတစ်ယောက်အား သတိရလာလေသည်။

သူ သတိရမိသောလူမှာ အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ပို၍ ရှင်းရှင်းလင်းလင်းဆိုရလျှင် မုဆိုးမတစ်ယောက်ဖြစ်သည်။

ထိုမုဆိုးမသည် အမှောင်ကျေးရွာတွင် ဆယ်လကြာမျှ နေထိုင်ခဲ့သည်။

မောက်ဖုံးသည် ညတိုင်း အလုပ်ပိတ်သောအချိန်၌ ထိုမုဆိုးမအိမ်သို့ သွားရောက်၍ထိုင်ကာ ထွေရာလေးပါး ပြောဆိုတတ်လေသည်။

မုဆိုးမကလည်း သူ့အား အလွန်ခင်မင်လေးစားသည်။

မောက်ဖုံး ရောက်ရှိလာတိုင်း သူမသည် စားသောက်ဖွယ်ရာများနှင့် ဧည့်ခံတတ်လေသည်။

မောက်ဖုံးသည် အသက်ကြီးရင့်သူ တစ်ယောက်ဖြစ်လေသည်။

အမှောင်ကျေးရွာ၌ ဆွေမျိုးမိတ်သင်္ဂဟများ မရှိပါချေ။

ထို့ကြောင့်...

မုဆိုးမအပေါ် ခင်မင်ရင်းနှီးလာလေသည်။

သူသည် သူ၏ရင်ထဲ၌ ဖြစ်ပေါ်လာသော ခံစားချက်များကို ရင်ဖွင့်ပြောဆိုလေ့ရှိသည်။



ထို့ကြောင့်လည်း သူ့တွင် အသက်ကယ်ဆေးလုံးရှိနေသည်ကို အမှတ်မထင် ပြောပြခဲ့ဖူးသည်။

ထို့ကြောင့်...

ယခု ရှထိကျင်းအတုက သိရှိသွားခြင်းဖြစ်ကြောင်းကို နားလည်လိုက်လေသည်။

သူသည် ယင်းသို့ ပြန်လည် တွေးတောနေစဉ်မှာပင် ရှထိကျင်းအတု၏စကားကို ကြားလိုက်ရပြန်လေသည်။

"အခုလို ကျုပ်ပြောတဲ့အတိုင်း အသက်ကယ်ဆေးလုံး ထုတ်ပေးတဲ့အတွက် ခင်ဗျားရဲ့အသက်အန္တရာယ်ကာကွယ်စောင့်ရှောက်ပေးဖို့ ကျုပ်မှာ တာဝန်ရှိနေပါတယ်"

မောက်ဖုံးသည် ရှထိကျင်းအတုပေးလာသော ကတိအား ယုံကြည်လိုပေသည်။

သို့သော် လုထန်းက ပြန်လည်ရောက်ရှိလာမည်ကို တွေးမိလိုက်သဖြင့် ရင်တထိတ်ထိတ် ဖြစ်နေပေသည်။

မောက်ဖုံး၏အတွေး မမှားပါချေ။

သူတို့သည် အပြင်သို့ ပြန်မရောက်မီ လုထန်းက လျင်မြန်စွာ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

♣ ♣ ♣

## ရွှေမျက်နှာ

တစ်နေကုန် တစ်နေခန်း မျက်နှာမကြည်မသာ ဖြစ်နေသော လုထန်းမှာ ယခုအချိန်တွင်မူ သူ၏မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်နေသည်ကို တွေ့လိုက်ရ၏။

သူ၏ဟာန်မှုရာမှာ မုဆိုးတစ်ယောက်က အလွန်တန်ဖိုးရှိသော သားကောင်တစ်ကောင် ဖမ်းမိသည်နှင့် တူလှပေသည်။

မောက်ဖုံး၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

လုထန်းသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် လက်နှစ်ဘက်နောက်ပစ်ကာ သူတို့နှစ်ယောက်အား ပြုံး၍ကြည့်နေ၏။

"မင်းတို့နှစ်ယောက်က ပူးပေါင်းပြီး ဖန်းကျင်ကို သတ်လိုက်တယ် ဟုတ်လား"

ရှထိကျင်းအတုက ပြုံးလိုက်သည်။



"ဖန်းကျင်ရဲ့ဓားပညာက မဆိုးပါဘူး၊ ဒါပေမယ့်"

သူက စကားရပ်လိုက်၏။

လုထန်းက…

"ဒါပေမယ့် ဘာဖြစ်လဲ"

ဟု မေးလိုက်၏။

ရှထိကျင်းအတုက နားထင်အား ပွတ်ပြရင်း…

"သူက ဉာဏ်မရှိဘူးဗျ"

လုထန်း သက်ပြင်းချလိုက်၏။

သူက ဦးခေါင်းညိတ်ပြကာ…

"ဟုတ်ပါတယ်၊ ဒါကြောင့် မင်းက သူ့ကိုတိုက်ခိုက်တဲ့အခါမှာ သူက မယုံကြည်သလိုဖြစ်သွားတယ် မဟုတ်လား"

ရှထိကျင်းအတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က အကွက်မဆင်လည်း သူ့ကိုနိုင်ပါတယ်ဗျာ"

လုထန်း၏မျက်နှာ ပြုံးယောင်သမ်းနေ၏။

သို့သော်…

သူ၏မျက်လုံးအစုံမှာမူ ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ပို၍ထင်ရှားလာသည်။

"ဒီရက်များမှာ ကျုပ်က တစ်ခု သံသယဖြစ်နေခဲ့မိတယ်"

ရှထိကျင်းအတုက…

"ကျုပ်ကို သံသယဖြစ်နေတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

လုထန်းက...

"ဟုတ်ပါတယ်"

ရှထိကျင်းအတုက ရယ်ကျဲကျဲဖြင့်...

"ခင်ဗျားက ဘာကြောင့် သံသယဖြစ်သွားရတာလဲ"

လုထန်းက ပြုံးကာ...

"လွန်ခဲ့တဲ့ ငါးရက်လောက်က မင်းဟာ ထောပတ်နဲ့လုပ်ထားတဲ့ ဝက်သားပေါင်းကို စားခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ရှထိကျင်းအတု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လုထန်းက...

"ဘယ်သူက ချက်ပေးတာလဲ"

"စားဖိုမှူးက ချက်ပေးတာပါ"

လုထန်းက ပြုံးလိုက်သည်။

"ရှထိကျင်းအစစ်ဆိုရင် ဘယ်တော့မှ ထောပတ်မစားဘူး"

ရှထိကျင်းအတုက ယခုမှ သဘောပေါက်နားလည်သွားလေသည်။

လုထန်းက...

"ရှထိကျင်းဟာ ဘာမဆိုစားတယ်၊ ဒါပေမယ့် ထောပတ်ကိုတော့ လုံးဝမစားဘူး"



ရှထိကျင်းအတုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အတုမှန်းသိရက်နဲ့ ဘာဖြစ်လို့ ခင်ဗျားအနားမှာထားရသလဲ၊ ကျုပ်က ခင်ဗျားကို အလစ်မှာသတ် ပစ်မှာ မကြောက်ဘူးလား"

လုထန်းက ပြုံးလိုက်သည်။

"မင်း အခုလို ရှထိကျင်းဟန်ဆောင်ထားတာက အသက်ကယ်ဆေးလုံးကို လိုချင်တယ်ဆိုတာ ကျုပ်သိထားပါတယ်၊ ဒါကြောင့် ကျုပ်က မင်းကို ဘာဆက်လုပ်ရမယ်ဆိုတာကို အကဲခတ်ကြည့်နေတာ"

ရှထင်းကျင်းအတုက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ခင်ဗျားက အတော့်ကို သိထားနေမှကိုး"

လုထန်းက ပြုံးလိုက်သည်။

"တကယ်လို့များ ကျုပ်ယူဆချက်က မမှားဘူးဆိုရင် မင်းက 'ရွှေမျက်နှာ' ဖြစ်ရမယ်"

♣ ♣ ♣

## စွယ်စုံဒုက္ခိတ

ရွှေမျက်နှာ...။

ယင်းအမည်သည် ကြောက်စရာကောင်းသော အမည်တစ်ခု မဟုတ်ပါ။

သို့သော်...

မောက်ဖုံးက ယင်းအမည်ကို ကြားလိုက်ရသည်နှင့် ရင်ထဲတုန်လှုပ်သွားသည်။

ထို့ကြောင့်...

သူသည် ရှထိကျင်းအား ထိတ်လန့်စွာဖြင့် ကြည့်နေ၏။

ရှထိကျင်းအတုက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျုပ်က ရွှေမျက်နှာဆိုရင် ခင်ဗျားက ကျုပ်ကို ဘာလုပ်မလဲ"

လုထန်းက ပြုံးလိုက်သည်။

"ကျုပ်မှာ ကျားသစ်နှစ်ကောင် မွေးထားတယ်၊ အခုအချိန်



ဆိုရင် သူတို့က ဗိုက်အတော်ဆာနေပြီ ထင်တယ်"

ရှထိကျင်းအတုက ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကိုများ ကျားသစ်စာကျွေးမလို့ ဟုတ်လား"

လုထန်းက...

"မင်းက ကျားသစ်ကို မကြောက်တော့ ကျုပ်က တစ်မျိုးစဉ်းစားပါဦးမယ်"

ရှထိကျင်းအတုက...

"ဘယ်လိုစဉ်းစားမှာလဲ"

"ကျုပ်က မင်းရဲ့အလောင်းကို ခွေးစာကျွေးပစ်မယ်"

လုထန်းသည် ယင်းစကားပြောပြီးနောက် ထိုအခန်းထဲမှ အေးဆေးစွာ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

လုထန်းသည် အခန်းထဲမှထွက်သွားပြီ ဖြစ်သည်။

မောက်ဖုံး သက်ပြင်းချလိုက်သည်။

တဖန်...

ရှထိကျင်းအတုအား ကြည့်ကာ...

"မင်းက ရွှေမျက်နှာ ဟုတ်လား"

ဟု မေးလိုက်သည်။

ရှထိကျင်းအတုက အဖြေမပေးပါ။

သူသည် ကျွမ်းကျင်သော လက်ချောင်းလေးများဖြင့် မျက်နှာပေါ်မှ ပါးလွှာသော အရေခွံတစ်ခုကို ခွာချလိုက်လေသည်။

မျက်နှာတု ခွာချလိုက်ပြီးနောက် အလွန်နုနယ်သော မျက်နှာတစ်ခုပေါ်လာသည်။

ယောကျ်ားပီသ၍ ချောမောခန့်ညားသော မျက်နှာဖြစ်လေသည်။

မောက်ဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် ရွှေမျက်နှာအား ကောင်းစွာ မှတ်မိသည် မဟုတ်ပါလား။

ရှထိကျင်းအတုသည်ကား ရွှေမျက်နှာပင် ဖြစ်နေပေတော့သည်။

♣ ♣ ♣

လုထန်း ထွက်ခွာသွားပြီးနောက် မကြာမီ ထိုအခန်းငယ်၏ လေးဘက်လေးတန်ရှိသော နံရံများမှာ ရွှေ့လျားသွားပြီးနောက် အခန်းငယ်ဟူ၍ မရှိတော့ဘဲ အလွန်ကြီးမားသော ခန်းမတစ်ခု၏ အလယ်ဗဟိုတွင် ရောက်ရှိသွားလေသည်။

ရွှေမျက်နှာနှင့် မောက်ဖုံးတို့သည် ထိုခန်းမ၏အလယ်ဗဟိုတွင် ရောက်ရှိနေသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။



ထိုခန်းမ၏ လေးဘက်လေးတန်တွင် အနီရောင်ဝတ်ဆင်ထားသော ဓားသမား အယောက်လေးဆယ်က ဝိုင်းရံထားသည်ကို တွေ့ရသည်။

ထို့အပြင် ဧည့်ခန်း၏ အရှေ့ဘက်၌ လူသုံးယောက်ထိုင်နေသည်ကို ရွှေမျက်နှာက တွေ့လိုက်ရပြန်လေသည်။

ထိုလူသုံးယောက်အနက် အလယ်ဗဟိုတွင် ထိုင်နေသူမှာ လုထန်းပင်ဖြစ်သည်။

သူ၏ဘယ်ဘက်တွင် လက်ပွအင်္ကျီရှည် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က ထိုင်နေ၏။

ထိုအဘိုးအိုသည် အင်္ကျီပွဝတ်ထားသည်ဖြစ်သော်လည်း သူ၏ကိုယ်ခန္ဓာမှာမူ ဝါးခြမ်းပြားကဲ့သို့ ပိန်လှီနေ၏။

သူ၏ယာဘက်တွင် အခြားအဘိုးအိုတစ်ယောက် ထိုင်နေသည်။

တိကျမှန်ကန်စွာဆိုရလျှင် လူတစ်ယောက်ဟု မခေါ်သင့်ပါ။

လူတစ်ခြမ်းဟုသာ ခေါ်သင့်သည်။

အကြောင်းမှာ...

ထိုလူသည် မျက်လုံးတစ်လုံး၊ နားရွက်တစ်ဘက်၊ ဘယ်လက်တစ်ဘက်နှင့် ညာခြေထောက် တစ်ဘက်သာရှိသော ဒုက္ခိတတစ်ယောက်သာဖြစ်သည်။

ထိုလူကို သိုင်းလောကသားများက စွယ်စုံဒုက္ခိတကုအိမ်းဟု ခေါ်ကြလေသည်။

♣ ♣ ♣

ကုအိမ်းသည် ဒုက္ခိတတစ်ယောက်ဖြစ်သည်။

သူ၏အသက်မှာလည်း အိုမင်းရင့်ရော်နေသည်။

ဤကဲ့သို့သော လူမျိုးသည် ဆက်လက် အသက်ရှင်နေရန် မသင့်တော့ပါ။

သို့သော်...

သူပြုလုပ်ခဲ့သော ဒုစရိုက်များသည် သက်ဆိုင်ရာ အာဏာပိုင်များကိုပင် အကြီးအကျယ် ခေါင်းနောက်စေခဲ့ရသည်။

သူသည် ပစ္စည်းများလုယူသည့်အပြင် လူကိုလည်း ရက်ရက်စက်စက် သုတ်သင်တတ်ပေသည်။

ထို့ကြောင့်...

အာဏာပိုင်များက သူ့အား အပူတပြင်းလိုက်လံရှာဖွေခဲ့ကြသည်။

သို့သော်...

သူတို့သည် နေရာအနှံ့ကို လိုက်လံရှာဖွေကြသော်လည်း ယနေ့တိုင် ရှာမတွေ့ပါ။

အကြောင်းမှာ...

သူသည် လုထန်းထဲသို့ ရောက်ရှိနေသည်ကို မည်သူကမျှ မထင်မိသောကြောင့်ဖြစ်သည်။

ရွှေမျက်နှာသည် ဝန်းကျင်အား တစ်ချက်ကြည့်လိုက်၏။

တဖန် မောက်ဖုံးအား တစ်ချက်ကြည့်လိုက်ပြန်သည်။



မောက်ဖုံး၏မျက်နှာတစ်ခုလုံး ဖြူရော်နေ၏။

သူသည် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်လိမ့်မည်ဟု မထင်ပုံတော့ပါ။

ထို့ကြောင့် သူ့မျက်နှာတစ်ခုလုံးမှာ သွေးရောင်များပင် မတွေ့ရတော့ချေ။

ရွှေမျက်နှာမှာမူ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသေးသည်။

သူ၏မျက်နှာပေါ်တွင် မာနရှိသော အရိပ်အယောင်များ ပေါ်လွင်နေပေတော့သည်။

♣ ♣ ♣

"ချွမ်း"

"ချွမ်း"

အနီရောင်ဝတ်ဆင်ထားသော ဓားသမားတို့သည် ဓားကို ပြိုင်တူဆွဲထုတ်လိုက်ကြသည်။

မောက်ဖုံး၏ရင်ထဲ လေးလံလာ၏။

ရွှေမျက်နှာသည် သူတို့အား ယှဉ်ပြိုင်နိုင်ပါမည်လော။

အကယ်၍သာ...

တစ်ဘက်က လေးငါးယောက်ဆိုလျှင် ရွှေမျက်နှာက ထိုးဖောက်သွားနိုင်ပေမည်။

ယခုမှာမူ...

တစ်ယောက်နှင့် အယောက်လေးဆယ်ဖြစ်နေ၍ မည်သည့်နည်းနှင့်မျှ ထိုးဖောက်နိုင်မည် မဟုတ်ပါချေ။

ထို့အပြင်...

ထိပ်တန်းသိုင်းသမားသုံးယောက်ကလည်း အခန်းထဲရှိနေသောကြောင့် ထွက်ပြေးတိမ်းရှောင်နိုင်ရန် အခွင့်အလမ်း လုံးဝမရှိပါချေ။

ယနေ့ညသည် သူတို့အဖို့ သေဆုံးရမည်မှအပ အခြားနည်းလမ်းမရှိပါ။

မောက်ဖုံးကလည်း ဤအတိုင်း တွေးနေမိသည်။

သို့သော်...

အလွန်တည်ငြိမ်နေသော ရွှေမျက်နှာ၏စိတ်ထဲမှာမူ မည်ကဲ့သို့တွေးတောနေပါသနည်း။

တိုက်ပွဲသည် အချိန်မရွေး ပေါက်ကွဲလာတော့မည် မဟုတ်ပါလော။

♣ ♣ ♣



## အဆက်အသွယ်

နတ်သမီးဂေဟာနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဘက်တွင် အလွန်ဟောင်းနွမ်းအိုမင်းနေသော အိမ်ကြီးတစ်လုံးရှိသည်။

ဤအိမ်ပိုင်ရှင်သည် မွေးဖွားလာသည့်အချိန်မှစပြီး ယနေ့တိုင် ဤနေရာတွင် နေထိုင်ခဲ့၏။

ဆိုင်ရှင်သည် ဤနေရာမှ ခြေတစ်ဖဝါးမျှမခွာဖူးချေ။

ဤအိမ်ရှင်သည် အမှောင်ကျေးရွာ၏အရှင်သခင် တစ်ဦး မဟုတ်ပါ။

သို့သော်...

လူအများက သူ့အား လေးစားကြည်ညိုကြသည်။

ဤသည်ကို လုထန်းက သိသည်။

သူက ဒုက္ခမပေးပါချေ။

သတ်ရန်လည်း မရည်ရွယ်ပါ။

သူသည် မိမိနေရာခိုင်မြဲရန်နှင့် ထင်ပေါ်ကျော်ကြားလာစေရန် ထိုလူအား အသုံးချဖို့ရည်ရွယ်ထားခြင်း ဖြစ်လေသည်။

ထိုအိမ်ရှင်၏အမည်မှာ 'ရှန်ကျူး' ဖြစ်သည်။

ယခုဆိုလျှင် သူက အသက်ငါးဆယ်ပြည့်ပြီ ဖြစ်လေသည်။

သို့သော်...

သူသည် ကိုယ်တိုင်ချက်လုပ်သော အရက်များကို ဈေးနှုန်းပေါပေါနှင့် ရောင်းချနေသောကြောင့် သူ့ထံသို့လာရောက်၍ သုံးဆောင်သော အရက်သမားများသည် အလွန်စည်ကားပေသည်။

ယခု...

ခါတိုင်းအချိန်ကဲ့သို့ ရှန်ကျူးသည် အရက်များရောင်းချနေခဲ့သည်။

ရုတ်တရက်...

အရက်သမားသုံးယောက်က ခြေလှမ်းယိမ်းယိုင်ကာ ဝင်ရောက်လာလေသည်။

ရှန်ကျူးသည် ထိုအရက်သမားသုံးယောက်ကို တစ်ခါမျှ မတွေ့ဖူးပေ။

ထို့ကြောင့်...

မျက်နှာစိမ်းများဖြစ်ကြောင်း အတတ်သိလိုက်၏။

သူသည် သေချာစွာ စူးစမ်းကြည့်လိုက်သောအခါ ထိုအရက်သမားသုံးယောက်အနက် အလယ်မှ အရက်သမားအား မှတ်မိလာ



သည်။ အကြောင်းမှာ...

ထိုအရက်သမားသည် နာမည်ကျော်သိုင်းသမား တစ်ယောက်ပင်ဖြစ်သည်။

ရှန်ကျူး သက်ပြင်းချလိုက်သည်။

သူက တွေတွေထူးထူး စဉ်းစားမနေတော့ပါ။

အရက်အိုးများအား အမြန်ဆုံး သွားရောက်ချပေးလိုက်လေသည်။

ထိုအရက်သမားသည်ကား ဇုဝူးနယ်ခြသေ့်ကျေးရွာမှ အရက်မူးသိုင်းသမား'ထိန်ချွမ်း'ပင် ဖြစ်ပေတော့သည်။

♣ ♣ ♣

ထိန်ချွမ်းသည် ရှန်ကျူး၏အိမ်ထဲ လှမ်းဝင်လိုက်သောအခါ သူ၏ဗိုက်ထဲ၌ အရက်များလုံးဝမရှိတော့ပါချေ။

ထိန်ချွမ်းသည် အရက်မရှိလျှင် မနေတတ်သော လူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်...

သူသည် အရက်တစ်အိုး အမြန်ဆုံးချပေးရန် မှာကြားလိုက်လေသည်။

သူနှင့်အတူ ပါလာသော အရက်သမားနှစ်ယောက်အနက် တစ်ယောက်က မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ကျန်တစ်ယောက်မှာ အဖြူရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထားလေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူ၏ ခါးတွင် ဓားတစ်လက်ရှိသည်။

အဖြူရောင်ဝတ်ဆင်ထားသူ၏ လက်ထဲတွင်လည်း ဓားတစ်လက်ရှိသည်။

သိုင်းသမားများဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်သည်။

သို့သော်...

သူတို့သည် သာမန်သိုင်းသမားများ မဟုတ်ကြပါချေ။

သိုင်းလောကသားများသည် သူတို့၏ဓားများကို မြင်တွေ့လိုက်သည်နှင့် ထိုလူနှစ်ယောက်မှာ မားကွမ်းစုနှင့်ကျန်းလုံထင်းဖြစ်သည်ကို သိရှိကြမည် ဖြစ်ပေသည်။

♣ ♣ ♣



တစ်ကိုယ်တော်သိုင်းသမား ကျန်းလုံထင်းသည် အမှောင်ကျေးရွာသို့ ရောက်ရှိလာသည်။

ထိပ်တန်းဓားသမား မားကွမ်းစုကလည်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်။

ထို့အပြင်...

ခြသေ့်ကျေးရွာ အရက်မူးသိုင်းသမားထိန်ချွမ်းလည်း ရောက်ရှိလာသည်။

သူတို့က ပြိုင်တူရောက်ရှိလာကြခြင်းကြောင့် အမှောင်ကျေးရွာတွင် ကြီးကျယ်သော ဂယက်ရိုက်မှုပေါ်ထွက်လာမည်မှာ သေချာလှပေသည်။

♣ ♣ ♣

ထိန်ချွမ်းက ရှန်ကျူးပေးလာသော အရက်ကရားအား လှမ်းယူလိုက်သည်။

ထို့နောက်...

အငမ်းမရ မော့ချလိုက်သည်။

အရက်ကရားသုံးလုံးခန့် ကုန်သွားတော့မှ သူသည်အာသာပြေသွားလေသည်။

ကျန်းလုံထင်းမှာမူ အရက်ကို မသောက်ဘဲ ထိန်ချွမ်းအား အကဲခတ်ကြည့်နေ၏။

"ဟေ့ မင်းအရက်သောက်ဖို့ လာတာလား၊ ကိစ္စရှိလို့ လာတာလား"

ထိန်ချွမ်း ပခုံးတစ်ချက် တွန့်လိုက်၏။

"အရက်သောက်ဖို့လာတယ်၊ လူတစ်ယောက်ကိုစောင့်ဖို့လာတယ်"

"ဘယ်သူ့ကိုစောင့်ဖို့လဲ"

ထိန်ချွမ်းက...

"အငိုမဲ့"

ဟု ဖြေကြားလိုက်လေသည်။

♣ ♣ ♣



## အငိုမဲ့

အငိုမဲ့...။

ထူးဆန်းသောနာမည်ဟုဆိုက မှားမည်မထင်ပါ။

လောကပေါ်၌ 'အငိုမဲ့'ဟု အမည်ပေးထားသော လူတစ်ယောက်ရှိသည်ကို ကျန်းလုံထင်းက သိထားသည်။

ကျန်းလုံထင်းသာမက 'မားကွမ်းစုနှင့် ထိန်ချွမ်းတို့က ပိုသိကြလေသည်။ '

သို့သော်...

သိုင်းလောကသားများသည် 'အငိုမဲ့'ဟူသောအမည်ကို မကြားဖူးသေးပါချေ။

အငိုမဲ့ဟူသောအမည်ကို ကြားဖူးသူ အလွန်ရှားပါးလှပေသည်။

ဥပမာ…

ရွှေမျက်နှာ၊ မောက်ဖုံး စသည်တို့ဖြစ်လေသည်။

အငိုမဲ့သည် မည်သို့သောလူစားမျိုး ဖြစ်သနည်း။

လုထန်း၏ ကြေးစားကိုးယောက်တို့သည် အသက်မသေ[illegible]
အငိုမဲ့နှင့် တွေ့ဆုံခဲ့ပါသလော။

ကြေးစားကိုးယောက်တို့သည် အငိုမဲ့၏လက်ချက်ကြော[illegible]
သေဆုံးသည်မှာ ဟုတ်မှန်ပါသလော။

♣ ♣ ♣



## ထူးခြားသောစိတ်ထားရှိကြသူများ

ထိန်ချွမ်းသည် အရက်အိုးအား ဖြည်းညင်းစွာချလိုက်သည်။

ထို့နောက်…

သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"အင်း အငိုမဲ့ဆိုတဲ့လူ ဘယ်မှာနေမှန်းမသိဘူး၊ ဘယ်လိုရှာရမှန်းမသိဘူး၊ ရွှေမျက်နှာကလွဲလို့ သူ့ကိုလိုက်ရှာဖို့ တကယ် မလွယ်ပါလားဗျာ"

ဟု ညည်းလိုက်သည်။

ကျန်းလုံထင်း ပြုံးလိုက်သည်။

"ကျုပ်က သူ့ကိုရှာဖို့လာတာမှ မဟုတ်ဘဲ"

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် ထိန်ချွမ်းက မျက်မှောင်ကုပ်သွားသည်။

"မင်းက သူ့ကိုလိုက်ရှာနေတာ မဟုတ်ဘူးလား"

ကျန်းလုံထင်းက…

"အငိုမဲ့နဲ့ ရွှေမျက်နှာတို့ ဖြစ်ပျက်နေတဲ့ အရှုပ်အရှင်းဟာ မိသားစုအရှုပ်အရှင်းပါ ကျုပ်တို့နဲ့ အနေသာကြီးပဲ မဟုတ်လား"

ဟုပြောလိုက်သည်။

ထိန်ချွမ်းက သူ့အားကြည့်လိုက်သည်။

"ဘာလဲ၊ မင်းသဘောက ငါတို့ ခြသေ့်ကျေးရွာကိစ္စဝင်မရှုပ်ချင်ဘူး ဆိုပါတော့"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ဒါဟာ ခင်ဗျားတို့ခြသေ့်ကျေးရွာရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ကျုပ်က ဝင်လို့ကောင်းပါ့မလား"

ထိန်ချွမ်း မျက်နှာမဲ့လိုက်သည်။

ထို့နောက်…

ပခုံးတစ်ချက် တွန့်ကာ…

"ဒါဖြင့် ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ"

ဟု မေးလိုက်သည်။

ကျန်းလုံထင်း ပြုံးလိုက်သည်။

"ရွှေမျက်နှာက ကြေးစားကိုးယောက်ကို အဆမတန်ဈေးပေးပြီး အငိုမဲ့ကိုလုပ်ကြံခိုင်းတဲ့သတင်း ကြားလို့ လိုက်လာတာပါ"

ထိန်ချွမ်းက မျက်မှောင်ကုပ်သွား၏။

"မင်းက သူ့ကိစ္စကို အခကြေးငွေနဲ့ ဆောင်ရွက်ပေးချင်လို့လား"



ဟု မေးလိုက်သည်။

ကျန်းလုံထင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူးဗျာ၊ သူက ဘာဖြစ်လို့ ဓားသမား မားကွမ်းစုကို မငှားသလဲဆိုတာ မေးကြည့်ချင်လို့ပါ"

မားကွမ်းစုက ပြုံး၍ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်ပါ့ဗျာ၊ အခုတလော ကျုပ်မှာအလုပ်ပြတ်နေတယ်"

"ဟင်"

ထိုစကားကြောင့် ထိန်ချွမ်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မင်းဟာ သိုင်းလောကမှာ ပထမကြေးစားဘွဲ့လည်း ရထားသေးတယ် မဟုတ်လား၊ ဘယ့်နှယ်ကြောင့် အလုပ်ပြတ်နေရတာလဲ"

တအံ့တဩဖြင့် မေးလိုက်မိသည်။

မားကွမ်းစုက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကြေးစားငှားတဲ့လူက ကျုပ်အပေါ် စိတ်မဝင်စားဘူးနဲ့တူတယ်"

ထိန်ချွမ်းက…

"မဖြစ်နိုင်ဘူး"

ကျန်းလုံထင်းက ကြားဖြတ်ပြောလိုက်သည်။

"ဒါကြောင့် မဟုတ်ပါဘူး"

မားကွမ်းစုက မျက်မှောင်ကုပ်လိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့လဲ"

ကျန်းလုံထင်း ပြုံးပြလိုက်သည်။

"သူက ကြေးအရမ်းများနေလို့ ငှားမယ့်လူက မပေးနိုင်လို့ပါ"

ဟု ပြောလိုက်၏။

ထိန်ချမ်း မျက်မှောင်ကုပ်သွားသည်။

သူသည် မားကွမ်းစုအား ကြည့်လိုက်ပြီး…

"ဟုတ်ရဲ့လားကွာ၊ လွန်ခဲ့တဲ့နှစ်နှစ်တုန်းက မင်းက ငွေတစ်ရာတည်းယူပြီး ကြောက်စရာကောင်းတဲ့ လူဆိုးကြီးတစ်ယောက်ရဲ့ သူ့သေကိုယ်သေ ယှဉ်ပြိုင်ခဲ့တာ မှတ်မိပါသေးတယ်"

သူသည် ပြောရင်း ခါးထောက်လိုက်သည်။

"အခုတော့ ဘယ့်နှယ် ဈေးကြီးလာပါလား"

ကျန်းလုံထင်းက…

"ခင်ဗျား သူ့ကိုအထင်လွဲနေပြီ"

ဟု ကြားဝင်ပြောလိုက်သည်။

ထိန်ချမ်းက…

"အထင်လွဲတယ် ဟုတ်လား၊ ဘာကြောင့်လဲ"

ဟု မေးလိုက်၏။

ကျန်းလုံထင်းက…

"သူက ဈေးကြီးတဲ့အပြင် အဓိကအချက်ကတော့ သူလက်ခံတဲ့အလုပ်ပါပဲ၊ ဥပမာ သတ်ခိုင်းတဲ့လူက လူကောင်းသူကောင်းတစ်ယောက်ကို သတ်ဖို့လာခိုင်းရင် သူက လုံးဝလက်မခံဘူးဗျ"

ထိန်ချမ်း သဘောကျသွား၏။

"ဘယ်ဆိုးလို့တုန်း၊ မင်းရဲ့စိတ်ထားကိုတော့ ငါချီးကျူးပါတယ်ကွာ"

သူသည် စကားရပ်တန့်လိုက်ပြီး ထပ်မံမေးလိုက်ပြန်သည်။

"မင်း အခု ငြိမ်းချမ်းရေးတောင်ကြား ရောက်လာတာ အလုပ်ကိုလက်ခံထားလို့ ဟုတ်လား"

မားကွမ်းစုက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် ခေါင်းခါယမ်းပြတာဟာ အလုပ်မဖြစ်လို့ မဟုတ်ဘူး ဒီနေရာဟာ ခင်ဗျားပြောသလို ငြိမ်းချမ်းရေးတောင်ကြား မဟုတ်တော့ဘူးဗျ"

ထိန်ချမ်း စိတ်ဝင်စားလာသည်။

"ဒါဖြင့် ဘာဖြစ်သွားလဲ"

မားကွမ်းစုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီနေရာဟာ အမှောင်ကျေးရွာ ဖြစ်သွားပြီဗျ"

"ဘယ်လို"

ထိန်ချမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကျန်းလုံထင်းက ပြုံးလိုက်သည်။

"အမှောင်ကျေးရွာဆိုတာ လူဆိုးလူသွမ်းတွေ စုဝေးတဲ့နေရာ၊ သေသင့်သေထိုက်သူတွေ မနည်းဘူး"

ထိန်ချမ်းက မားကွမ်းစုအား စိုက်ကြည့်လိုက်လေသည်။

"ဒီလိုဆိုရင် မင်းက အခကြေးငွေမယူဘဲ လူသတ်မလို့ ဟုတ်လား"

မားကွမ်းစုက တတိယအကြိမ် ခေါင်းခါယမ်းပြလိုက်လေသည်။

"အခု ကျုပ်ကို ငှားတဲ့လူက သိပ်ပြီးချမ်းသာတယ်၊ ဒါကြောင့် ကျုပ်က အခကြေးငွေများများရလို့ ရောက်လာတာပါ"

ထိန်ချွမ်းက မေးထောက်လိုက်ရင်း...

သူသည် စဉ်းစားရင်း ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေပြန်သည်။

မားကွမ်းစုနှင့် ကျန်းလုံထင်းတို့ မျက်မှောင်ကုပ်သွားကြသည်။

ကျန်းလုံထင်းက...

"ခင်ဗျား ခေါင်းညိတ်နေတာ ဘာသဘောလဲ"

ဟု မနေနိုင်ဘဲ မေးလိုက်၏။

ထိန်ချွမ်းက...

"ကျုပ်ခေါင်းညိတ်တဲ့ သဘောကတော့ ကျုပ်နားလည်လိုက်ပြီလို့"

ကျန်းလုံထင်းက...

"ဘာကို နားလည်တာလဲ"

ထိန်ချွမ်းက...

"မားကွမ်းစုက တစ်ခါတစ်လေ အခကြေးငွေမယူဘဲ လူသတ်ပေးတယ်၊ ဒါပေမယ့် ချမ်းသာတဲ့လူကိုတော့ အခကြေးငွေ အဆမတန် တောင်းတတ်တာကို နားလည်ပြီလို့ ပြောတာပါ"

ဟု ဖြေလိုက်၏။



မားကွမ်းစုက အသာအယာ ပြုံးလိုက်သည်။

"ချမ်းသာကြွယ်ဝတဲ့လူတွေက လူသတ်သမားကိုငှားတဲ့အခါ သူတို့ သတ်ချင်တဲ့လူကို အောင်မြင်စွာသတ်နိုင်ဖို့ကသာ အရေးကြီးတယ်၊ အခကြေးငွေ ဘယ်လောက်ပေးရပေးရ သူတို့က မမှုဘူးဗျ"

ထိန်ချွမ်း မျက်မှောင်ကုပ်သွားသည်။

"ဒီတစ်ခါ မင်း ဘယ်သူ့ကိုသတ်မလို့လဲ"

မားကွမ်းစုက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဝမ်းနည်းပါတယ်၊ ဒါဟာ လျှို့ဝှက်ချက်မို့ မပြောပါရစေနဲ့"

ထိန်ချွမ်းက ပြုံးလိုက်သည်။

"မင်းကို အပြစ်မတင်ပါဘူးကွာ၊ မင်းတို့လုပ်ငန်းဟာ စည်းကမ်းရှိရမယ်ဆိုတာ ကျုပ်နားလည်ပါတယ်"

မားကွမ်းစု အကြံတစ်ခုရလာသည်။

"အခုတော့ ကျုပ် သဘောထားပြောင်းလဲသွားပြီဗျ"

ထိန်ချွမ်းက...

"ဘာတွေများ ပြောင်းလဲသွားတာလဲ"

မားကွမ်းစု ပြုံးလိုက်သည်။

"ကျုပ်က လျှို့ဝှက်ချက်ကို ပြောပြမလို့ပါ"

ထိန်ချမ်း၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"ဟောဗျာ၊ ဘာဖြစ်သွားရပြန်ပြီလဲ"

မားကွမ်းစုက ပြုံးလိုက်ပြန်သည်။

"ဒီလိုပါဗျာ၊ ကျုပ် အခုသွားသတ်ရမယ့်လူဟာ သူ့လက်အောက်မှာ ထိပ်တန်းသိုင်းသမားတွေ အများကြီးရှိနေလို့ပါ"

ထိန်ချမ်း ခေါင်းညိတ်လိုက်သည်။

သူက တည်ကြည်သောမျက်နှာထားဖြင့်...

"ကျုပ်သိပြီ၊ မင်းက ကျုပ်ဆီက အကူအညီတောင်းမလို့မဟုတ်လား"

တဲ့တိုးမေးလိုက်၏။

မားကွမ်းစု ခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်၊ ကျုပ်မှာ အဖော်လိုနေလို့ပါ"

ထိန်ချမ်း လက်ကာပြလိုက်၏။

"မင်းမပြောပြလည်း ဘယ်သူက မင်းကိုငှားသလဲ၊ ဘယ်သူ့ကိုသွားသတ်ရမယ်ဆိုတာ ကျုပ်သိပြီးသားပါ"

ထိုစကားကြောင့် နံဘေးမှ ကျန်းလုံထင်း အံ့သြသွားရလေသည်။

"ဟောဗျာ၊ ခင်ဗျားသိထားပြီ ဟုတ်လား"

ထိန်ချမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"



မားကွမ်းစုက အသာအယာ ပြင်၍ထိုင်ချလိုက်ပြီး ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကျုပ်ကို ငှားရမ်းတဲ့လူကတော့ 'ထိန်ယု' ပါ"

♣ ♣ ♣

သိုင်းလောက၌ ကျော်ကြားသော ထိပ်တန်းသိုင်းသမားအများအပြားရှိသည်။

ထိုအထဲတွင် 'ထိန်ယု'လည်း အပါအဝင်ဖြစ်သည်။

ထို့ကြောင့်...

ထိန်ယုဟူသောအမည်ကို ကြားလိုက်မိသည်နှင့် မည်သူမဆို သိကြလေသည်။

လူကို မတွေ့မြင်ရသည့်တိုင်အောင် အမည်နာမကိုတော့ ကြားဖူးကြပေသည်။

သို့သော်....

ထိန်ယုအမည်အစား ထိန်သခင်လေးဟု ပြောပြလျှင် တစ်ချို့လူများသည် ထိတ်လန့်တုန်လှုပ်သွားကြမည်သာ ဖြစ်သည်။

အကြောင်းမှာ...

ထိန်ယုသည် ခြသေ့်ခြံဝင်းရှိ အရှင်သခင်များအနက် တစ်ဦးအပါအဝင်ဖြစ်သော သခင်လေးတစ်ပါးပင်။

တစ်နည်းဆိုရလျှင်...

ထိန်သခင်လေးသည် စုချွမ်းနယ်ရှိ ခြသေ့်ခြံဝင်းမှ အဆိပ်ဘုရင်သုံးပါးအနက် တစ်ယောက် အပါအဝင်ဖြစ်လေသည်။

စုချွမ်းနယ်ရှိ ခြသေ့်ခြံဝင်းသည် သိုင်းလောကတွင် အလွန်ကျော်ကြားပေသည။

အခြားမိသားစုကျေးရွာလည်း ရှိသည်။

ယင်းမှာ စုဝှူးနယ်မှ ခြသေ့်ကျေးရွာဖြစ်လေသည်။

ထိန်ချွမ်းတို့လူစုသည် စုဝှူးနယ်ခြသေ့်ကျေးရွာမှလူများပင်ဖြစ်ကြလေသည်။

♣ ♣ ♣

ခြသေ့်ခြံဝင်းမှ ထိန်ယုသည် အဆိပ်ဘုရင်တစ်ဦးဖြစ်သည်နှင့်အညီ အဆိပ် အသုံးပြုရာတွင် ကြောက်မက်ဖွယ်ကောင်းသည်။

ထို့ကြောင့်...

သူ၏သတင်းသည် သိုင်းလောက၌ အဟော်မွှေးပျံ့၏။

ထို့အပြင်...

အဆိပ်ဘုရင်သုံးယောက်အနက် သူက ကြောက်စရာအကောင်းဆုံးဟု ထင်ကြေးပေးကြသည်။

ထိန်ယုသည် မြွားကို အသုံးပြုတတ်သည်။

သူ၏မြွားသည် ခြောက်လက်မခန့်သာ ရှည်ပြီး အင်္ကျီအိတ်ထဲ၌ ဝှက်ထားတတ်သည်။



မြွားပေါ်၌ အလွန်အဆိပ်ပြင်းသော ဆေးများလူးထားသဖြင့် ထိမှန်သောလူများသည် ချက်ချင်း သေဆုံးတတ်ကြပေသည်။

သူသည် အဆိပ်မြွားဖြင့် ရန်သူအား သတ်ပစ်နိုင်ရုံမကပေ။

သူသည် အဆိပ်များကို မည်သူမျှမသိအောင် တစ်ဘက်လူ၏ အစားအစာထဲသို့လည်းကောင်း တစ်ဘက်လူသောက်နေသောအရက်ထဲသို့လည်းကောင်း၊ ရေနွေးကြမ်းထဲသို့လည်းကောင်း ထည့်ပေးနိုင်လေသည်။

သူ၏ အဆိပ်ခတ်သောပညာသည် သိုင်းလောက၌ အကျွမ်းကျင်ဆုံးသော လူတစ်ယောက်ဖြစ်လာသည်။

အဆိပ်ပညာ အလွန်ကျွမ်းကျင်သော လူတစ်ယောက်အား လူတိုင်းက ကြောက်၍ ဝေးဝေးရှောင်ရှားနေရသည် မဟုတ်ပါလော။

ထို့ကြောင့်...

ထိန်ယု၌ မိတ်ဆွေအပေါင်းအသင်းဟူ၍ မရှိသလောက်ဖြစ်နေသည်။

အနည်းငယ်မျှရှိသည်ဖြစ်သော်လည်း ရင်ဖွင့်ပြောဆိုနိုင်သောအဆင့်ရှိသည့် မိတ်ဆွေများ မရှိခဲ့ပါ။

သို့သော် ရှားရှားပါးပါး မိတ်ဆွေတစ်ယောက်ရှိသည်။

ထိုမိတ်ဆွေသည် မားကွမ်းစုပင်ဖြစ်သည်။

သူတို့သည် အတူတကွ အရက်သောက်ခဲ့ဖူးလေသည်။

မားကွမ်းစုက စိတ်ချလက်ချ သောက်ခဲ့သည်။

ထိန်ယုက သူ၏အရက်ထဲသို့ အဆိပ်ခတ်မည်ကို လုံးဝစိုး

ရှိမ်ခြင်းမရှိပါ။

ထိန်သခင်လေးသည် အဆိပ်ခတ်သောပညာ မည်မျှ ကြောက်မက်ဖွယ်ကောင်းသော်လည်း မိတ်ဆွေများကို အကြောင်းမဲ့ အဆိပ်ခတ်လိမ့်မည်မဟုတ်ဟု သူယုံကြည်ထားသည်။

ထိန်ယုသည် မားကွမ်းစုက မိမိအပေါ် သံသယမဖြစ်ပဲ လုံးဝယုံကြည်နေသည်ကို ထောက်ချင့်၍ မားကွမ်းစုအပေါ် လိုက်လိုက်လှဲလှဲ ခင်မင်ရင်းနှီးခဲ့လေသည်။

မားကွမ်းစုအား မိမိ၏အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ဟု သတ်မှတ်ထားလိုက်သည်။

ယခု မားကွမ်းစုသည် အဖိုးအခများပြားသော အလုပ်တစ်ခုကို လက်ခံရရှိထားပြီဖြစ်သည်။

သူ၏အလုပ်ရှင်မှာ ထိန်ယုပင် ဖြစ်လေတော့သည်။

♣ ♣ ♣

ထိန်ယုသည် မည်သူ့အား သတ်နိုင်းပါသနည်း။

အင်္ဂမဲ့(ဝါ) ထိန်ချမ်းမှလွဲ၍ အခြားသူမဖြစ်နိုင်တော့ပါ။

ထိန်ချမ်း သက်ပြင်းရှည်ချလိုက်မိ၏။

မကြာမီအချိန်အတောအတွင်း ထိတ်လန့်ဖွယ်ရာများ ဖြစ်ပေါ်လာမည်ကို သူက ရိပ်စားလိုက်မိပြီဖြစ်သည်။

အင်္ဂမဲ့နှင့်ရွှေမျက်နှာ။



သို့တည်းမဟုတ်...

ထိန်ယုနှင့်ထိန်ချမ်း။

သူတို့သည် ခြသေ့်ခြံဝင်းမှဖြစ်ပါသော်လည်း တစ်မိသားစုတည်းဖြစ်သော်လည်း ရန်သူကြီးများသဖွယ်ဖြစ်ကာ တစ်ယောက်နှင့်တစ်ယောက် ရှင်းပစ်ချင်လိုကြသည်။

ဤကဲ့သို့သော ပြဿနာဖြစ်လာခဲ့ရသည့် အကြောင်းရင်းကား...။

♣ ♣ ♣

နှစ်သစ်ကူးည၏ သန်းခေါင်ယံအချိန်ဖြစ်သည်။

ခြသေ့်ခြံဝင်းမှ မိသားစုနွယ်ဝင်များသည် ခြံဝင်းရှေ့ရှိ မြေကွက်လပ်ပေါ်တွင် ဝိုင်းဖွဲ့ကာ စားသောက်နေကြသည်။

ထိန်ချမ်းသည် ထိုည၌ အရက်ကို အလွန်အကျွံသောက်ထားမိသောကြောင့် ကိုယ့်ကိုကိုယ် မထိန်းနိုင်ဘဲဖြစ်ခဲ့သည်။

သူကား လှိုု့ဝှက်စွာ ဖွဲ့စည်းထားသော အမှောင်ဂိုဏ်းအတော်အတန်အောင်မြင်လာသည်ကို စဉ်းစားရင်း ထမင်းစားပွဲတွင် လွှတ်ခနဲ စကားဟမိသည်။

“ဟဲ...ဟဲ...မင်းတို့ ခြသေ့်ခြံဝင်းနဲ့ ခြသေ့်ကျေးရွာဟာ သိုင်းလောကထဲမှာ အလွန်ကျော်ကြားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ ယူဆထားကြမှာပဲ”

ထိုစဉ်...

ထိန်ယုကလည်း သူ့အနီးတွင် ထိုင်နေသဖြင့် လှမ်းမေး လိုက်မိသည်။

"ဦးလေးကကော ဒီလို မထင်ဘူးလား"

ထိန်ချမ်း ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ကျုပ်တော့ မထင်မိဘူးဗျ"

"ဘာဖြစ်လို့လဲ ဦးလေး"

ထိန်ယုက စိတ်မကျေနပ်ဘဲ ပြန်မေးလိုက်သည်။

ထိန်ချမ်းက ရင်ကော့လိုက်သည်။

"မကြာမီ ခြသေ့်ခြံဝင်းနဲ့ ခြသေ့်ကျေးရွာထက် အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်းတစ်ခု ပေါ်လာတော့မှာကွ၊ အဲဒီအခါကျရင် မင်းတို့တွေအားလုံး သူ့လက်အောက်ကို ဝင်ချင်ဝင် မဝင်ချင်ရင်တော့ သိုင်းလောကမှာ ခြသေ့်ခြံဝင်းဆိုတာ လုံးဝပျောက်ကွယ်သွားမှာပဲ"

ထိန်ယု စိတ်ထဲခံပြင်းလာသည်။

"ဒီမှာဦးလေး..ဦးလေးစကားကြည့်ပြောရင် ကောင်းမယ်"

ထိန်ချမ်း မျက်မှောင်ကုပ်သွားသည်။

"ငါက ဘာကိုကြည့်ပြောရမှာလဲ"

ထိန်ယု မဲ့ပြုံးပြုံးကာ...

"ဦးလေးပြောပုံက ဦးလေးက ခြသေ့်ခြံဝင်းကလူ မဟုတ်သလိုဘဲ"



ထိန်ချမ်း မှာခေါင်းရှုံ့လိုက်သည်။

"အေး မင်းယူဆချင်သလို ယူဆနိုင်တယ် ငါကတော့ ခြသေ့်ခြံဝင်းကို အထင်မကြီးဘူး"

ထိန်ယုသည် လူငယ်ပီပီ သည်းမခံနိုင်ဘဲ ဖြစ်လာသည်။

"ဒါဖြင့် ဦးလေးက ဘာကြောင့် ခြသေ့်ခြံဝင်းမှာ နေနေတာလဲ၊ ခြသေ့်ခြံဝင်းက ထွက်သွားပေါ့"

ထိန်ချမ်းက...

"မင်းစောင့်ကြည့်လိုက်၊ တစ်နေ့ကျရင် ခြသေ့်ခြံဝင်းက ငါ့ကို ဦးညွတ်ပြီး သစ္စာခံလာစေရမယ်၊ ပြီးရင် စုဂူးနယ်ကခြသေ့်ကျေးရွာကို သိမ်းပိုက်ပြမယ်"

"ချမ်း"

ထိန်ယု ဒေါသခြောင်းခြောင်းထွက်သွားသည်။

သည်းမခံနိုင်ဘဲ ဓားကို ဆွဲထုတ်လိုက်မိသည်။

"ဦးလေး ဆက်မပြောနဲ့၊ ကျွန်တော် တိုက်ခိုက်မိလိမ့်မယ်"

ထိန်ချမ်း ခါးထောက်လိုက်သည်။

"အောင်မာ၊ မင်းကများ ငါ့ကိုအန်တုချင်သေးတယ်"

သူသည် လျှပ်တပြက် ရှေ့သို့ခြေတစ်လှမ်းတိုးလာရင်း ထိန်ယု၏ရင်ဝအား လက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

ထိန်ယုက ကမန်းကတန်း ရှောင်တိမ်းလိုက်၏။

သို့သော်...

မလွတ်မြောက်ဘဲ ထိန်ယု၏ရင်ဘတ်အား ပြင်းထန်စွာ

ထိမိသွားသည်။

"ဝှန်း"

ထိုအခါ...

ထိန်ယု၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားသည်။

ထိုအချိန်ကျမှ ခြသေ့်ခြံဝင်းမှလူများသည် ဝိုင်းရံလာကြပြီး သူတို့အား ဖျန်ဖြေပေးကြလေသည်။

သူတို့သည် ထိန်ယုနှင့်ထိန်ချမ်းတို့၏ ဖြစ်ရပ်မှန်ကို မသိကြပါ။ အရက်မူးရင်း စိတ်မထိန်းနိုင်ဘဲ အချင်းချင်းတိုက်ခိုက်နေသည်ဟု ယူဆထားသဖြင့် ယင်းကိစ္စကို ဆက်၍သတိမထားတော့ချေ။

သို့သော်...

ယင်းပြဿနာဖြစ်ပြီးနောက်ပိုင်း ထိန်ယုသည် ထိန်ချမ်း၏ လှုပ်ရှားမှုကို အကဲခတ်စောင့်ကြည့်နေခဲ့လေတော့သည်။

♣ ♣ ♣

အချိန်၊ နေ့ရက်များ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သည်။

ထိန်ယုနှင့်ထိန်ချမ်းတို့သည် အပေါ်ယံတွင် တစ်ယောက်နှင့်တစ်ယောက် ပြေပြေလည်လည် ရှိနေကြသည်ဟု ထင်ရပေသည်။

အမှန်မှာ...

ထိန်ယုက ထိန်ချမ်း၏ လှုပ်ရှားမှုကို တိတ်တဆိတ် သတိ



ထားနေလေသည်။

သုံးလကြာသွားပြီးနောက် ထိန်ယုသည် မမျှော်လင့်ဘဲ ထိန်ချမ်း၏ဆက်သွယ်ရေးဌာနတစ်ခုအား တွေ့ရှိသွားလေသည်။

ထိန်ချမ်း လျှို့ဝှက်အသုံးပြုသော အမည်မှာ 'အင်ိုမဲ့'ပင် ဖြစ်သည်။

ထိုအချိန်မှစပြီး...

ထိန်ယုသည် 'ရွှေမျက်နှာ' အမည်ဖြင့် စတင်လှုပ်ရှားလာလေသည်။

သူ၏လှုပ်ရှားမှုမှာ ထိန်ချမ်း၏လှုပ်ရှားမှုကို ခြေရာခံ လိုက်လံစုံစမ်းခြင်း ဖြစ်သည်။

ဤသို့ဖြင့်...

သိုင်းလောက၌ အင်ိုမဲ့နှင့် ရွှေမျက်နှာဟူသော ထူးဆန်းသည့်အမည်များ ပေါ်ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

တစ်နှစ်...။

တစ်နှစ်ဟူသောအချိန် ကုန်ဆုံးသွားသောအခါ ထိန်ယုသည် ထိန်ချမ်း၏အကြံအစည်အားလုံးကို ကောင်းစွာ ရိပ်စားမိလာလေသည်။

ထိန်ချမ်း၏ ပင်မအခြေခံစခန်းမှာ အမှောင်ကျေးရွာတွင်

ရှိနေသည်ကို ထိန်ယုက တိကျစွာ သိရှိထားလေသည်။

ထိန်ယုသည် ငွေကို ရေလိုသုံး၍ ထပ်မံလေ့လာစုံစမ်းလိုက်သောအခါ အမှောင်တောင်ကြား၏ အကြောင်းစုံအားလုံးတို့ကို ကောင်းစွာ သိရှိခဲ့လေသည်။

ထို့ကြောင့် သူသည် အမှောင်ကျေးရွာသို့ တစ်ကိုယ်တည်းတိုးဝင်သွားခဲ့ခြင်းပင် ဖြစ်သည်။

ထိန်ယုထံတွင် မိတ်ဆွေရင်းဟူ၍ မားကွမ်းစု တစ်ယောက်တည်းသာရှိသည်

သို့သော် ဤသည်ကပင် သူ့အတွက် လုံလောက်နေ၏။

အကြောင်းမှာ...

မားကွမ်းစုသည် မိတ်ဆွေအပေါင်းအသင်း အလွန်များရုံသာမက လူတိုင်းလေးစားရသော မိတ်ဆွေများ ရှိသေးသည်။

သူ၏မိတ်ဆွေများထဲ၌ တစ်ကိုယ်တော်သိုင်းသမား ကျန်းလုံထင်။ အရက်မူးသိုင်းသမား ထိန်ချမ်း၊ ဓားသမားလုံးဝူတို့လည်း ပါဝင်ကြပေသည်။

ယခု....

ထိန်ယုသည် အမှောင်ကျေးရွာသို့ ရွှေမျက်နှာအမည်ဖြင့် သွားရောက်နေသည်ကို ကြားလိုက်သည်နှင့် ကျန်းလုံထင်းတို့လူစုသည် ရှေ့ဆင့်နောက်ဆင့် ဆိုသလို အမှောင်ကျေးရွာသို့ ရောက်ရှိလာခဲ့ကြတော့သည်။

♣ ♣ ♣



ရွှေမျက်နှာအမည်ခံထားသော ထိန်ယုသည် အမှောင်ကျေးရွာသို့ ရောက်ရှိလာသောအခါ မောက်ဖုံးနှင့်တွေ့ဆုံကာ အငိုမဲ့(ဝါ) ထိန်ချမ်းအားသတ်ရန် ကြေးစားကိုးယောက် ငှားရမ်းခဲ့သည်။

မောက်ဖုံးသည် အငိုမဲ့ဆိုသူမှာ မိမိ၏ခေါင်းဆောင် ထိန်ချမ်းဖြစ်နေသည်ကို မသိခဲ့ပေ။

ကြေးစားကိုးယောက်တို့ကလည်း မသိကြပါ။

အကြောင်းမှာ...

အငိုမဲ့အမည်ခံ ထိန်ချမ်းနှင့် တိုက်ရိုက်ဆက်သွယ်သည့် လူထန်းတစ်ယောက်တည်းသာ သိသည်။

မောက်ဖုံးနှင့် ကြေးစားကိုးယောက်က မသိ၍လက်ခံခဲ့ခြင်းပင် ဖြစ်သည်။

ဤသည်က သူတို့အဖို့ ကံဆိုးခြင်းပင်ဖြစ်ပေတော့သည်။

ထိန်ယုသည် အမှောင်ကျေးရွာသို့ ဦးတည်လာရာ၌ သူ့နောက်တွင် ထိန်ချမ်းက ခြေရာခံလိုက်လာသည်ကို သတိပြုမိလိုက်သောကြောင့် သူသည် ယင်းကဲ့သို့ ပရိယာယ်ဆင်လိုက်ခြင်းဖြစ်သည်။

တစ်ဘက်မှလည်း မိတ်ဆွေဖြစ်သူ မားကွမ်းစုအား အငိုမဲ့အားသတ်ရန် ငှားရမ်းထားခဲ့ပြီး ဖြစ်ပေတော့သည်။

♣ ♣ ♣

## ကျားရှေ့ရောက်သားကောင်

မောက်ဖုံးသည် ငွေကြေးမြောက်များစွာ ရရှိလိုက်သော ကြောင့် လက်ခံလိုက်သည်။

သူသည် အငိုမဲ့အမည်ခံ ထိန်ချမ်း၏ပုံတူပန်းချီကားအား ကြေးစားကိုးယောက်လက်သို့ ပေးအပ်လိုက်လေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး လုပ်ရိုးလုပ်စဉ်ဟု သဘောထား ကာ လုထန်းအား အသိမပေးခဲ့ချေ။

ကြေးစားကိုးယောက်တို့သည် ထိန်ချမ်း၏ပုံတူပန်းချီကား ချပ်အားယူကာ အမှောင်ကျေးရွာမှ ထွက်ခွာသွားကြသည်။

သူတို့သည် အမှောင်ကျေးရွာမှ ထွက်ခွာသွားရာ တောအုပ် တစ်ခုထဲသို့ ရောက်ရှိလာသောအခါ ထိန်ချမ်းအား ပက်ပင်းတိုးမိ သွားလေတော့သည်။

♣ ♣ ♣



ကြေးစားကိုးယောက်သည် ထိန်ချမ်းအား ရှင်းလင်းရန် ခရီးထွက်ခဲ့ကြသည်။

အမှောင်ကျေးရွာမှ ထွက်ခွာခဲ့ပြီးနောက် တောအုပ်တစ်ခု သို့ရောက်ရှိခဲ့သည်။

တောအုပ်ထဲမှ လူတစ်ယောက်က ခြေလှမ်းမှန်မှန်ဖြင့် ထွက်လာသည်ကို တွေ့လိုက်ရ၏။

ကြေးစားကိုးယောက်က ပြိုင်တူပင် ခြေလှမ်းရပ်လိုက်ကြ သည်။

တဖန်...

ထိုလူသွားရာလမ်းကို ပိတ်ဆို့ထားလိုက်ကြလေသည်။

အကြောင်းမှာ...

သူတို့သည် ထိုလူအား စိတ်ထဲ၌ သံသယဖြစ်ပေါ်လာသ ဖြင့် အကဲခတ်ကြည့်ရန် စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

သူတို့သည် ထိုသူအား သေချာစွာ အကဲခတ်ကြည့်လိုက်မိ သောအခါ...

ထိုလူ၏ခေါင်းပေါ်တွင် ကြီးမားသော ခမောက်တစ်လုံး ဆောင်းထားသည်ကို တွေ့ရသည်။

ကိုယ်ပေါ်တွင် အနက်ရောင်အင်္ကျီရှည် ဝတ်ဆင်ထားပြီး သူ၏လက်တစ်ဘက်သည် ခါးမှာချိတ်ထားသောဓားကို ဆုပ်ကိုင် ထားသည်။

ကြီးမားသော ခမောက်က နိမ့်စွာဆောင်းထားသဖြင့် မျက်

နှာကို ကောင်းစွာမမြင်ရချေ။

ငင်း၏ပုံသဏ္ဌာန်ကို ကြည့်လိုက်သည်နှင့် ထိပ်တန်းသိုင်းသမားဖြစ်ရမည်ဟု ကြေးစားကိုးယောက်တို့က အကဲခတ်မိလေသည်။

ထိုလူသည် ခြေလှမ်းမှန်မှန်ဖြင့် တည့်မတ်စွာ လျှောက်လာလေသည်။

သူ၏ဟန်မူရာမှာ ထိုကြေးစားကိုးယောက်တို့အား လုံးဝမမြင်တွေ့လိုက်ရသည့်အလား အေးအေးဆေးဆေး နိုင်လှပေသည်။

ထိုလူသည် အနီးသို့ ရောက်ရှိလာသောအခါကျမှ ခြေလှမ်းရပ်လိုက်သည်။

ထိုလူ၏ ပမာမခန့် ဟန်မူရာကြောင့် ကြေးစားကိုးယောက်မကျေမနပ် ဖြစ်သွားကြသည်။

"ဟေ့ မင်းဘယ်သူလဲ"

ကြေးစားကိုးယောက်အနက် 'မိုးတာ'ဆိုသောလူက မေးလိုက်လေသည်။

ထိုလူက အဖြေမပေးပါ။

မလှုပ်မယှက် ရပ်နေသည်။

သူတို့ကိုလည်း ခေါင်းမော့၍ပင် မကြည့်ပါ။

ခေါင်း ငုံ့ထားလျှက်ရှိသည်။

ခမောက်ဆောင်းထားသူအား ကြည့်ကာ...

"မေးနေတာ မကြားဘူးလား"



ဟု ငေါက်လိုက်သည်။

ထိုလူ သက်ပြင်းတစ်ချက် တိတ်တဆိတ် ချလိုက်သည်။

ထို့နောက်...

ခေါင်းကို အသာအယာ မော့လိုက်သည်။

ခေါင်းမော့လိုက်သောအခါမှ သူ၏မျက်နှာအား ပီပီပြင်ပြင်တွေ့လိုက်ရလေသည်။

ရုတ်တရက်....

"ခင်ဗျားကိုး"

မိုးတာက လွှတ်ခနဲ ရေရွတ်လိုက်သည်။

ရှောင်ဂူးလည်း မျက်မှောင်ကုပ်သွား၏။

ချက်ချင်းပင် အိတ်ထဲမှပုံတူပန်းချီကားချပ်ကို ထုတ်ယူလိုက်သည်။

ထို့နောက်...

ထိုလူ၏မျက်နှာအား သေသေချာချာ အကဲခတ်ကြည့်လိုက်ပြန်သည်။

ပြီးလျှင် ပုံတူပန်းချီကားချပ်ကို ပြန်ကြည့်သည်။

ယင်းနောက် ကျေနပ်စွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကျုပ်တို့က ခင်ဗျားကို လိုက်ရှာမလို့ အခုလိုတွေ့ရတော့အဆင်သင့်ပဲပေါ့"

ဟုလည်း ရေရွတ်လိုက်၏။

အကြောင်းမှာ...

ထိုလူသည် ထန်ယုက အခကြေးငွေပေး၍ ရှင်းခိုင်းလိုက်သောလူပင် ဖြစ်သည်။

တစ်နည်းအားဖြင့်...

အငိုမဲ့(ဝါ) ထိန်ချမ်းဖြစ်နေပါတော့သည်။

♣ ♣ ♣

ထိန်ချမ်းသည် ရှူးရှစ္စာဖြင့် ကြေးစားကိုးယောက်တို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက်...

သွားကြားထဲမှ ထွက်လာသောလေသံဖြင့်...

"မင်းတို့က ငါ့ကိုလိုက်ရှာတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ရှောင်ဂူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ထိန်ချမ်းက...

"ဘာအကြောင်းရှိလို့လဲ"

ဟု မေးလိုက်ပြန်သည်။

ရှောင်ဂူးက မဲ့ပြုံးပြုံး၍...

"ခင်ဗျားနာမည်က 'အငိုမဲ့' ဟုတ်လား"



ထိန်ချမ်း မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲ"

"ဟား...ဟား...ဟား"

မိုးတာ ရယ်မောလိုက်သည်။

တဖန်...

အေးတိအေးစက်လေသံဖြင့်...

"ခင်ဗျားနာမည်က အငိုမဲ့ဖြစ်နေရင် လုံလောက်သွားပါပြီ"

သူသည် ပြောပြီးသည်နှင့် ကျောက်လက်ဝါးသိုင်းကွက် ထုတ်ဖော်ကာ ထိန်ချမ်း၏နောက်ကျောအား ရိုက်ချလိုက်သည်။

တဆက်တည်းမှာပင်...

ရှောင်ဂူးကလည်း...

"ယား"

ညာသံပေးကာ ခုန်ဝင်လာ၏။

ပြီးလျှင်...

ထိန်ချမ်း၏ရင်ဘတ်အား ပေါက်ဆိန်ဖြင့် ခုတ်ချလိုက်လေတော့သည်။

သူတို့နှစ်ယောက် တိုက်ခိုက်လျှင် ကျန်သော ကြေးစားခုနစ်ယောက်တို့က တစ်ချိန်တည်း ပြိုင်တူ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိန်ချမ်း၏မျက်နှာ အေးစက်ခက်ထန်လာလေသည်။

ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များလည်း

ထွက်ပေါ်လာသည်။

ရုတ်ခြည်းပင်...

"ယား"

ကျယ်လောင်သော ညာသံတစ်ချက်ပေးကာ ပြန်လည် တိုက်ခိုက်လိုက်၏။

သူ၏တိုက်ကွက်အား တွေ့လျှင်...

"ဟင်"

"ဟာ"

မိုးတာနှင့်ရှောင်ဝူးတို့ အထိတ်တလန့် အော်လိုက်မိကြလေ သည်။

ကျန်စုနစ်ယောက်လည်း မျက်လုံးပြူးသွားကြ၏။

အကြောင်းမှာ...

ထိန်ချမ်း ထုတ်ဖော်အသုံးပြုလိုက်သော သိုင်းကွက်မှာ ထိုက်ကျိဂိုဏ်း၏ တိမ်မြုပ်ပျောက်ကွယ်နေသော 'ကိုယ့်အတတ် ကိုယ်စူး' သိုင်းကွက်ပင် ဖြစ်လေသည်။

ယင်းသိုင်းကွက်၏ ထူးခြားသောသတ္တိမှာ ရန်သူ တိုက်ခိုက် လာသော သိုင်းကွက်ဖြင့်ပင် ထိုရန်သူကို တုံ့ပြန်ထိခိုက်သွားစေနိုင် သော သတ္တိရှိလေသည်။

ထို့ကြောင့်...

ကြေးစားကိုးယောက်တို့သည် ထိန်ချမ်းအား မယှဉ်နိုင်ခဲ့ပါ ချေ။



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကြေးစားကိုးယောက်တို့သည် မိမိတို့ တိုက်ခိုက်လိုက်သော အတတ်ပညာဖြင့် ကိုယ့်ကိုကိုယ် ပြန်ပြီးထိမှန်ကာ သေဆုံးသွားကြ လေတော့သည်။

♣ ♣ ♣

တောအုပ်တစ်ခုလုံး တိတ်ဆိတ်နေ၏။

အကယ်၍သာ...

မြေပေါ်လဲကျနေသော အလောင်းကိုးလောင်းအား မတွေ့ လိုက်ရပါလျှင် ဤနေရာတွင် မည်သည့်အကြောင်းကိစ္စမျှ ဖြစ်ပေါ် သည်ဟု သိကြမည် မဟုတ်ပါ။

ထိန်ချမ်းသည် အသက်ကင်းမဲ့နေသော ကြေးစားကိုး ယောက်တို့၏ အလောင်းအား အတန်ကြာ စိုက်ကြည့်လိုက်သည်။

ထို့နောက် သူသည် တောအုပ်ထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

သူ ဦးတည်သောအရပ်ကား အမှောင်ကျေးရွာသို့ ဖြစ် လေသည်။

တစ်နည်းအားဖြင့်...

သူ လက်လွှဲထားရသော လူယုံတော်လုထန်းထံသို့ပင် ဖြစ်လေသည်။

လုထန်း၏ကံကြမ္မာ မည်သို့ရှိမည်နည်း။

♣ ♣ ♣

လုထန်းသည် ခေါင်းငုံ့နေ၏။

သူ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"မင်း အတော် အသုံးမကျတဲ့ကောင်"

အငိုမဲ့က သူ့အား ဆူပူကြိမ်းမောင်းနေ၏။

သူက ဆက်၍...

"အခု ရွှေမျက်နှာဆိုတဲ့အကောင် ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

လုထန်းက တုန်ယင်စွာဖြင့်...

"သူ..သူ..ဒီကထွက်သွားပြီလို့ ထင်ပါတယ်"

"ဘာကွ"

ထိန်ချမ်း(ဝါ) အငိုမဲ့၏အသံ ဟိန်းထွက်လာသည်။

သူက မဲ့ပြုံးပြုံးလိုက်ပြီး...

"ရန်သူတစ်ယောက်လုံးလုံး တို့ဆီရောက်လာတာတောင် မင်းက မသိဘူး၊ အခုလည်း ဘယ်သွားတယ်ဆိုတာ မင်းကမသိဘူး



ဟုတ်လား"

ဟု မေးလိုက်သည်။ လုထန်း၏ဦးခေါင်းသည် အောက်သို့ ပို၍နိမ့်ကျလာလေသည်။

"ကျွန်တော် အလုပ်များပြီး သတိလက်လွတ်ဖြစ်သွားလို့ပါ"

အငိုမဲ့ မျက်မှောင်ကုပ်သွားသည်။

"မင်းကို ငါက အထင်ကြီးပြီး ဒီအရေးကြီးတဲ့ ဌာနတစ်ခုလုံး မင်းလက်ထဲ အပ်ထားတာကွ၊ မင်းကသာ ဒီလိုအသုံးမကျရင် ငါဘာ ဆက်လုပ်ရမလဲ"

လုထန်းက စကားဆက်မပြောဘဲ ဆိတ်ဆိတ်နေလိုက်လေသည်။

"ဝုန်း"

အငိုမဲ့က လက်ဝါးဖြင့် စားပွဲပေါ်သို့ ရိုက်ချလိုက်ပြန်သည်။

"ရွှေမျက်နှာ ဘယ်မှာရှိသလဲဆိုတာ မင်း အမြန်ဆုံးလိုက်ရှာရမယ်၊ ဖြစ်တဲ့နည်းနဲ့ သူ့ကို အရှင်လတ်လတ်ဖမ်း၊ မဖမ်းနိုင်ရင် မင်းကို သတ်ပစ်ရမယ်"

သွားကြားထဲမှ လေသံဖြင့် ကြိမ်းလိုက်သည်။

လုထန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်တော်ဖြစ်အောင် လုပ်ပါ့မယ်၊ ဆရာကြီး"

အငိုမဲ့က မျက်မှောင်ကုပ်လိုက်သည်။

"ဒီကိစ္စကို မင်းဘယ်လိုဆောင်ရွက်မယ်ဆိုတာ ပြောပြစမ်းပါဦး"

လုထန်းက အတန်ကြာ စဉ်းစားလိုက်သည်။

ထိုစဉ်...

သူ၏ခေါင်းထဲသို့ အကြံတစ်ခု ဖြတ်ခနဲ ဝင်ရောက်လာ၏။

"ဒီလိုပါ ဆရာကြီး၊ ရွှေမျက်နှာဟာ နတ်သမီးဂေဟာက ယွင်ကြူးဆိုတဲ့ မိန်းကလေးကို အတော်ကလေး မေတ္တာရှိနေပါတယ်၊ အဲဒီတော့ ယွင်ကြူးကို ငါးစာအဖြစ် အသုံးချလိုက်ရင် ရွှေမျက်နှာဟာ မလာဘဲ မနေနိုင်ပါဘူးဗျာ"

သူသည် ပြောရင်း သူ၏အကြံကို ကျေနပ်လာလေသည်။

"သူသာ ရောက်လာပါစေဗျာ၊ အားလုံး ကျွန်တော့်ရဲ့တာဝန်ပါ ဆရာကြီး"

အငိုမဲ့ ခေါင်းညိတ်လိုက်သည်။

"မင်းအကြံ မဆိုးဘူး၊ ဒီအတိုင်း ဆက်လုပ်၊ သူ့ကိုလုံးဝ မလွတ်စေနဲ့ ကြားလား"

လုထန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာကြီး"

အငိုမဲ့ သက်ပြင်းချလိုက်၏။

"ငါက သိပ်ပြီး အရေးကြီးတဲ့ကိစ္စရှိလို့ ဒီမှာမနေတာ မဟုတ်ရင် ဒီကောင်ကို ငါကိုယ်တိုင် သတ်ပစ်ချင်တယ်"

လုထန်းက ဦးညွှတ်လိုက်သည်။

"ဆရာကြီးမှာ အရေးကြီးတဲ့ကိစ္စရှိနေတယ် ဟုတ်လား"

ဟု မေးလိုက်သည်။



အငိုမဲ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လုထန်း၏မျက်နှာ တည်ကြည်လေးနက်သွားလေတော့သည်။

သူသည် ယုံကြည်စိတ်ချသော လေသံဖြင့်...

"ဆရာကြီးမှာ အရေးကြီးတဲ့ကိစ္စရှိရင် စိတ်ချသာသွားပါ၊ ရွှေမျက်နှာကို အသေရရ အရှင်ရရ ကျွန်တော့် တာဝန်ထားပါခင်ဗျာ"

အငိုမဲ့ သက်ပြင်းချလိုက်၏။

ထို့နောက်...

လုထန်း၏ပခုံးအား အသာအယာ ပုတ်လိုက်လေသည်။

ပြီးလျှင်...

တည်ကြည်လေးနက်သော လေသံဖြင့်...

"မင်းဟာ ငါအယုံကြည်ရဆုံးသော လူယုံတစ်ဦးပဲ၊ ဒါကို မင်းနားလည်လား"

ဟု မေးလိုက်သည်။

လုထန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ နားလည်ပါတယ် ဆရာကြီး"

အငိုမဲ့ တစ်ချက်ပြုံးကာ...

"ကောင်းပြီ၊ မင်းကို ငါယုံလို့လည်း ဒီအချက်အချာကျတဲ့ အမှောင်ကျေးရွာကို တာဝန်ပေးထားတာပေါ့၊ မင်းဘက်ကသာ

အဆင်ပြေအောင် ဆောင်ရွက်ပါ။ ငါ မင်းကို အစစအရာရာလွှဲအပ်လိုက်ပြီ"

ထိုစကားကြောင့် လုထန်း စိတ်သက်သာရာရသွားလေသည်။

အငိုမဲ့သည် ရွှေမျက်နှာအား သတ်ရန် သူ့အားယုံကြည်စိတ်ချစွာ လွှဲအပ်ခဲ့ပြီဖြစ်သည်။

အငိုမဲ့ ထွက်သွားသောအခါ လုထန်း၏မျက်နှာပေါ်တွင် လူသတ်လိုသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

သူသည် ချက်ချင်းပင် မောက်ဖုံးအားခေါ်ကာ သေမိန့်ပေးလိုက်၏။

တဖန် သက်သမကင်းဖြစ်နေသော ရှထိကျင်းအား စောင့်ကြည့်လိုက်သည်။

ဤတွင် ရှထိကျင်း အယောင်ဆောင်ထားသူမှာ ရွှေမျက်နှာဖြစ်၍ သူ၏စားသမားများအား စေလွှတ်ခဲ့လေတော့သည်။

♣ ♣ ♣



## တိုက်ပွဲ

ရွှေမျက်နှာသည် သူ၏ဓားကို ဆွဲထုတ်လိုက်သည်။

မောက်ဖုံးကလည်း အံကိုတင်းတင်းကြိတ်ကာ ပြန်လည်ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

အနီရောင်ဓားသမား(၄၀)တို့သည် ဓားကို ပြိုင်တူဆွဲထုတ်လိုက်ကြသည်။

မီးရောင်အောက်တွင် ဓားရောင်များ ဝင်းလက်တောက်ပသွားလေသည်။

ယခု...

ရွှေမျက်နှာနှင့် မောက်ဖုံးတို့သည် အနီရောင်ဓားသမား(၄၀)နှင့် ရင်ဆိုင်ရမည် မဟုတ်ပါလား။

ထို့အပြင်...

လုထန်းနှင့် ထိပ်တန်းသိုင်းသမား(၂) ယောက်က စောင့်ကြည့်နေသည်။

ထို့ကြောင့်...

မောက်ဖုံးနှင့် ရွှေမျက်နှာတို့သည် အဆိုးဝါးဆုံးသော အခြေအနေတွင် ရှိနေသည် မဟုတ်ပါလား။

ယွင်ကြူးနေထိုင်သော အခန်းကလေး၏ဝန်းကျင်တွင် စောင့်ကြပ်ရသော၊ လုထန်း အားအထားရဆုံးသော ဓားသမား(၁၂) ယောက်တို့သည် အမှောင်ကျေးရွာတွင် ထိပ်တန်းသိုင်းသမားစာရင်း၌ ပါဝင်နေသည်။

သူတို့၏ဓားပညာများသည် မည်မျှအဆင့်မြင့်နေသည်ကို သေချာစွာ မသိလိုက်ရသော်လည်း လုထန်းက အလွန်အားထားနေသဖြင့် ယင်းဓားသမား(၁၂)ယောက်သည် မည်မျှအစွမ်းထက်သည်ကို ခန့်မှန်းနိုင်ပေသည်။

♣ ♣ ♣



## လုံးဝူ

ယွင်ကြူးနေထိုင်သောနေရာ အနီးတဝိုက်တွင် ရေကန်ကလေးတစ်ခုရှိသည်။

ယင်းရေကန်ကလေးသည် ရေများကြည်လင်၍ အေးချမ်းလှပေသည်။

သို့သော်...

ယနေ့အဖို့ ရေကန်မှာ အနည်းငယ် နောက်နေသည်ကို သိရလေသည်။

ထိန်ယု၏ဦးလေးဖြစ်သည့် ထိန်ဝူးသည် ထိန်ယု အမှောင်ကျေးရွာတွင် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု ကြားလိုက်ရသဖြင့် သူသည် နေ့ညမနားဘဲ ခရီးနှင်ခဲ့လေသည်။

သူသည် လမ်းခရီးတလျှောက်တွင် မြင်းသုံးကောင်လဲခဲ့ရသည်။

ထို့ကြောင့်...

သူသည် တစ်နေ့နှင့်တစ်ညသာ အချိန်ကုန်ပြီး အမှောင်ကျေးရွာသို့ချောမောစွာ ရောက်ရှိလာသည်။

သူသည် အမှောင်ကျေးရွာသို့ ရောက်ရှိလာသောအခါ ည
အချိန်ပင် ဖြစ်သည်။

ခရီးရောက်မဆိုက် သူသည် ယွင်ကြူးနေထိုင်သောနေအိမ်
သို့ လျှောက်သွားသည်။

ရေကန်အနီးသို့ ရောက်သောအခါ ရေကန်၏တစ်ဘက်တွင်
အစိမ်းရောင်အင်္ကျီရှည်ဝတ်ဆင်ထားသော လူတစ်ယောက်ထိုင်နေ
သည်ကို တွေ့ရသည်။

ထိုလူသည် ရေကန်၏နံဘေး၌ တိတ်ဆိတ်စွာ ထိုင်နေလေ
သည်။

သူ၏ပုံဟန်မှာ အိပ်ပျော်နေသည်ဟု ထင်ရလေသည်။

သို့သော်...

ထိုလူ၏မျက်လုံးအစုံသည် လုံးဝမှိတ်ထားခြင်း မရှိဘဲဖြစ်
နေသည်ကို ထိန်ဝူးက တွေ့လိုက်ရလေသည်။

ထို့အပြင်...

ထိုလူ၏ယာဘက်လက်သည် ဓားရိုးပေါ်၌ချထားလေ
သည်။ သူ၏အနေအထားကို ကြည့်လိုက်လျှင် အချိန်မရွေး လူသတ်
ရန်ဟန်ပြင်ထားသည်နှင့် တူလှပေသည်။

ထိုလူက မည်သူနည်း။

သူက အဘယ်ကြောင့် ယွင်ကြူး၏အိမ်အနီး၌ လာရောက်
နေထိုင်ရပါသနည်း။

ယွင်ကြူးအား စောင့်ကြည့်ရန် လုထန်းက လွှတ်ထားသော



လူ ဖြစ်နေမည်လော။

သို့သော် ထိန်ဝူးက မဖြစ်နိုင်ဟု ယူဆသည်။

အကြောင်းမှာ...

လုထန်း၏လက်အောက်တွင် ယင်းကဲ့သို့လူစားမျိုး ရှိနေ
မည်မဟုတ်ကြောင်း သူယုံကြည်သည်။

ယင်းလူသည် သာမန်သိုင်းသမားတစ်ယောက်မဟုတ်
ဟုလည်း သူက ယုံကြည်ထားသည်။

♣ ♣ ♣

ထိန်ဝူးက ရှေ့တည့်တည့်ကို လျှောက်သွားသည်။

သူသည် အစိမ်းရောင် ဝတ်ဆင်ထားသောသူအား အကဲ
ခတ်ကြည့်လိုက်သည်။

"ဟေ့သူငယ်..မင်းက ယွင်ကြူးကို စောင့်ကြည့်ဖို့လာတာ
လား၊ ကယ်တင်ဖို့လာတာလား"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက သက်ပြင်းချလိုက်
သည်။

"ခင်ဗျားရဲ့နှာခေါင်းဟာ နှာစေးနေတယ်နဲ့တူတယ်နော်"

ထိန်ဝူး မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘာကိုဆိုလိုတာလဲ"

အစိမ်းရောင်နှင့်လူက မျက်နှာ တစ်ချက်မဲ့လိုက်ပြီး...

"နှာစေးလို့ အနံ့တွေ မရတာပေါ့"

ထိန်ဝူးက ရယ်မောလိုက်သည်။

"ကျုပ်နှာခေါင်းက သွေးစိမ်းနံ့တွေရတယ်"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လူရဲ့သွေးက ထွက်လာတဲ့ သွေးစိမ်းနံ့တွေပဲ"

ထိန်ဝူးက နှာခေါင်းတစ်ချက်ရှုံ့ကာ...

"လူရဲ့သွေးပဲဖြစ်ဖြစ်၊ ခွေးရဲ့သွေးနဲ့ပဲဖြစ်ဖြစ် သွေးစိမ်းနံ့ဆိုရင် အနံ့က ဆိုးရွားတာပါပဲ"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီနေရာတဝိုက်မှာ လူသေအလောင်းတွေ ပြည့်နှက်နေလို့ သွေးစိမ်းနံ့က ပိုပြီးစူးရှနေတာပါ"

ထိန်ဝူးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါတွေက မင်းရဲ့လက်ချက်တွေ ဟုတ်လား"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက ခေါင်းညိတ်လိုက်သည်။

"သူတို့လူ စုစုပေါင်း(၁၂)ယောက်ရှိတယ်၊ ကျုပ်က သူတို့နဲ့ ရင်မဆိုင်ခင် သူတို့အကြောင်းကို စုံစမ်းခဲ့ပြီးပါပြီ၊ သူတို့တွေဟာ အတော်ယုတ်မာပြီး ရက်စက်ကြမ်းကြုတ်တဲ့လူတွေပဲ"

ထိန်ဝူး၏မျက်လုံးအစုံတွင် သံသယအရိပ်အငွေ့များ ဖြစ်



ပေါ်လာသည်။

"မင်းတစ်ယောက်တည်းနဲ့ သူတို့(၁၂) ယောက်ကို မမှုပေမယ့် သူတို့အားလုံးကို သတ်ပစ်ဖို့ဟာ မဖြစ်နိုင်ပျါဘူး"

ထိန်ဝူး၏မျက်လုံးအစုံတွင် ဝင်းလက်တောက်ပလာသည်။

"ဒီလိုဆိုရင် မင်းမှာ အဖော်ပါလာသေးသပေါ့"

အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသောလူက ခေါင်းညိတ်ပြလိုက်သည်။

ထိန်ဝူးက ထပ်မံမေးလိုက်သည်။

"သူတို့က ဘယ်သူတွေလဲ"

"သူတို့မဟုတ်ပါဘူး၊ သူတစ်ယောက်တည်းပါ"

သူသည် ပြောရင်း ယာဘက်ရှိ သစ်ပင်ရှိရာသို့ ညွှန်ပြလိုက်သည်။

ထိုသစ်ပင်၏နောက်ကွယ်တွင် မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြည်းညင်းစွာ လှမ်းထွက်လာသည်။

သူ၏လက်ထဲတွင် လှံတစ်ချောင်းကို တင်းကြပ်စွာဆုပ်ကိုင်ထားသည်ကို တွေ့ရသည်။ လှံတံက အလွန်ဖြောင့်မတ်သည်။

အဘိုးအို၏ခါးမှာလည်း အလွန်မတ်ပြီး ရှည်လျားလှပေသည်။ ထိန်ဝူးက အံ့အားသင့်သွားသည်။

"စုဝူးနယ်က ထိန်သခင်ကြီးပါလား"

မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသော အဘိုးအိုက သဘော

ကျွစွာ ရယ်မောလိုက်သည်။

"ဟေ့ ထိန်ဂူး၊ မင်းငါ့ကို မှတ်မိသေးသားပဲ"

ထိုမီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသော အဘိုးအိုမှာ စုဂူးနယ်ရှိ ခြသေ့်ကျေးရွာမှ အကြီးအကဲဖြစ်သူ ထိန်သခင်ကြီးပင်ဖြစ်သည်။

♣ ♣ ♣

ထိန်ဂူးနှင့် ထိန်သခင်ကြီးတို့သည် ဆွေမျိုးတော်စပ်သော ညီအစ်ကိုဖြစ်ရုံမက သူတို့သည် အသက်ငယ်ရွယ်နုနယ်စဉ်က အတူလက်တွဲပြီး သိုင်းလောကအတွက် ကောင်းကျိုးများပြုခဲ့ကြသည်။

အလွန်ကျော်ကြားသော လုပ်ရပ်များကိုလည်း အများအတွက် လုပ်ပေးခဲ့သည်။

ယခု...

သူတို့သည် အတူတူ ထပ်မံတွေ့ဆုံရပြန်သည်။

သူတို့သည် အမှောင်ထု၌တွေ့ဆုံကြသည် ဖြစ်သော်လည်း မကြာမီမှာပင် မိုးသောက်အရုဏ်ရောင်ခြည်ဦးအား တွေ့မြင်ရတော့မည် မဟုတ်ပါလော။

♣ ♣ ♣



## လူစုံတက်စုံ

တစ်ညတာ၏ အမှောင်မိုက်ဆုံးအချိန်များသည် ကုန်ဆုံးသွားပြီဖြစ်သည်။

အရှေ့အရပ်၌ အရုဏ်ဦးရောင်ခြည်များကို စတင်တွေ့မြင်လိုက်ရပြီ ဖြစ်သည်။

ထိန်ဂူးသည် အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူအား အတန်ကြာ ကြည့်လိုက်လေသည်။

"ကျုပ် မမှားဘူးဆိုရင် မင်းဟာ လုံးဂူဖြစ်ရမယ်"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက ပြုံးလိုက်၏။

"ဟုတ်ကဲ့ ကျွန်တော် လုံးဂူပါ"

ထိန်ဂူးက လက်မထောင်ပြလိုက်သည်။

"အင်း မင်းတို့လူငယ်တွေဟာ ခုလိုတက်တက်ကြွကြွရှိနေတာကို ကျုပ်ချီးကျူးပါတယ်"

လုံးဂူက ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ထိန်ဝူးက စကားဆက်လိုက်သည်။

"ဒီနေရာက အမှောင်ကျေးရွာဖြစ်တယ်၊ နောက်ပြီး ဒုစရိုက်အဖွဲ့ရဲ့ အရေးကြီးတဲ့ စခန်းတစ်ခုလည်း ဖြစ်တယ်လေ"

လုံးဝူက စကားဆက်လိုက်သည်။

"ကျွန်တော် သိပါတယ်"

ထိန်ဝူးက ပြုံးလိုက်သည်။

"ဘယ်သူမဆို ဒီကိုလာပြီး အနှောက်အယှက်ပြုမယ်ဆိုရင် အလွန်သတ္တိရှိမှဖြစ်မယ်၊ အချိန်မရွေး အသက်အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာလည်း သိထားမှဖြစ်မယ်"

လုံးဝူက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လည်း သေရမှာမကြောက်လို့ လာခဲ့တာပါ"

ထိန်သခင်ကြီး ချောင်းတစ်ချက်ဟန့်လိုက်၏။

"အမှန်ပြောရမယ်ဆိုရင် ကျုပ်က မင်းကို ဟိုအရင်က ကြည့်လို့မရဘူးကွ"

လုံးဝူက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခုတော့ကော"

ထိန်သခင်ကြီးက ရယ်ကျဲကျဲဖြင့်...

"အခုတော့ နည်းနည်းပါးပါး ကြည့်လို့ရလာပြီဆိုပါတော့"

ထိန်ဝူးက မျက်မှောင်ကုပ်သွားသည်။

"လုံးဝူက အမှန်တရားရဲ့ဘက်တော်သားတစ်ယောက်ပါ၊ ခင်ဗျား အရင်က ဘာလို့ကြည့်မရတာလဲ"



"အဟမ်း"

ထိန်သခင်ကြီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး အဖြေမပေးပါချေ။

♣ ♣ ♣

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

အတန်ကြာမှ ထိန်ဝူးက စတင်ပြောဆိုလိုက်ပြန်သည်။

"ထိန်ယုတို့ အခုဆိုရင် လုထန်းရဲ့ ဓားသမားတွေနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီနဲ့တူတယ်"

ထိန်သခင်ကြီးက မျက်မှောင်ကုပ်လိုက်သည်။

"သူက နိုင်ခြေရှိမယ်လို့ ခင်ဗျား ယူဆထားသလား"

ထိန်ဝူးက ခေါင်းခါယမ်းလိုက်သည်။

"သူက နိုင်ခြေ သိပ်မရှိဘူးလို့ ကျုပ်ယူဆတယ်"

ထိန်သခင်ကြီးက မျက်နှာ အနည်းငယ် ပျက်သွားသည်။

"သူ့မှာ နိုင်ခြေမရှိမှန်းသိရက်နဲ့ ဘာဖြစ်လို့ ဒီမှာထိုင်နေရတာလဲ"

ထိန်ဝူးက ပြုံးလိုက်သည်။

"ထိန်ယုက နိုင်ခြေမရှိဘူးလို့ ပြောလိုက်တာဟာ သူတစ်ယောက်တည်း တိုက်ခိုက်နေတဲ့အချိန်ကို ပြောတာပါ"

ထိန်သခင်ကြီး၏ မျက်ခုံးမွေးအစုံသည် အပေါ်သို့မြင့်တက်သွားသည်။

"သူ့ကို ကူညီမယ့်လူ ရှိနေလို့လား"

ထိန်ဝူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ရှိပါတယ်"

ထိန်သခင်ကြီးက...

"ဘယ်သူများပါလိမ့်"

ထိန်ဝူးက...

"သူတို့ဟာ ခင်ဗျားရဲ့သားရယ်၊ နောက်ပြီး ကြေးစားလူသတ်သမား မားကွမ်းစုတို့ပါပဲ"

ထိန်သခင်ကြီးက မျက်မှောင်ကုပ်သွားသည်။

"သူတို့သုံးယောက်ရဲ့အင်အားကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ပိုင်ပိုင်နိုင်နိုင် နိုင်လိမ့်မယ်လို့ ပြောလို့မရသေးဘူးကွ"

ထိန်ဝူးက ပြုံးလိုက်သည်။

"သူတို့သုံးယောက်အပြင် နောက်တစ်ယောက်လည်း ပါလာပါသေးတယ်"

ထိန်သခင်ကြီးက အံ့အားသင့်သွားဟန်ဖြင့်...

"သူက ဘယ်သူလဲ"

ထိန်ဝူးက ပြုံး၍...

"သူက ခင်ဗျားသဘောမကျတဲ့လူပါ"

ထိန်သခင်ကြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။



သို့သော်...

သူ၏စိတ်ထဲ၌ ထိန်ဂူးအနေနှင့် မည်သူ့ကို ဆိုလိုသည်ကို နားလည်လိုက်လေသည်။

သို့သော် သူက မပြောပါ။

သူ့စိတ်ထဲ၌ တွေးထင်သောလူမှာ ကျန်းလုံထင်းပင် ဖြစ်ပေသည်။

♣ ♣ ♣

ကျန်းလုံထင်းသည် ခြေသလုံးအိမ်တိုင် လူငယ်စားသမား တစ်ယောက်ပင် ဖြစ်သည်။

အချို့က ဗေဒါသိုင်းသမားဟု ပြောကြသည်။

သို့သော် လွန်ခဲ့သောနှစ်နှစ်လောက်ကစပြီး နေပြည်တော်အာဏာ ပိုင်တို့သည် သူ့အား စည်းရုံးသိမ်းသွင်းပြီး ဥပဒေဘက်တော်သား အဖြစ် ခန့်အပ်လိုက်သည်။

ယခု သူ့အား ဥပဒေဘက်တော်သားဟု ခေါ်နိုင်ပြီဖြစ်လေသည်။

သူ၏တာဝန်မှာ ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဖြစ်သည်။

တရားဥပဒေ လက်လွတ်ပြုလုပ်နေကြသောလူများအား တိုက်ခိုက်ပြီး၊ တရားဥပဒေ စိုးမိုးသည့်ဒေသများ တည်ဆောက်ပေး

ရေးပင်ဖြစ်သည်။

အမှောင်ကျေးရွာသည် တရားဥပဒေအား လက်လွတ်ပယ်ပြုကျင့်ပြီး မင်းမဲ့ဒေသဆန်ဆန် ဖြစ်နေသဖြင့် သူသည် ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူနှင့်အတူ အခြားတရားမျှတသော သိုင်းသမားများလည်း ပါလာကြသည်။

♣ ♣ ♣

ယွင်ကြူးသည် အိပ်ခန်းထဲ၌ ရှိနေသေး၏။

သူ့အား စောင့်ကြပ်နေသော ဓားသမား(၁၂) ယောက်တို့သည် သေဆုံးသွားပြီဖြစ်သော်လည်း သူမသည် အလောင်းများပြန့်ကျဲနေသော အခန်းထဲမှ ထွက်ခွာသွားခြင်း မရှိသေးချေ။

ထွက်ခွာသွားရန်လည်း ဆန္ဒမရှိပါ။

အကြောင်းမှာ သူမသည် လူတစ်ယောက်အား စောင့်မျှော်နေသော ကြောင့်ဖြစ်သည်။

သူမ စောင့်မျှော်နေသူကား 'ရွှေမျက်နှာ'မှလွဲ၍ အခြားသူ မဖြစ်နိုင်ပါချေ။

အဆိပ်မိထားသော ယွင်ကြူးသည် အမှန်တကယ်လည်း ချစ်ရသူ'ရွှေမျက်နှာ'(ဝါ) ထိန်ယုအား စောင့်ဆိုင်းနေလေတော့သည်။

♣ ♣ ♣



ရှန်ကျူးအိမ်တွင် ရှိနေကြသော ကျန်းလုံထင်၊ မားကွမ်းစုနှင့် ထိန်ချွမ်းတို့သည် ယခုအခါတွင် ထိန်ယုအား အကူအညီပေးရန် ရောက်ရှိလာကြချေပြီ။

မားကွမ်းစုက ရောက်ရောက်ချင်း အနီရောင်ဓားသမားများအား ရင်ဆိုင်လိုက်သည်။

အနီရောင်ဓားသမားများ နောက်ဆုတ်သွားရသောအချိန်တွင် ဒုက္ခိတကုအိမ်းသည် မားကွမ်းစုနှင့်ရင်ဆိုင်ရန် ထလာတော့သည်။ သို့သော်...

မားကွမ်းစုက ထိုဒုက္ခိတအဘိုးအိုအား အထင်မသေးဝံ့ပါ။

ကုအိမ်းသည် ဘယ်လက်တစ်ဘက်တည်းသာ ရှိလေသည်။

ထို့အပြင် ယာဘက် ခြေထောက် တစ်ဘက် တည်းသာရှိသော ဒုက္ခိတအဘိုးအိုပင်ဖြစ်သည်။

သူ၏လမ်းလျှောက်ပုံကား အကျည်းတန်သော်လည်း သူ့အားမည်သူကမျှ ပေါ့ပေါ့တန်တန် မတွေးဝံ့ပါချေ။

သူသည် မျက်လုံးတစ်ဘက်သာရှိသော်လည်း ထိုမျက်လုံးတစ်ဘက်မှ ထွက်ပေါ်လာသော အရိပ်အယောင်များသည် လူတစ်ယောက်အား ထိတ်လန့်တုန်လှုပ်စေသည်။

ယခု သူသည် မားကွမ်းစုထံသို့ လျှောက်လာလေသည်။

♣ ♣ ♣

ကုအိမ်း၏လမ်းလျှောက်ပုံမှာ အလွန်အကျည်းတန်သော်လည်းသူ၏လျင်မြန်မှုမှာ အံ့သြဖွယ်ရာကောင်းလှပေသည်။

မားကွမ်းစုပင် အံ့အားသင့်သွားသည်။

ကုအိမ်းက လျင်မြန်စွာ ရောက်ရှိလာခြင်းကြောင့် မားကွမ်းစုက ကမန်းကတန်း နောက်သို့ဆုတ်သွားရလေသည်။

ကုအိမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘယ်လိုလဲ၊ မင်းလို ကျော်ကြားတဲ့ဓားသမားက ကျုပ်လိုဒုက္ခိတကို ကြောက်သွားပြီလား"

မားကွမ်းစုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ကြောက်နေတာ မဟုတ်ဘူး"

ကုအိမ်းက ရယ်ကျဲကျဲဖြင့်...

"ဒါဖြင့် ဘာဖြစ်လို့ နောက်ဆုတ်သွားရတာလဲကွ"

မားကွမ်းစုက အေးတိအေးစက်ဖြင့် ပခုံးတွန့်ပြလိုက်၏။

ကုအိမ်းက...

"နေပါဦး မင်းက ဒီကိုရောက်လာတာ ထိန်ယုက ငွေပေးပြီးငှားခဲ့တယ် မဟုတ်လား"

မားကွမ်းစုက ခေါင်းညိတ်လိုက်သည်။

"ဒီလိုယူမယ်ဆိုလည်း ယူဆလို့ရပါတယ်"

ကုအိမ်းက အေးတိအေးစက်ဖြင့်...

"ဒါဖြင့် ကျုပ်ကလည်း အခကြေးငွေပေးမယ်၊ ကျုပ်သတ်နိုင်းတဲ့လူကို မင်းသတ်ပေးမလား"



မားကွမ်းစုက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က အသတ်ခံရမယ့် လူအပေါ်မှာကြည့်ပြီး အခကြေးငွေကို တန်ဖိုးဖြတ်တာပါ"

ကုအိမ်းက ပြုံးလိုက်သည်။

"မင်းကိုယ်မင်း ပြန်သတ်လိုက်ပါ"

မားကွမ်းစု ခေါင်းယမ်းလိုက်၏။

"ဒါတော့ ဘယ်ဖြစ်မလဲ၊ ကျုပ် အလုပ်လုပ်ရဦးမယ်"

သူ၏မျက်လုံးအစုံသည် လုထန်းထံ ရောက်ရှိသွားသည်။

လုထန်း နံဘေးမှ အဘိုးအိုအား သူက မသိပါ။

မည်သူနည်း။ သို့သော်..

မားကွမ်းစုနှင့်အတူ နတ်သမီးဂေဟာသို့ ရောက်ရှိလာသောလုံထင်းမှာမူ ထိုအဘိုးအို၏အကြောင်းများကို သိထားလေသည်။

ကျန်းလုံထင်းသည် မားကွမ်းစုနှင့်အတူ နတ်သမီးဂေဟာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်အပြင် ထိန်ချွမ်းလည်း ပါသေးသည်။

ထိန်ချွမ်းက အလွန်ကြီးမားသော အရက်အိုးတစ်လုံး ပိုက်ကာ အေးအေးဆေးဆေး လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

သူတို့သုံးယောက် နတ်သမီးဂေဟာသို့ ရောက်လာသည့်အချိန်တွင် အနီရောင်ဓားသမားများနှင့် ထိန်ယုတို့ သဲသဲမဲမဲတိုက်ခိုက်နေချိန်ဖြစ်သည်။

ထိန်ယုတို့ အခြေအနေ ဆိုးရွားနေသည်ကို တွေ့လိုက်ရ

သည်နှင့် မားကွမ်းစုက တဟုန်ထိုးဝင်ရောက်ပြီး အနီရောင်ဝတ်ဆင်ထားသော ဓားသမားများနှင့် ရင်ဆိုင်လိုက်လေသည်။

ထိန်ချွမ်းသည် ကြီးမားသော ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်း၏အရှေ့ဘက်တွင် လူနှစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က အ မှောင်ကျေးရွာ၏အရှင်သခင် လုထန်းဖြစ်နေသည်ကို သိရှိလိုက်လေ သည်။

"ဟော့ ဟိုမှာထိုင်နေတဲ့ ပိန်ပိန်ပါးပါး အဘိုးကြီးက ဘယ်သူလဲ"

ကျန်းလုံထင်းက အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

"သူက သူတော်ပေါ့"

ထိန်ချွမ်း၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"ဘယ်လို..သူက ဓားသူတော် ဟုတ်လား"

ထိန်ချွမ်းက ရယ်မောလိုက်သည်။

"ခင်ဗျား သေပြီလို့ ကျုပ်ကြားခဲ့ပါတယ်'

ဓားသူတော်က ပြုံးလိုက်သည်။

"ကျုပ်က သေတယ် မသေဘူးဆိုတာ မင်းအခုပဲ သိရမှာပေါ့"

သူသည် ပြောပြီးသည်နှင့် ကျောပေါ်မှဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။



ထူးဆန်းသည်မှာ သူဆွဲထုတ်သောဓား၏ အရောင်မှာ မီးခိုးရောင်ပင်ဖြစ်နေ၏။

♣ ♣ ♣

နတ်သမီးဂေဟာတွင် ခေတ္တမျှ ရပ်တန့်ထားသော တိုက်ပွဲသည် ပြန်လည်စတင်လာပြန်လေသည်။

မောက်ဖုံး၏သိုင်းပညာမှာ ထက်မြက်လှသည်ဖြစ်သော်လည်း ထိန်ယုတို့လူစုနှင့် နှိုင်းစာကြည့်လျှင် များစွာလိုနေသေးသည်။

ယခု သူသည် လုထန်းအား ပြန်လည်တော်လှန်နေ၏။

ယင်းကဲ့သို့ တော်လှန်နေရသည်မှာလည်း သူ့အဖို့ မလွဲမရှောင်သာ၍ဖြစ်လေသည်။

သူ၏အခြေအနေမှာလည်း အခြားလူထက် ပိုဆိုးရွားနေပေသည်။

♣ ♣ ♣

မောက်ဖုံးသည် အခြေအနေကို အသုံးပြုတတ်သောလူတ
ယောက်ပင်ဖြစ်သည်။

သူသည် ရှထိကျင်းအတု၏ လက်ထဲသို့ အသက်ကယ်ဆေး
တစ်လုံးပေးထားလိုက်သည်။

ရှုထိကျင်းအတုကလည်း သူ့အား ကယ်တင်ပါမည်ဟု
ကတိပေးခဲ့သည်။

ရှထိကျင်းအတုမှာ ရွှေမျက်နှာဖြစ်သည်။

ရွှေမျက်နှာသည် သခင်လေးထိန်ယုပင် ဖြစ်လေသည်

ထိန်ယုသည် မိမိ ကတိပေးထားပြီးဖြစ်သောကြောင့် ယခု
အချိန်တွင် သူသည် မောက်ဖုံးအား အစွမ်းကုန်ကာကွယ်ပေးနေ
သည် မဟုတ်ပါလော။

အကယ်၍သာ ထိန်ယုက ကြိုးစားပမ်းစား မကူညီခဲ့လျှင်
မောက်ဖုံးတစ်ယောက် အသက်ရှိတော့မည် မဟုတ်ပါချေ။

♣ ♣ ♣



အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော ဓားသမားတို့၏ တိုက်
ခိုက်မှုမှာ အလွန်ရက်စက်ကြမ်းကြုတ်လှသည်။

သူတို့သည် လှိုင်းလုံးကြီးများပမာ ဆက်တိုက်ဝင်၍ ပြင်း
ပြင်းထန်ထန် တိုက်ခိုက်နေ၏။

ထိန်ယုသည် မိမိတစ်ယောက်တည်း၏ အင်အားဖြင့် ရန်သူ
များအား ထိုးဖောက်ထွက်ပြေးနိုင်ရန်မှာ မလွယ်ကူလှသည်ကို သိရှိ
ထားသည်။

သို့သော်...

သူသည် ယုံကြည်စိတ်အပြည့်ဖြင့် တိုက်ခိုက်ရင်း ကျန်းလုံ
ထင်းတို့အား စောင့်မျှော်နေ၏။

သူသည် မားကွမ်းစုနှင့်ကျန်းလုံထင်းတို့က အချိန်မီ ရောက်
လာလိမ့်မည်ဟုလည်း ကောင်းစွာ ယုံကြည်ထားသည်။

ယခု သူမျှော်လင့်ထားသည့်အတိုင်း မားကွမ်းစုနှင့် ကျန်း
လုံထင်းတို့က အချိန်မီရောက်လာပြီ ဖြစ်သည်။

ထို့အပြင် ထိန်ချွမ်းလည်း လိုက်ပါလာသည်ကို တွေ့လိုက်
ရလေသည်။

ထို့ကြောင့်...

သူသည် စိတ်ဓာတ်တက်ကြွလာပြီးလျှင် ဓားကို ကျစ်ကျစ်
ဆုပ်ကိုင်လျက် ရန်သူများအား ဖိ၍တိုက်ခိုက်လေတော့သည်။

♣ ♣ ♣

ကုအိမ်းသည် ခြေတစ်ဘက်နှင့် လက်တစ်ဘက်သာရှိနေသော်လည်း သူ၏သိုင်းပညာမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလှပေသည်။

မားကွမ်းစုသည် ထိုကဲ့သို့လူမျိုးနှင့် တိုက်ခိုက်ရန်ဆန္ဒ လုံးဝမရှိပါ။

ယင်းကဲ့သို့လူမျိုးနှင့် တိုက်ခိုက်နေလျှင် အလွန်ခေါင်းခြောက်ရသောအလုပ်တစ်ခု ဖြစ်လေသည်။

အကြောင်းမှာ..

တစ်ဘက်လူက ဒုက္ခိဖြစ်နေ၍ တိုက်ခိုက်ရာတွင် အလိုအလျောက် ပေါ့ပေါ့တန်တန်ထားလိုက်လျှင် ဒုက္ခိတကမိမိ၏အသက်ကို ချွေယူသွားနိုင်သည်။

မားကွမ်းစုသည် ကုအိမ်းနှင့် တိုက်ခိုက်ရာတွင် အလိုအလျောက် ပေါ့ပေါ့လျော့လျော့ တိုက်ခိုက်တတ်လေသည်။

ထို့ကြောင့်...

သူသည် ကုအိမ်း၏တိုက်ကွက်မှ သီသီကလေး လွတ်ခဲ့သောအကြိမ်ပေါင်း မနည်းပေ။

ကုအိမ်းမှာမူ အနည်းငယ်မျှ တိုက်ခိုက်အားကို မလျှော့ပါ။

ကုအိမ်း၏တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်သော တိုက်ခိုက်မှုများပင် ဖြစ်သည်။

အထူးသဖြင့် သူ၏ကြောက်မယ်ဖွယ်ကောင်းသော တိုက်ကွက်မှာ ဘယ်ဘက်ခြေထောက်တွင် လျှို့ဝှက်ထားသည်။



သူ၏ဘယ်ဘက်ခြေထောက်မှာ ပြတ်နေသဖြင့် မည်သူမဆို သူ၏ဘယ်ဘက်ခြေထောက်အား သတိထားမည် မဟုတ်ပါ။

ထို့ကြောင့်လည်း ကုအိမ်း၏တိုက်ခိုက်မှုကြောင့် အသက်သေဆုံးသွားကြသော သိုင်းသမားများ မနည်းလှပါချေ။

ယခု သူသည် ဘယ်ဘက်ခြေထောက်တွင် လျှို့ဝှက်ထားသောလက်နက်ဖြင့် မားကွမ်းစုအား တိုက်ခိုက်လိုက်လေသည်။

သူသည် မားကွမ်းစုနှင့် တိုက်ခိုက်ရာမှ ရုတ်တရက် အပေါ်သို့ ထခုန်လိုက်သည်။

တစ်ချိန်တည်းမှာပင် ပြတ်နေသော ဘယ်ဘက်ဒူးခေါင်းမှ ရုတ်တရက် ထိုးထွက်လာလေသည်။

ထိုးထွက်လာသော အရာကား ဓားတစ်လက်ပင်ဖြစ်သည်။

လျှင်မြန်စွာ ထွက်လာခြင်းဖြစ်သည်။

ယင်းဓားမှာ တစ်ပေခန့်သာ ရှိသော်လည်း လူတစ်ယောက်၏အသက်ကို ကောင်းစွာချွေယူနိုင်လေသည်။

"ထောက်"

သူ၏ဘယ်ဘက်ခြေထောက်မှ ထွက်ပေါ်လာသော ဓားတစ်လက်သည် ရုတ်တရက် ထိုးထွက်လာပြီး မားကွမ်းစု၏ ဝမ်းဗိုက်သို့ ထိုးစိုက်လိုက်သည်။

အလွန်ကြောက်မက်ဖွယ်ကောင်းသော တိုက်ကွက်ဖြစ်လေသည်။ ထို့အပြင်...

ယင်းဓားသွားပေါ်တွင် အလွန်ပြင်းထန်သော အဆိပ်လူး

ထားသေးသည်။ ယင်းဓားနှင့် အနည်းငယ်မျှသာ ထိသွားပါစေ၊ ချက်ချင်း သေဆုံးသွားမည်သာဖြစ်သည်။

သူ၏တိုက်ခိုက်မှုမှာ မားကွမ်းစုအဖို့ ထိတ်လန့်တုန်လှုပ်သွားစေသည်။

သူသည် အခြေအနေ မဟန်မှန်းသိလိုက်သဖြင့် မြေပေါ်သို့ ပက်လက်လှန်ကာ ရှောင်တိမ်းလိုက်သည်။

အဆိပ်လူးထားသော ဓားသွားသည် သူ၏ဝမ်းဗိုက်နှင့် သီသီကလေးလွဲသွားသည်။

မားကွမ်းစုသည် မြေပေါ်သို့ လှဲချလိုက်ပြီးသောအခါ ရပ်တန့်မနေဘဲ ဘေးသို့လိမ့်၍ ရှောင်ထွက်သွားလေတော့သည်။

သူ၏လှုပ်ရှားမှုမှာ အလွန်မှန်ကန်သည်ဟု ဆိုရမည်။

ကုအိမ်းသည် သူ၏ဓားချက်လွဲသွားသည်နှင့် မြေပေါ်သို့ လှဲချလိုက်သော မားကွမ်းစုအား ထပ်မံတိုက်ခိုက်လိုက်လေသည်။

"ထောက်..ထောက်..ထောက်"

မားကွမ်းစုက ကြိုတင်လိမ့်၍ရှောင်ထွက်သွားသဖြင့် ကုအိမ်း၏ဒူးခေါင်းမှဓားသည် မြေပေါ်သို့ ထောက်မိသွားသည်။

သူသည် လွတ်မြောက်သွားသည်နှင့် မြေပေါ်မှ ထခုန်၍ မတ်တတ်ရပ်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ကုအိမ်း၏လှုပ်ရှားမှုကိုသာ လေးနက်စွာ စောင့်ကြည့်နေသည်။

♣ ♣ ♣



ကုအိမ်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်ကို မားကွမ်းစုက သိရှိလိုက်သည်။

သူသည် ခေါင်းအေးအေးထား၍ အခြေအနေအား သုံးသပ်နေသည်။

ကုအိမ်းကလည်း တိုက်ခိုက်ခြင်းမပြုတော့ဘဲ သူ့အား အကဲခတ် စိုက်ကြည့်နေ၏။

သူ၏စိတ်ထဲတွင် မားကွမ်းစုအား ကျိတ်၍ချီးကျူးနေမိလေသည်။

မားကွမ်းစုအား မထိမှန်သည်ကို ကိုယ့်ကိုကိုယ် စိတ်ဆိုးမိသည်။

ယခု သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်ကြည့်နေကြသည်။

အေးစက်၍ကြမ်းကြုတ်သော မျက်လုံးသုံးလုံးသည် စူးရှစွာ အပြန်အလှန်ကြည့်နေ၏။

သူတို့သည် တိုက်ကွက်သုံးကွက်မျှသာ ယှဉ်ပြိုင်ခဲ့လေသည်။

သို့သော်...

သူတို့နှစ်ယောက်စလုံး၏ နဖူးပေါ်တွင် ချွေးများဖြင့် စိုရွှဲနေသည်။

သူတို့သည် လှုပ်ရှားလိုက်သောအခါ ယုန်တစ်ကောင်ကဲ့သို့ လျင်မြန်ဖျတ်လတ် သွက်လက်နေလေသည်။

သို့သော်…

သူတို့ ရပ်တန့်သွားသောအခါ၌ တောင်နှစ်လုံးကဲ့သို့ ငြိမ်သက်စွာ ရပ်နေလျက်ရှိနေလေသည်။

♣ ♣ ♣

ကုအိမ်းနှင့်မားကွမ်းစုတို့သည် တိုက်ကွက်သုံးကွက်မျှ ယှဉ်ပြိုင်ပြီးနောက် တိုက်ခိုက်ခြင်းများကို ရုတ်တရက် ရပ်တန့်လိုက်ပြီး မလှုပ်မယှက် ရပ်နေကြလေတော့သည်။

သူတို့သည် အသက်ရှူခြင်းမှ ရပ်တန့်သွားသည့်အလား ထင်မှတ်ရလေသည်။

ယင်းကဲ့သို့ ဖြစ်ရပ်များမှာ ထိပ်တန်းသိုင်းသမားများက ယှဉ်ပြိုင်သည့်အခါ၌ ဖြစ်ပေါ်လာတတ်သော အံ့သွင်အပြင်လက္ခဏာ ဖြစ်လေသည်။

သူတို့သည် မည်သူကမျှ မနိုင်ပါ။

မည်သူမျှလည်း မရှုံးပါ။

အမှန်ဆိုရလျှင် သူတို့မလှုပ်မယှက် ရပ်နေသည်မှာ လှုပ်ရှားနေသည်နှင့် မခြားပါ။

သူတို့လှုပ်ရှားလိုက်သည်မှာ လက်မဟုတ်ဘဲ မျက်လုံးများသာဖြစ်သည်။

သူတို့သည် မျက်လုံးအစုံဖြင့် တစ်ဘက်လူ၏ဟာကွက်များ



ကိုရှာဖွေသည့်အပြင် တစ်ဘက်လူ၏ အားအနည်းဆုံးသောနေရာများကို စူးစမ်းရှာဖွေနေခြင်းဖြစ်လေသည်။

ဤသည်က ထိပ်တန်းသိုင်းပညာရှင်များ၏လုပ်ရပ်ပင် မဟုတ်ပါလော။

♣ ♣ ♣

မားကွမ်းစုနှင့်ကုအိမ်းတို့၏ အနီးတဝိုက်တွင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော ဓားသမားများစွာ ရှိနေလေသည်။

မားကွမ်းစု၏မိတ်ဆွေ ရှိနေသော်လည်း သူတို့သည် ဝင်ရောက်စွက်ဖက်ခြင်း မရှိချေ။

အကြောင်းမှာ…

သူတို့မှာလည်း သူတို့၏တိုက်ပွဲများ ရှိနေခြင်းကြောင့် ဖြစ်လေသည်။

သို့သော်…

အခွင့်ကောင်းချောင်းနေသော အနီရောင်ဝတ်ဆင်ထားသော ဓားသမားတစ်ယောက်သည် မားကွမ်းစုက မလှုပ်မယှက် ရပ်နေသည်ကို သွေးကြောပိတ်ထားခြင်း ခံနေရသည်ဟု အထင်မှားမိသည်။

သူသည် တစ်စုံတစ်ရာ စဉ်းစားမိသည်။

မိမိကသာ ရုတ်တရက် မားကွမ်းစုအား တိုက်ခိုက်လျှင် မား

ကွမ်းစုက ခုံနိုင်စွမ်းမရှိဘဲ သေဆုံးသွားလိမ့်မည်ဟု ယူဆလေသည်။

သူ၏အကြံအစည် အောင်မြင်ပါက သူသည် စားသမား (၄၀)အနက် ဂုဏ်ယူဝင့်ကြွားနိုင်သော စားသမားတစ်ယောက် ဖြစ်လာနိုင်မည်ဟု တွေးမိလေသည်။

သူသည် ယင်းသို့ တွေးမိသည်နှင့် မားကွမ်းစုအား လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣

မျက်လုံးသုံးလုံးသည် တစ်ဘက်လူ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ရှုနေမိ၏။

ဤသည် လှုပ်ရှားမှု နောက်မှ ဖြစ်ပေါ်လာသော တည်ငြိမ်ခြင်း ဖြစ်သည်။

တနည်းဆိုရလျှင် နောက်ထပ်တစ်ကြိမ် လှုပ်ရှားမှု၏ ကြိုတင်ပြင်ဆင်မှုဟု ဆိုနိုင်ပေသည်။

သူတို့၏ အနီးတဝိုက်တွင် လူပေါင်းများစွာက ဆူညံစွာတိုက်ခိုက်နေသည် ဖြစ်သော်လည်း သူတို့က လုံးဝမကြား မမြင်ပါ။

မြင်ပရှိ လှုပ်ရှားမှုများသည် သူတို့အား ထိခိုက်ခြင်း မပြုချေ။

လုံးဝ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသော ကုအိမ်းသည်



ရုတ်တရက် ခေါင်းကို အသာအယာ ညိတ်လိုက်လေ၏။

သူ၏မျက်လုံးအစုံသည် မားကွမ်းစုအပေါ် ချီးကျူးသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

ကုအိမ်းသည် လူဆိုးတစ်ယောက် ဖြစ်နေစေကာမူ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်လေသည်။

ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်သည် အခြားထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ကို လေးစားတတ်သည် မဟုတ်ပါလော။

ကုအိမ်းသည် မားကွမ်းစုအပေါ် လေးစားလာလေသည်။

♣ ♣ ♣

လေးစားခြင်းဟူသော စကားရပ်သည် အခြားလူများအဖို့ အလွန်ငြိမ်းချမ်းသော ကိစ္စရပ်တစ်ခု ဖြစ်သည် မဟုတ်ပါလော။

သို့သော်...

ကုအိမ်း၏လေးစားခြင်းမှာ အခြားလူနှင့် မတူဘဲ တမူထူးခြားနေ၏။

သူသည် သူလေးစားမိသူ၏အပေါ်၌ စိတ်ထဲမှနေ၍ မကျေမနပ် ဖြစ်တတ်သည်။

မိမိထက် သိုင်းပညာသာသော သူအား လေးစားလာလေလေ သူသည် ထိုလူအား အပြတ်ရှင်းချင်လာလေလေ ဖြစ်၏။

သူ၏သွေးခုန်မှုမှာ အလွန်ထူးဆန်းသည်။

သူ၏အယူအဆမှာ မိမိထက်သာသော လူအားလုံးကို သုတ်သင်ရှင်းလင်းရမည်ဟု ဆုံးဖြတ်ထားသည်။

အမှန်ပြောရလျှင်...

သူသည် မနာလိုဝန်တိုသော စိတ်များ ရှိတတ်သည်။

မနာလိုဝန်တိုသူများသည် များသောအားဖြင့် တစ်ကိုယ်ကောင်းဆန်တတ်ကြသည်။

ကုအိမ်းသည် တစ်ကိုယ်ကောင်းဆန်သော လူတစ်ယောက်ဖြစ်သည်။

မားကွမ်းစု၏သိုင်းပညာမှာ အလွန်အဆင့်မြင့်နေသည်ကို တွေ့မြင်လိုက်ရသောအခါ သူသည် မားကွမ်းစုအား ဖြစ်သည့်နည်းဖြင့် သတ်ဖြတ်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့်...

သူသည် မားကွမ်းစု၏ဟာကွက်များကို မျက်လုံးရူးစိုက်စွာနှင့် ရူးစမ်းနေ၏။

ထိုအချိန်မှာပင်...

မားကွမ်းစု၏မျက်နှာပေါ်တွင် ကိုယ့်ကိုယ်ကို အထင်ကြီးသော အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

♣ ♣ ♣



ရှေးဆိုရိုးစကားတစ်ခု ရှိသည်။

ကိုယ့်ကိုကိုယ် အထင်ကြီးသောလူသည် တစ်နေ့တွင် ဆုံးရှုံးပျက်ဆီးတတ်သည်သာ ဖြစ်သည်။

မားကွမ်းစုသည် အဘယ်ကြောင့် ကိုယ့်ကိုကိုယ် အထင်ကြီးသော စိတ်များ ဝင်လာရပါသနည်း။

အမှန်မှာ...

မားကွမ်းစုသည် ရန်သူနှင့် ရင်ဆိုင်ခဲ့သည့် အကြိမ်ပေါင်းမှာ မနည်းလှပါ။

မည်သည့်အခါမျှ ရန်သူအား အထင်မသေးဖူးပါ။

ကိုယ့်ကိုယ်ကိုလည်း အထင်ကြီးသောစိတ်များ မရှိပါ။

ဤသို့ဆိုလျှင် သူက အဘယ်ကြောင့် ယင်းစိတ်များ ဝင်နေရပါသနည်း။

♣ ♣ ♣

မားကွမ်းစုသည် ကုအိမ်းအား အထင်မသေးဖူးပါ။

ထို့အပြင်...

ကုအိမ်းမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူ ဖြစ်သည်ဟုလည်း သတ်မှတ်ထားလေတော့သည်။

ယခု...

သူသည် ကိုယ့်ကိုယ်ကို အထင်ကြီးသော အရိပ်အရောင်

များ ပေါ်လွင်နေခြင်းမှာ သူသည် ပရိယာယ်ဆင်လိုက်ခြင်းမျှသာ ဖြစ်သည်။

သို့သော်...

ကုအိမ်းကလည်း ကောက်ကျစ်စဉ်းလဲသော မြေခွေးတစ်ကောင်ပမာ မားကွမ်းစု၏ပရိယာယ်ကို သိရှိသွားလေသည်။

ထို့ကြောင့်...

သူသည် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဘဲ စောင့်ကြည့်နေ၏။

ကုအိမ်းက မားကွမ်းစု ဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်ခြင်း မရှိသော်လည်း အနီရောင်အင်္ကျီဝတ်ဆင်ထားသော ဓားသမားက အခွင့်ကောင်းတစ်ခု ရလိုက်သည်ဟု ယူဆကာ သူသည် လျှပ်တပြက် မားကွမ်းစု၏နောက်ကျောကို ဓားဖြင့် ထိုးသွင်းလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်လှပေသည်။

သူ၏ဓားသည် မားကွမ်းစု၏နောက်ကျောကို ထိမိလုလု အချိန်အတွင်းမှာပင် မားကွမ်းစု၏ဓားသည် ရုတ်တရက် ဝင်းလက်တောက်ပသွားသည်။

"ရွှမ်း"

ဟူသော အသံ ထွက်ပေါ်လာသည်။

မားကွမ်းစုအား အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သော အနီရောင်အင်္ကျီဝတ်ဆင်ထားသော ဓားသမား၏ဓားသည် ထက်



ပိုင်းကျိုးသွားသည်။

သူ၏ခန္ဓာကိုယ်မှာလည်း ပုစွန်တစ်ကောင်ကဲ့သို့ ကွေး၍ နောက်သို့ လွင့်စဉ်သွားလေသည်။

♣ ♣ ♣

အနီရောင်အင်္ကျီဝတ်ဆင်ထားသော ဓားသမားသည် နောက်သို့ လွင့်စဉ်သွားပြီးမှ ပက်လက်လန် လဲကျသွားသည်။

ကုအိမ်း၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။

သူသည် မားကွမ်းစု၏လွန်စွာ တက်မြက်လှသော ဓားကွက်အား မြင်တွေ့လိုက်ရပြီ ဖြစ်သည်။

သူ၏တစ်သက်တာတွင် မေ့ပျောက်နိုင်စွမ်း မရှိသည့် ဓားကွက်တစ်ကွက် မဟုတ်ပါချေ။

♣ ♣ ♣

## ကျားနဲ့ဆင်

ဓားရောင်ဖွေးခနဲ ဝင်းလက်သွားပြီးနောက် အရောင်များသည် ပြန်လည်ပျောက်ကွယ်သွားသည်။

မားကွမ်းစုသည် မူလအနေအထားအတိုင်း ရပ်လျက် နေသည်။

သူ၏လက်ထဲမှ ဓားသည် ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်ပြီး ဖြစ်သည်။

ကုအိမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင့် မင်းရဲ့နာမည်က တစ်နေ့တခြား ကျော်ကြားလာတာကိုး"

ယင်းသို့ ပြောနေစဉ်မှာပင် ဓားရောင်ဝင်းလက်သွားသည်။

မားကွမ်းစုက တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထိုစဉ် ကုအိမ်းသည် ကိုယ်ဖျော့ပညာကို သုံး၍ ရှောင်တိမ်းလိုက်သည်။



"ယား"

ကုအိမ်းက မားကွမ်းစု၏တိုက်ခိုက်မှုအား ရှောင်တိမ်းကာ တဆက်တည်းပင် နွားသားရေကြိုးဖြင့် ဖွပ်ချလိုက်လေသည်။

အခြေအနေမှာ မားကွမ်းစုအဖို့ အလွန်ဆိုးရွားနေ၏။

သို့သော် သူသည် လက်ညှိုးနှစ်ချောင်းပူးကာ ကုအိမ်း၏ တစ်ဘက်တည်းသော မျက်လုံးကို ထိုးစိုက်လိုက်သည်။

ကုအိမ်း ထိတ်လန့်သွားသည်။

ထိုအချိန်တွင် မားကွမ်းစုသည် ကုအိမ်း ကြိုးကွင်းထဲမှ ရုန်းထွက်နိုင်ခဲ့လေသည်။

သို့သော် ကုအိမ်းသည် လက်နက်ပုန်းပညာအား အသုံးပြုလိုက်လေသည်။

ကုအိမ်း၏လက်နက်ပုန်းပညာသည် ကြောက်စရာကောင်းလေသည်။

သူ ထိုလက်နက်ပုန်းဖြင့် မားကွမ်းစုအား တိုက်ခိုက်နိုင်မည်ဟု ယုံကြည်သည်။

သို့သော် သူ့အတွက် မှားသွားသည်။

မားကွမ်းစု၏ဓားမှာ သံလိုက်ဓာတ်အပြည့် ပါသည်။

ထို့ကြောင့်...

ကုအိမ်း၏လက်နက်ပုန်းမှာ သေးငယ်သော အပ်ကလေးများပင် ဖြစ်သည်။

ယင်းအပ်ကလေးများပေါ်၌ အဆိပ်များ လူးထား၏။

သူ၏လက်နက်ပုန်း ထိမှန်လျှင် သေဆုံးသွားမည်သာ ဖြစ်သည်။

သို့သော်...

ယခုမှာမူ အားထားရဆုံး လက်နက်ပုန်းများသည် မမျှော်လင့်ဘဲ မားကွမ်းစု၏သံလိုက်ပါသော ဓားပေါ်သို့ သွားရောက်တွယ်ကပ်နေ၏။

ကုအိမ်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူသည် မယုံကြည်စွာဖြင့် မားကွမ်းစု၏ဓားအား ငေးမော၍ ကြည့်နေ၏။

ထိုတဒင်္ဂအချိန်တွင် မားကွမ်းစုက အခွင့်ကောင်းတစ်ခုအား မိမိရရ အသုံးပြုလိုက်လေသည်။

သူ၏ဓားသည် လျှပ်တပြက်အတွင်း ကုအိမ်း၏လည်မျိုသို့ ထိုးသွင်းလိုက်လေတော့သည်။

ထိန်ချမ်းက အသံကျယ်လောင်စွာဖြင့်...

"မား..မားကွမ်းစုက ဘယ်ဆိုးလို့တုန်း"

သူသည် ကျယ်လောင်လှသော အသံဖြင့် ပြောနေသော်လည်း ကုအိမ်းက မကြားတော့ချေ။

သူသည် လည်မျိုမှ သွေးများ ပန်းထွက်လာပြီး နောက်သို့ ပက်လက်လန် လဲကျသွားလေတော့သည်။

♣ ♣ ♣



လုထန်း၏မျက်လုံးအစုံသည် မယုံကြည်နိုင်စွာဖြင့် ပြူးကျယ်သွားသည်။

သူသည် ကုအိမ်း၏အလောင်းကို စိုက်ကြည့်နေ၏။

တဖန်...

မားကွမ်းစု၏မျက်နှာကို စိုက်ကြည့်နေမိပြန်သည်။

သူသည် ထိတ်လန့်တုန်လှုပ်ခြင်း မရှိပါ။

သူ့အနေနှင့် ခံပြင်းနေခြင်းမျှသာ ဖြစ်သည်။

သို့ဘစေ...

သူသည် ဆက်ခနဲ ထိုင်ရာမှ ထလိုက်သည်။

သူ၏ဟာန်မူရာမှာ မားကွမ်းစုအား အပိုင်းပိုင်း ခုတ်သတ်ချင်သော အမူအရာများ ဖြစ်နေ၏။

သို့သော်...

သူသည် ဒေါသကို ချုပ်ထိန်းပြီး ပြန်လည်ထိုင်ချလိုက်လေသည်။

လွန်စွာ ဂနာမငြိမ် ဖြစ်နေ၏။

မားကွမ်းစုက ပြုံးလိုက်သည်။

"ဒီမှာ လုထန်း၊ ခင်ဗျားပြေးဖို့ စိတ်မကူးနဲ့ ပြေးလို့ မလွတ်ဘူးသာမှတ်" ,

လုထန်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဘယ်သူက ပြေးရမလဲဆိုတာ ကြည့်ကြတာပေါ့"

သူသည် ပြောပြီးသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်

လေသည်။

အနီရောင်အကျီဝတ်ဆင်ထားသော ဓားသမားများသည် ပန္နတ်ဆိတ်ကောင်များပမာ မားကွမ်းစုထံသို့ တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်သည်။

အနီရောင်အကျီဝတ်ဆင်ထားသော ဓားသမားတို့သည် ထိခိုက်ဒဏ်ရာရသွားသော လူများ ရှိနေသော်လည်း ကျန်ရှိသောလူများသည် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

သို့သော်...

မားကွမ်းစုတို့က ထိုဓားသမားများကို မမှုပါ။

သူ့အနေနှင့် သတိထားရသည်မှာ လုထန်း အနီးတွင် ထိုင်နေသော သူတော်ပင် ဖြစ်သည်။

♣ ♣ ♣

ထိုအချိန်မှာပင်...

သူတော်သည် ထိုင်ရာမှ ထလိုက်သည်။

သူသည် တိုက်ပွဲထဲသို့ လှမ်းဝင်လာပြီ ဖြစ်သော်လည်း တိုက်ခိုက်ခြင်း မပြုသေးချေ။

သူ၏ဓားသမားများ တစ်ယောက်ပြီးတစ်ယောက် ထိခိုက်သေဆုံးသွားသည်ကိုပင် ဂရုမစိုက်ပါ။

ထိုအဖြစ်ကို ကျန်းလုံထင်းက အံ့ဩခြင်းမရှိပါ။



သူသည် သူတော် အကြောင်းကို လေ့လာစုံစမ်းသိရှိထားပြီးဖြစ်သည်။

သူတော်ဆိုသူသည် မိမိအသက်မှလွဲ၍ မည်သူ့အသက်သေသေ သူက မှုမည့်သူတစ်ယောက် မဟုတ်ပါ။

သူသည် မိမိ၏ရာထူးနှင့် ငွေကြေးမှ လွဲ၍ မည်သည့်အရာကိုမျှ စိတ်မဝင်စားပါ။

ကျန်းလုံထင်း ထင်ထားသည့်အတိုင်း မှန်နေသည်။

သူတော်သည် သူ၏ဓားသမားများ သေဆုံးသွားသည်ကို အရေးမထားပါ။

သူ၏စိတ်ထဲ၌ ကျန်းလုံထင်းအား မည်သို့ အသေသတ်ရမည်ကိုသာ စဉ်းစားနေခြင်းပင် ဖြစ်သည်။

အကြောင်းမှာ...

သူ၏စိတ်ထဲ၌ လျှို့ဝှက်ချက်တစ်ခု ရှိသည်။

ယင်းလျှို့ဝှက်ချက်ကို လုထန်းက မသိပါ။

ဒုစရိုက်အဖွဲ့၏ဂိုဏ်းချုပ်သည် သူတော်အား လျှို့ဝှက်စွာ မှာကြားထားသည်။

"တကယ်လို့ မင်းက ကျန်းလုံထင်းကို သုတ်သင်ရှင်းလင်းနိုင်မယ်ဆိုရင် လုထန်းရဲ့ နေရာပေးမယ်"

ဟူ၍ ဖြစ်လေသည်။

♣ ♣ ♣

ဒုစရိုက်အဖွဲ့၏ဂိုဏ်းချုပ်သည် လောဘအလွန်ကြီးသူတစ်ယောက် ရှိသည်။

သူသည် သိုင်းလောကတစ်ခုလုံးအား သူ၏လက်အောက်သို့ ရောက်ရှိလာရန် ကြံစည်အား ထုတ်နေသော လူတစ်ယောက်ဖြစ်လေသည်။

သူသည် ကျန်းလုံထင်းမှာ ဥပဒေဘက်တော်သားတစ်ယောက် ဖြစ်သည်ကို သိရှိသော နေ့မှစ၍ ကျန်းလုံထင်းအား နည်းအမျိုးမျိုးဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားလာသည် မဟုတ်ပါလော။

♣ ♣ ♣



လူထန်းက မပြေးပါ။

သူသည် ထွက်ပြေးရန်လည်း ဆန္ဒလုံးဝ မရှိချေ။

သူ့အနေနှင့် သူတော်၏ဓား(၁၃)ကွက်သည် ကျန်းလုံထင်းအား အနိုင်ရနိုင် မရနိုင် ကြည့်ချင်သေးသည် မဟုတ်ပါလော။

ထိန်ချွမ်းသည် အေးဆေးစွာထိုင်၍ ကျန်းလုံထင်းတို့၏ တိုက်ပွဲအား ကြည့်ရှုလိုက်သည်။

သို့သော်...

အနီရောင်အင်္ကျီဝတ်ဆင်ထားသော ဓားသမားများက အလိုက်မသိဘဲ သူ့အား တိုက်ခိုက်နေ၏။

နဂိုကတည်းက ထိန်ချွမ်းမှာ စိတ်တိုသောလူ ဖြစ်သည်။

ထို့ကြောင့် ယခုမူ ဒေါသပိုထွက်လာလေသည်။

"မင်းတို့က သေချင်လို့လား၊ အသက်နှမြောရင် ကျုပ်အနားမကပ်နဲ့"

သူသည် ယင်းသို့ ပြော၍ သွေးကြောပိတ်လိုက်သည်။

ခြသေ့်ခြံဝင်း၏ သွေးကြောပိတ်ပညာမှာ အလွန်အံ့သြဖွယ်ကောင်းလှသည်။

♣ ♣ ♣

## သူ့ဘက်ကိုယ့်ဘက်အပြိုင်

"ဝုန်း"

"အား"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

အနီရောင်စားသမားတစ်ဦးမှာ အဝေးသို့ လွင့်စဉ်သွား၏။

ထိုလူကား ရှစ်ယောက်မြောက်စားသမားပင် ဖြစ်၏။

ထိုရှစ်ယောက်မြောက်စားသမား မြေပေါ်သို့ လဲကျသွားသောအခါ ကိုးယောက်မြောက်စားသမားက ထိန်ချွမ်းအား ဆက်၍ မတိုက်ခိုက်ဝံ့တော့ပါချေ။

ထို့အတူ…

ကျန်လူများလည်း ဆက်၍ မတိုက်ဝံ့တော့ပါ။

ထိန်ချွမ်းသည် တိုးဝင်လာသူ မှန်သမျှအား ဒေါသတကြီး တိုက်ခိုက်ပစ်နေသည် မဟုတ်ပါလား။



အနီရောင်ဝတ်စားသမားများ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်လိုက်သည်။

သူတို့သည် ထိန်ချွမ်းအား ရင်မဆိုင်ဝံ့ပါ။

သို့သော်…

သူတို့သည် နောက်သို့လည်း မဆုတ်ဝံ့ကြပါချေ။

အကြောင်းမှာ…

အမှောင်ဂိုဏ်းတွင် ရန်သူနှင့် တိုက်ခိုက်ရာမှ နောက်ဆုတ်သူကို သေဒဏ်ပေးလေ့ ရှိသည် မဟုတ်ပါလား။

ထို့ကြောင့်…

အနီရောင်ဝတ်စားသမားများသည် အချင်းချင်း မျက်ရိပ်ပြလိုက်ကြလေသည်။

ထို့နောက်…

ထိန်ချွမ်းအစား မားကွမ်းစုဘက်သို့ ဖိ၍ တိုက်ခိုက်ကြတော့သည်။

သို့သော်…

သူတို့ တွက်ကိန်းမှားသွား၏။

ထိန်ချွမ်းထက် မားကွမ်းစုအား ရင်ဆိုင်လွယ်မည်ဟု ခန့်မှန်းထားခဲ့၏။

သူတို့ ထင်ထားသလို မဟုတ်ပါ။

မားကွမ်းစုက ထိန်ချွမ်းထက်ပင် ရက်စက်ပြတ်သားလှသည်။ သူ၏စားသည် မည်သူ့ကိုမျှ မညှာပါ။

အနီရောင်ဝတ်ဓားသမားများက သူ့ဘက် ဖိ၍ တိုက်ခိုက်လာသည်နှင့်...

"ယား"

ကျယ်လောင်သော ညာသံပေးကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

သူအသုံးပြုလိုက်သော သိုင်းကွက်မှာ သိုင်းလောကတွင် ကြောက်စရာအကောင်းဆုံး ဓားကွက်ဟု ဆိုစမှတ်ပြုခြင်း ခံရသော 'ရန်စွယ်ရှင်း' ဓားကွက်ပင် ဖြစ်ပေတော့သည်။

ယခု...

ဓားကွမ်းစုသည် သူ၏အထက်မြက်ဆုံးသော 'ရန်စွယ်ရှင်း' ဓားကွက်အား ထုတ်ဖော်အသုံးပြုလိုက်ပြီး ဖြစ်သည်။

♣ ♣ ♣

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

ပြင်းထန်သော လေတိုးသံများလည်း ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်...

"ဝုန်း"

"အား"

"အမယ်လေး"



ကျယ်လောင်စူးရှသော အသံများ ထွက်ပေါ်လာ၏။

ညည်းညူသံများလည်း အဆက်မပြတ် ထွက်ပေါ်လာလေသည်။

အနီရောင်ဝတ် ဓားသမားများသည် တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွားလေသည်။

တိုက်ပွဲ၏အသံ တိတ်ဆိတ်သွားသည်ဟုပင် ထင်ရပေသည်။

မကြာသော ကာလအတွင်းမှာပင် အနီရောင်ဝတ်ဓားသမားများသည် မြေပေါ် ပြန့်ကျဲနေလေတော့သည်။

လုထန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူ၏နှလုံးခုန်သံသည်လည်း မြန်လာပြီ ဖြစ်လေသည်။

သူ့အဖို့ ကောင်းသောအခြေအနေမှ ဆိုးသောအခြေအနေသို့ ကူးပြောင်းရန် ရင်ဆိုင်နေရပြီ ဖြစ်သည်။

သို့သော်...

သူသည် ကုလားထိုင်ပေါ်၌ အေးဆေးတည်ငြိမ်စွာ ထိုင်နေသေး၏။

သူသည် ထိန်ယုအား တစ်ချက် လှည့်ကြည့်လိုက်လေသည်။

သူကြည့်ပုံမှာ အဓိပ္ပါယ် ရှိလှပေသည်။

ထိန်ယု၏ရင်ထဲ တစ်ချက် လှုပ်ရှားသွားသည်။

လုထန်း၏ပာန်မှုရာမှာ ဓားသူတော်နှင့် သူ၏လက်ရွေးစင်

ဓားသမားများမှအပ အခြားအားထားရသော လူများ ရှိနေသေး၍လော။

♣ ♣ ♣

အနီရောင်ဝတ်ဓားသမားတို့သည် အလွန်အားထားရသော လက်ရွေးစင်ဓားသမားများ ဖြစ်ကြသည်။

သို့သော်...

ယခု သူတို့ ရင်ဆိုင်နေရသော လူများမှာ သိုင်းလောကတွင် အလွန်ကျော်ကြားသော ထိပ်တန်းသိုင်းသမားများ ဖြစ်နေသည်။

ကုအိမ်း သေဆုံးသွားသောကြောင့် သူတို့အဖို့ စိတ်ဓာတ် အလွန်ကျဆင်းလာသည်။

ယခု...

သူတို့သည် တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားပြီ မဟုတ်ပါလော။

လူအယောက်လေးဆယ် ရှိသည့်အနက် ကျန်ရှိသောလူများမှာ ဆယ်ယောက်ပင် မပြည့်တော့ပါချေ။

ယခု...

လုထန်းက ဓားသူတော်အပေါ်၌ အားထားရတော့မလို ဖြစ်နေတော့သည်။ ဓားသူတော်သည် ကျန်းလုံထင်းနှင့် ရင်ဆိုင်နေပြီ ဖြစ်သည်။



သူက နိုင်သွားလျှင်လည်း ထိန်ချွမ်း၊ မားကွမ်းစု၊ ထိန်ယုနှင့် မောက်ဖုံးတို့ ရှိနေသေးသည် မဟုတ်ပါလော။

ထိုစဉ်မှာပင်...

ထိန်ယုက လုထန်းထံသို့ တစ်လှမ်းချင်း လှမ်းသွားလေတော့သည်။

♣ ♣ ♣

လုထန်း၏မျက်နှာ တည်ကြည်လေးနက်နေ၏။

သူသည် တစ်လှမ်းချင်း လှမ်းလာနေသော ထိန်ယုအား စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း မင်းရဲ့သိုင်းပညာက မဆိုးပါဘူး။ ဒါပေမယ့် ကျုပ်တို့ ဂိုဏ်းချုပ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် အဆင့်အများကြီး လိုပါသေးတယ်"

ထိန်ယု ပြုံးလိုက်သည်။

"ကျုပ်က အခု ခင်ဗျားတို့ ဂိုဏ်းချုပ်နဲ့ ယှဉ်ပြိုင်မှာ မဟုတ်ဘူး"

သူက လုထန်းအား စိုက်ကြည့်ကာ ဆက်ပြောလိုက်လေသည်။

"အခု ကျုပ်က ခင်ဗျားနဲ့ ရင်ဆိုင်မှာဗျ"

"အဟမ်း"

လုထန်း သက်ပြင်းတစ်ချက် ဟန့်လိုက်၏။

သူသည် တည်ငြိမ်အေးဆေးစွာပင် ထိုင်လျက် ရှိနေသေးသည်။ သူသည် တိုက်ခိုက်ရန် လုံးဝစိတ်မဝင်စားသည့်အလား တိတ်ဆိတ်စွာပင် ထိုင်နေ၏။

သူသည် ထိန်ယုအား ကြည့်ကာ အေးတိအေးစက်ဖြင့်...

"ကျုပ်ကို အထင်သေးမယ်ဆိုရင် မင်း အမှားဖြစ်သွားလိမ့်မယ်"

ထိန်ယုက...

"ကျုပ်က ဘယ်သူ့ကိုမှ အထင်မသေးသလို အထင်လဲ မကြီးဘူး"

ဟု ပြောလိုက်သည်။

လုထန်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက အဆိပ်ကို အထူးကျွမ်းကျင်စွာ အသုံးပြုတတ်တယ်လို့ ကျုပ်ကြားမိတယ်"

ထိုစကားကြောင့်...

"ဟား..ဟား..ဟား"

ထိန်ယု သဘောကျစွာ ရယ်လိုက်၏။

တဖန် ဦးခေါင်းဆတ်ခနဲညိတ်ကာ...

"သေချာတာပေါ့။ ကျုပ်က အဆိပ်ဘုရင်သုံးဦးထဲမှာ ပါဝင်တယ်ဆိုတာ ခင်ဗျား မမေ့ပါနဲ့"

သူက လုထန်းအား အကဲခတ်ကြည့်ကာ ဆက်ပြောလိုက်သည်။



"အခုတောင် ခင်ဗျားက ကျုပ်ရဲ့အဆိပ်ကို မိနေသလားဆိုတာ မပြောတတ်ဘူး"

လုထန်း ခေါင်းခါယမ်းလိုက်သည်။

"ငြိမ်းခြောက်မနေပါနဲ့၊ မင်း အဆိပ်ခတ်တဲ့ပညာ အလွန်အဆင့်မြင့်ပေမယ့် ကျုပ်ကို သတ်ဖို့ မလွယ်ပါဘူး"

ထိန်ယုက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားကိုယ်ခင်ဗျား အတော်ယုံကြည်နေပါလား"

လုထန်း အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

"ကျုပ်က ကိုယ့်ကိုယ်ကို မယုံဘူးဆိုရင် ဒီနေရာမှာတောင် ရှိနေမှာ မဟုတ်ဘူး"

သူ၏စကားကြောင့် ထိန်ယု မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားဆိုလိုပုံက.."

သူက စကားရပ်ထားလိုက်၏။

လုထန်းက အေးတိအေးစက်ဖြင့်...

"အခုအချိန်ကစပြီး မင်းသတိထားသင့်နေပါပြီ"

သူ၏စကားဆုံးသွားသည်နှင့် သူထိုင်နေသော ကုလားထိုင်သည် အောက်သို့ လျင်မြန်စွာ နိမ့်ဆင်းသွားလေသည်။

"ဘယ်ပြေးမလဲ"

ထိန်ယု အော်ငေါက်လိုက်သည်။

တဆက်တည်းပင်...

ထိန်ယုက လျှင်မြန်စွာ ငွေယမ်းလိုက်ပြီး အဆိပ်မြှားက လေးများဖြင့် ပစ်လွှင့်လိုက်သည်။

"ဝှစ်...ဝှစ်"

အဆိပ်မြှားခုနစ်စင်းသည် လျှပ်တစ်ပြက် ပြေးထွက်သွားသည်။

သို့သော်...

ထိုအဆိပ်မြှားခုနစ်စင်းတို့သည် လေကိုသာ ပစ်ခွင်းသွားမိသည်။

ထိုင်နေသော လုထန်းသည် လူရော ကုလားထိုင်ပါ မြေအောက်သို့ ကျရောက်သွားသည်။

ထိန်ယု မျက်မှောင်ကုပ်သွားသည်။

မြေအောက်တွင် လျှို့ဝှက်ကိရိယာများ တပ်ဆင်ထားရှိသည်မှာ သေချာလှသည်။ ထို့ကြောင့် ထိန်ယုက လိုက်မသွားပါ။

သူက မလိုက်သော်လည်း ရုတ်တရက်...

"ဝှစ်"

လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

မြေအောက်မှ သံမဏိပြားတစ်ခုက မြေပေါ်သို့ ပေါ်ထွက်လာလေသည်။

လုထန်း၏ပြန်လည်တိုက်ခိုက်မှုမှာ မြေအောက်ကနေစတင်လိုက်ခြင်း ဖြစ်ပေတော့သည်။



ထိန်ယု၏မြှားခုနစ်စင်းသည် လုထန်းအား ထိမှန်ခြင်းမရှိသော်လည်း လုထန်းက မြေအောက်သို့ ရောက်ရှိသွားပြီး သံမဏိပြားတစ်ခု မြေပေါ်သို့ ပေါ်လာရာ...

မြှားအစင်းပေါင်းများစွာတို့သည် ထိန်ယုအား ပြန်လည်ပစ်လွှင့်လာလေသည်။

ဤသည်မှာ လုထန်းက ထိန်ယုအား ပြန်လည်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

ထိန်ယုသည် လက်နက်ပုန်းများ ပစ်လွှင့်တိုက်ခိုက်ရာတွင် အလွန်ကျွမ်းကျင်သော သိုင်းသမားတစ်ဦး ဖြစ်သည်။

ထို့ကြောင့်...

လုထန်း၏တိုက်ခိုက်မှုက အရာမထင်ခဲ့ပါ။

ထိန်ယုသည် ပစ်လွှင့်လာသော မြှားများအား ဓားဖြင့် ငွေယမ်းကာ အားလုံး ရိုက်ချနိုင်ခဲ့၏။

သူ၏သိုင်းပညာမှာ မည်မျှ အဆင့်မြင့်သည်ကို ကြည့်ရုံနှင့် သိနိုင်သည်။

"ချွင်...ချွင်"

"ထောက်...ထောက်"

မြှားတံများ အားလုံး လွင့်ထွက်သွားသည်။

ထိုအချိန်မှာပင်...

"ယား"

လုထန်းက ညာသံတစ်ချက်ပေးကာ မြေအောက်မှ ပေါ်

ထွက်လာသည်။

တဆက်တည်းပင်...

အပေါ်သို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် ထိန်ယုအား ရုတ်တရက် တိုက်ခိုက်လိုက်သည်။

သူသည် လက်နက်မဲ့ဖြင့် တိုက်ခိုက်ခြင်း မဟုတ်ပါချေ။

သူ၏လက်ထဲတွင် ရှစ်ပေခန့် ရှည်သော လှံတံတစ်လက်လည်း ပါလာ၏။

ထိန်ယုက မြားများကို ရိုက်ချပြီးနောက် ခေတ္တနားနေသော အချိန်ခဏမှာပင် လုထန်းက လှံတံဖြင့် လျှပ်တပြက် တိုက်ခိုက်လာခြင်း ဖြစ်ပေသည်။

လုထန်း၏တိုက်ခိုက်မှုမှာ ပြင်းထန်သလို လျင်မြန်လွန်းလှသည်။

လှံတံအား ရိပ်ခနဲသာ တွေ့လိုက်ရ၏။

"ဟင်"

ထိန်ယု ရင်ထိတ်သွားသည်။

သူသည် ကပျာကယာ ရှောင်တိမ်းလိုက်သည်။

သို့သော်...

တစ်ကိုယ်လုံး လွတ်မြောက်အောင် မရှောင်တိမ်းနိုင်ခဲ့ပါ။

လုထန်း၏လှံတံသည် ထိန်ယု၏ယာဘက်ပခုံးသို့ ထိုးမိသွားလေသည်။

"အား"



ထိန်ယု လွတ်ခနဲ အော်လိုက်မိသည်။

သွေးများလည်း ချင်းချင်းနီရဲသွားသည်။

ထိန်ယု အံကြိတ်လိုက်သည်။

သူက နောက်ဆုတ်ရန် မစဉ်းစားပါ။

လုထန်း၏လှံအား ဆတ်ခနဲ ဖမ်းဆွဲထားလိုက်တော့သည်။

"ဟင်"

မမျှော်လင့်သော အဖြစ်ကြောင့် လုထန်းက ရင်ထိတ်သွားလေသည်။

ထိန်ယုက ဒဏ်ရာရထား၍ နောက်ဆုတ်သွားမည်ဟု သူက ထင်ထား၏။

ယခုကဲ့သို့ ရဲတင်းလိမ့်မည်ဟု မထင်မိပေ။

သူက ထွေထွေထူးထူး မစဉ်းစားပါ။

"ယား"

ကျယ်လောင်စွာ ညာသံတစ်ချက်ပေးရင်း လှံတံအား ပြန်လည်ဆွဲယူလိုက်လေသည်။

သို့သော်...

ထိန်ယု၏လက်ချောင်းများသည် သံဓဏီညှပ်များပမာ လှံတံအား စွဲမြဲစွာ ဆုပ်ကိုင်ထား၏။

"လွှတ်စမ်း"

လုထန်းက အော်ငေါက်ကာ နောက်သို့ တအားပြန်ဆွဲလိုက်သည်။

ထိန်ယုက မလွှတ်ဘဲ ပို၍ ခိုင်မြဲစွာ ဆွဲထားလိုက်သည်။ ဘယ်လိုဆွဲဆွဲ မရဘဲ ဖြစ်နေ၏။

လုထန်း၏နဖူးပေါ်တွင် ချွေးများ စီးဆင်းကျလာလေတော့သည်။

လှံတံမှာလည်း တဖြည်းဖြည်း ကွေးကောက်သွားရသည်။

လုထန်းမှာ အခြေအနေ မဟန်မှန်း သဘောပေါက်လိုက်မိလေသည်။

ထို့ကြောင့် လှံတံအား ကပျာကယာ လွှတ်လိုက်၏။

လှံတံလွှတ်ပြီး တပြိုင်နက် ထိန်ယုအား လက်ဝါးဖြင့် ရိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

ထိန်ယု၏လက်သီးသည် သူ၏မျက်နှာပေါ်သို့ ကျရောက်သွားလေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လုထန်း၏ခန္ဓာကိုယ်သည် နောက်သို့ ယိမ်းယိုင်သွားလေသည်။ သူ၏မျက်လုံးမှာလည်း ဖွင့်မရဘဲ ဖြစ်လာသည်။

"ယား"

ထိန်ယုက ညာသံတစ်ချက် ပေးလိုက်၏။

သူ၏ဓားသည် လုထန်း၏ရင်ဝသို့ လျှပ်တပြက် ထိုးသွင်းလိုက်လေသည်။



လုထန်း လုံးဝမရှောင်တိမ်းနိုင်တော့ပါ။

"အား"

နာကျင်စူးရှသော အော်သံကြီး ထွက်ပေါ်လာ၏။

လုထန်း၏ရင်ဘတ်တစ်ခုလုံး သွေးချင်းချင်း နီရဲသွားသည်။

သူသည် ဒယီးဒယိုင် နောက်ဆုတ်သွားပြီး...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားသည်။

ထို့နောက် တုတ်တုတ်မျှပင် မလှုပ်တော့ဘဲ သေဆုံးသွားလေတော့သည်။

♣ ♣ ♣

## ကျားနဲ့ဆင်

လုထန်း သေဆုံးသွားပြီ ဖြစ်သည်။

ဤသည်ကို 'ဓားသူတော်'က မြင်တွေ့ထားပါသည်။

သို့သော်...

သူက မျက်နှာတစ်ချက်ပင် ပျက်မသွားဘဲ သူနှင့်မဆိုင်သလို ရှိနေ၏။

သူသည် လုထန်းအပေါ် စိတ်ဝင်စားခြင်း လုံးဝမရှိသော လက္ခဏာ ဖြစ်နေ၏။

အမှန်တကယ်လည်း သူ၏စိတ်ထဲတွင် လုထန်း ရှိမနေပါချေ။

လုထန်း သေဆုံးသွားခြင်းသည် သူ့အဖို့ ထိခိုက်နစ်နာခြင်း မရှိဘဲ အကျိုးအမြတ်ပင် ရှိနေသေးသည် မဟုတ်ပါလား။

ယခု...

သူစိတ်ဝင်စားသည်မှာ ကျန်းလုံထင်းအား မည်သို့ ရှင်းပစ်ရမည်ကို စဉ်းစားနေခြင်းပင် ဖြစ်သည်။

♣ ♣ ♣



ဓားသူတော်၏မျက်နှာသည် များသောအားဖြင့် အေးတိအေးစက်နိုင်လှသည်။

သို့သော် လုထန်း လဲကျသေဆုံးသွားသည်ကို တွေ့သောအခါ ကောက်ကာငင်ကာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရုတ်တရက်မို့ ကျန်းလုံထင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ဓားသူတော်က ဤမျှ အေးအေးဆေးဆေး ဟန်မူရာ မပျက်ဘဲ ရှိနေလိမ့်မည်ဟု ထင်မထားခဲ့ပါချေ။

ကျန်းလုံထင်း မျက်မှောင်ကုပ်သွားသည်။

ဓားသူတော်အား အကဲခတ်ကြည့်ကာ...

"ကုအိမ်းလဲ မရှိတော့ဘူး၊ လုထန်းလည်း သေသွားပြီ၊ ဒါတောင် ခင်ဗျားက နည်းနည်းမှ ဝမ်းနည်းပုံ မရပါလား"

ဓားသူတော်က အရယ်မပျက်ဘဲ...

"ဘာလဲ၊ ကျုပ်က ငိုပြရမှာလား၊ သူတို့ ညံ့လို့ သူတို့ သေတာ ကျုပ်က ဂရုစိုက်ရမှာလား"

ကျန်းလုံထင်း ပါးစပ်ပိတ်ထားလိုက်၏။

ဓားသူတော်က ရယ်မောရာမှ ရပ်တန့်လိုက်ပြီ ဖြစ်၏။

ထို့နောက် ဓားကို ဓားအိမ်ထဲမှ ဖြည်းညင်းစွာ ဆွဲထုတ်လိုက်တော့သည်။

"ဝှစ်"

သူသည် ဓားတစ်ချက် ဝှေ့ယမ်းလိုက်ပြီး ဓားဖျားက ခြေထောက်သို့ ချိန်ရွယ်ထားလိုက်သည်။

သို့သော်...

ကျန်းလုံထင်း၏ခြေထောက်ကို ချိန်ရွယ်ထားခြင်း မဟုတ်ပါ။ သူ၏ခြေဖျားကိုသာ ပြန်လည်ချိန်ရွယ်ထားခြင်း ဖြစ်လေသည်။

သို့သော် သူ၏အနေအထားမှာ ထူးခြားနေ၍ အထင်သေး၍မရပါချေ။ ကျန်းလုံထင်းကလည်း အထင်မသေးဝံ့ပါချေ။

• ဓားသူတော်သည် အလွန်ကြောက်စရာကောင်းသော ဓားသမားဖြစ်မှန်း အစောကြီးကတည်းက နားလည်ထားသည် မဟုတ်ပါလား။

ဓားသူတော်သည် မလှုပ်မယှက် ရပ်နေသည်ဖြစ်သော်လည်း သူရပ်နေသော ဝန်းကျင်တစ်ခုလုံးမှာ သူ၏ဓားက လွှမ်းမိုးထားသည်ဟု ခံစားလိုက်ရလေသည်။

♣ ♣ ♣

ဝန်းကျင်တစ်ခုလုံး တဒင်္ဂတိတ်ဆိတ်သွားသည်ဟု ထင်ရပေသည်။

သို့သော် တိတ်ဆိတ်မှုက ကြာရှည်မခံပါ။

ဓားသူတော်က စတင်ဖြိုခွဲလိုက်သည်။

"ယား"



ကျယ်လောင်သော ညာသံတစ်ချက်ပေးပြီး ဓားကို လျှပ်တပြက် ဝှေ့ယမ်းလိုက်သည်။

"ဗွီး..ဗွီး"

လေတိုးသံများ ပြင်းစွာထွက်ပေါ်လာသည်။

ဓားသူတော်က စတင်တိုက်ခိုက်လာပြီဖြစ်သည်။

သူသည် ဓားချက်သုံးချက်တိတိ တိုက်ခိုက်လိုက်ပြီးနောက် ဓားကွက်သုံးကွက် ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

သူသည် တဆက်တည်း ဓားခြောက်ကွက်တိတိ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူ၏ဓားကွက်တိုင်းသည် အလွန်ပင် ပြင်းထန်လှပေသည်။

ထို့အပြင်....

ဓားကွက်များမှာ အလွန်ပင် ထူးခြားဆန်းပြားနေ၏။

ကျန်းလုံထင်း မှဲ့ပြုံးပြုံးလိုက်သည်။

သူသည် တွေဝေတုန့်ဆိုင်းခြင်း မရှိပါ။

သူ့လက်ထဲမှဓားဖြင့် ဓားသူတော်အား ပြန်လည်တိုက်ခိုက်လိုက်၏။ သူ၏ဓားချက်များသည်လည်း ဓားသူတော်၏ဓားချက်များ ထက်မညံ့ပါ။

ဤသို့ဖြင့်...

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြလေတော့သည်။

♣ ♣ ♣

ဓားချက်များသည် မိုးသီးမိုးပေါက်ပမာ စိပ်စိပ်ကလေး ဖြစ်နေ၏။ ဝန်းကျင်တစ်ခုလုံး ဓားရိပ်များ လွှမ်းမိုးကြီးစိုးထားပါသည်။

သူတို့နှစ်ယောက်၏ တိုက်ပွဲသည် ဓားရိပ်များဖြင့် ရှုပ်ထွေးနေသည်ကို တွေ့ရလေသည်။

အမှန်မှာ ထိပ်တန်းသိုင်းသမားများက ယင်းသို့ တိုက်ခိုက်သောအခါ သူတို့၏ဓားကွက်များသည် များသောအားဖြင့် အလွန်ရှင်းလင်းပြတ်သားလှပေသည်။

သို့သော် ထူးခြားသည်မှာ...

ကျန်းလုံထင်းနှင့် ဓားသူတော်တို့၏ တိုက်ပွဲမှာမူ ကလေးသူငယ်များ ရန်ဖြစ်နေသည်နှင့်ပင် တူလှပါသည်။

အကြောင်းမှာ သူတို့ တိုက်ပွဲအား မြင်တွေ့လိုက်သည်နှင့် ရှုပ်ထွေးပြီး နည်းလမ်းမကျသော တိုက်ပွဲတစ်ခု ဖြစ်သည်ဟုသာ ထင်မှတ်ရပေသည်။

ဓားသူတော်၏ဓားကွက်များက ရှုပ်ထွေးနေလော။

သို့တည်းမဟုတ် ကျန်းလုံထင်း၏တိုက်ကွက်က ယခင်လို မထက်မြက်တော့ဘဲ လက်ရည်ကျသွား၍လော။

မဟုတ်ပါ။ ဓားသူတော်၏ဓားကွက်သည် ရှုပ်ထွေးနေသည် မဟုတ်ပါချေ။

ထို့အပြင် ကျန်းလုံထင်း၏တိုက်ကွက်ကလည်း မထက်မြက်ဘဲ လက်ရည်ကျသွားသည် မဟုတ်ပါ။

အမြင်အားဖြင့် ရှုပ်ထွေးနေသော တိုက်ပွဲသည် အမှန်မှာ



ရုတ်တရက် မြန်လိုက်၊ ရုတ်တရက် နှေးသွားလိုက် ဖြစ်နေသောကြောင့် ဖြစ်၏။

သူတို့၏တိုက်ခိုက်မှုမှာ ရှုပ်ထွေးနေသောကြောင့် သူတို့နှစ်ယောက်တွင် မည်သူက သာသည်၊ မည်သူက ရှုံးနိမ့်သည်ကို မည်သူကမျှ ခွဲခြား၍ မရနိုင်ပါ။

သူတို့သည် သိုင်းကွက် မည်ရွေ့မည်မျှ တိုက်ခိုက်ခဲ့သည်ကိုလည်း မည်သူကမျှ မတွေ့နိုင်ပါ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သူတို့၏တိုက်ပွဲသည် တဖြည်းဖြည်းနှင့် အုန်းမောင်းနှစ်ချက်ခေါက်ခန့်အထိ ကြာမြင့်သွားပြီ ဖြစ်လေသည်။

♣ ♣ ♣

ညှိုညာ...။

ညှိုညာသည် အလွန်ရှည်လျားသော ညတစ်ည ဖြစ်သည်။

ထို့အတူ ကျန်းလုံထင်းနှင့် ဓားသူတော်တို့၏ တိုက်ပွဲသည် အလွန် ရှည်လျားသော တိုက်ပွဲတစ်ခု ဖြစ်လေသည်။

"ခြွမ်း"

"ခြွမ်း"

ဓား့ဓားချင်း ထိခတ်မိသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မီးပွင့်မီးပွားကလေးများလည်း လွင့်စဉ်ထွက်လာ၏။

"ကျား"

"ယား"

ညှာသံပေးသော အသံများလည်း ဆူညံစွာ ထွက်ပေါ်နေလေသည်။

သူတို့သည် လက်ရည်တူနေသဖြင့် အချိန်ကြာမြင့်စွာ တိုက်ခိုက်လာသည် ဖြစ်သော်လည်း မည်သူမျှ အသာစီး မရသေးပါ။

အနီး၌ ရပ်ကြည့်နေသူများပင် အသက်ရှူရန် တဒင်္ဂအားဖြင့် မေ့လျော့နေ၏။ အရှေ့ဘက်မှ မိုးသောက်အာရုဏ်၏ လင်းရောင်ခြည်သည် စတင်ထွက်ပေါ်လာပြီ ဖြစ်သည်။

ထိုအချိန်မှာပင် ဓားသူတော်သည် ရုတ်တရက် လက်ထဲမှ ဓားဖြင့် ကျန်းလုံ ထင်းအား ပစ်ပေါက်လိုက်လေတော့သည်။

♣ ♣ ♣



## နောက်ဆုံးဓားကွက်

ကျန်းလုံထင်းသည် ဓားသူတော်နှင့် တိုက်ခိုက်ရာတွင် ဓားသူတော်က သူ၏ဓားကွက်ဆယ်ကွက်ကိုသာ ထပ်တလဲလဲ ပြောင်းလဲတိုက်ခိုက်နေသည်ကိုသာ တွေ့ရှိရသည်။

ယင်းဓားကွက်ဆယ်ကွက်၌ ဟာကွက်များ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

အကယ်၍...

အခြားသိုင်းသမားတစ်ယောက်ဆိုလျှင် ထိုဟာကွက်များကို တွေ့ရှိလိုက်သည်နှင့် ဝင်ရောက်တိုက်ခိုက်မည်သာ ဖြစ်သည်။

ကျန်းလုံထင်းက ဤသို့မဟုတ် ဟာကွက်များကို လုံးဝ တိုက်ခိုက်ခြင်း မရှိပေ။

သူသည် ဓားသူတော်အား အထင်မသေးဝံ့ပါ။

ယင်းဓားကွက်များ၏ ထွက်ပေါ်နေသော ဟာကွက်သည် ရန်သူအား မျှားခေါ်နေသည့် ဟာကွက် ဖြစ်နိုင်သည်ဟု သူက ယုံကြည်သည်။

ထို့ကြောင့် သူက ထိုဟာကွက်နှစ်ကွက်အား အခွင့်ကောင်းယူ၍ တိုက်ခိုက်ခြင်း မပြုပါ။

ဓားသူတော်သည် ကျန်းလုံထင်းက မိမိဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်လာခြင်း မရှိသည်ကို တွေ့မြင်ရသောအခါ စိတ်မရှည်ဘဲ ဖြစ်လာ၏။

ထို့ကြောင့် သူသည် နောက်ဆုံးသိုင်းကွက်ကို အသုံးပြုလိုက်ရလေတော့သည်။ တစ်နည်းအားဖြင့်...

သူလျှို့ဝှက်ထားသော ဆယ့်တစ်ကွက်မြောက် နောက်ဆုံးဓားကွက်အား အသုံးပြုလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

♣ ♣ ♣

သူ၏ဓားပစ်ပေါက်လိုက်သော သိုင်းကွက်တွင် အဆိပ်အပ်ဆယ်ချောင်းနှင့် တွဲဖက်ထားသည်။

အလွန်ကြောက်စရာကောင်းသော သိုင်းကွက်တစ်ကွက်ပင်ဖြစ်ပေသည်။

ကျန်းလုံထင်းက သူ၏ဓားကို ရှောင်တိမ်းနိုင်သည် ဖြစ်သော်လည်း တဆက်တည်း တွဲ၍ပါလာသော အဆိပ်အပ်ဆယ်ချောင်းတို့အား ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ပါ။

အကယ်၍...

ကျန်းလုံထင်းက အဆိပ်လူးထားသော အပ်ဆယ်ချောင်းတို့



ကို ရှောင်တိမ်းနိုင်ခဲ့လျှင် ဓားသူတော်၏လျှင်မြန်ပြီး တိတ်တဆိတ်တိုက်ခိုက်လိုက်သော လက်ဝါးတစ်ခုကိုမူ မည်သည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်မည် မဟုတ်ပါ။

ဓား...။

အဆိပ်အပ်...။

အသံတိတ်လက်ဝါး...။

ဓားသူတော်သည် ရှိသမျှ သူ၏ပညာကို အစွမ်းကုန်ထုတ်သုံးလိုက်ပေသည်။

ထိန်ချမ်းတို့အားလုံး အသက်ရှူရန်ပင် မေ့လျော့သွားကြလေသည်။

ဓားသူတော်၏သိုင်းကွက်သည် အတော်ပင် အံ့ဩဖွယ်ရာကောင်းလှပေသည်။

အမှန်မှာ ဤတိုက်ကွက်သည် သူ၏ဓားကွက်များထဲ၌ အပြင်းထန် ဆုံးနှင့် ကြောက်စရာအကောင်းဆုံးသော နောက်ဆုံးတိုက်ကွက်ပင်ဖြစ်သည်။

ကျန်းလုံထင်း၏ခန္ဓာကိုယ်သည် ရုတ်ခြည်း မြေပေါ်လှဲချလိုက်ပြီး လေပွေတစ်ခုပမာ တိုးထွက်သွား၏။

သူက တဒင်္ဂအချိန်အတွင်းမှာပင် ဓားသူတော်၏တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ရုံမျှမက ဓားသူတော် နောက်သို့ပင် ရောက်ရှိသွားလေသည်။

အမှန်မှာ...

ကျန်းလုံထင်းသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ခန့်က တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သော 'နတ်ကိုးပါး'ဂိုဏ်း၏ အသက်ကယ်သိုင်းကွက် ဖြစ်သည့် 'ကိုယ်ပျောက်လေပွေ' သိုင်းကွက် အား အသုံးပြုလိုက်ခြင်းပင် ဖြစ်လေတော့သည်။

♣ ♣ ♣

ဓားသူတော် ထိတ်လန့်သွားသည်။

သို့သော် သူသည် အခြေအနေကို ကောင်းစွာ သုံးသပ်နိုင် သူတစ်ယောက် ဖြစ်၏။

ချက်ချင်းပင် ဓားတစ်လက် ထုတ်ယူကာ နောက်ပြန်ထိုး သွင်းလိုက်၏။

သူ၏နောက်ပြန် ထိုးလိုက်သော ဓားကွက်သည် လျှပ်စစ် ပမာ လျင်မြန်လှပေသည်။

ဤတိုက်ခိုက်မှုသည် သူ၏နောက်ဆုံး အခွင့်အရေးပင် ဖြစ် သည်။

သူ၏ဓားသွားသည် ကျန်းလုံထင်း၏လည်မျိုသို့ တိကျ တည့်မတ်စွာ ထိုးသွင်းလိုက်လေသည်။

ဓားသူတော်၏နောက်ကျောသို့ နီးကပ်စွာ ရောက်ရှိနေ သော ကျန်းလုံထင်းသည် ရှောင်တိမ်း၍ ရနိုင်ပါမည်လော။

ကျန်းလုံထင်းသည် ဓားသူတော်၏နောက်ကျောတွင် အနီး



ကပ် ရှိနေသည် ဖြစ်သော်လည်း သူသည် ချက်ချင်းတိုက်ခိုက်ခြင်း မပြုဘဲ အခြေအနေအား စောင့်ကြည့်နေသေး၏။

အကယ်၍သာ သူက မဆင်မခြင်ဘဲ ဓားသူတော်၏နောက် ကျောအား ဓားဖြင့် ထိုးသွင်းလိုက်လျှင် သူ၏ဓားသည် ဓားသူတော် ၏ကိုယ်ခန္ဓာထဲသို့ စိုက်ဝင်မသွားမီ ဓားသူတော်၏ပါးလွှာထက်မြက် သောဓားက သူ့လည်မျိုသို့ ထိုးဖောက်သွားမည်မှာ သေချာလှ သည်။

ယခုမှာမူ သူသည် အခြေအနေကို စောင့်ကြည့်လိုက်သည့် အတွက် ဓားသူတော်၏ဓားသည် နောက်သို့ ထိုးသွင်းလာသောအခါ သူ့လက် ထဲမှ ဓားဖြင့် ရိုက်ချနိုင်ခဲ့လေသည်။

"ခွမ်း"

ဓားသူတော်၏လက်ထဲမှ ဓားသည် မြေပေါ်သို့ အရှိန်ပြင်း စွာ လွင့်စဉ်ကျသွား၏။

သို့သော် ဓားသူတော်က ဟန်မှုမရာ မပျက်ပါ။

နောက်သို့ ချာခနဲ လှည့်လိုက်ပြီး သူ၏လက်ဝါးနှစ်ဘက် သည် ကျန်းလုံထင်း၏ဝဲယာ နားထင်ဆီသို့ ရိုက်ချလိုက်လေသည်။

သို့သော် သူ၏လက်ဝါးနှစ်ဘက်သည် ကျန်းလုံထင်း၏နား ထင်ပေါ်သို့ မရောက်မီမှာပင် ကျန်းလုံထင်း၏ဓားသည် သူ၏ အသည်းနှလုံးသို့ ထိုးဖောက်ဝင်ရောက်သွားတော့သည်။

♣ ♣ ♣

ဓားသူတော်သည် နောက်သို့ ခြေလှမ်းဆယ်လှမ်းခန့် ဆုတ်သွားသည်။

သူ၏တစ်သက်တာတွင် လူအသက်ပေါင်း မြောက်မြားစွာ သတ်ခဲ့သည်။

ယခုမှာမူ သူ့အလှည့်သို့ ကျရောက်လာပြီ မဟုတ်ပါ လော။

ကျန်းလုံထင်းက သူ့အား ကြည့်ကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ခင်ဗျားရဲ့ ဓားပညာဟာ တကယ်ကို ကြောက်စရာကောင်းပါတယ်"

ဓားသူတော် မချိပြုံးပြုံးလိုက်သည်။

"ကျန်းလုံထင်း၊ မင်းဟာ နာမည်ကြီးသလောက်လဲ သိုင်းပညာ အတော်ထက်မြက်နေတာကိုး၊ အခွင့်အရေး ရှိမယ်ဆိုရင် ကျုပ်က မင်းနဲ့ ယှဉ်ပြိုင်ချင်ပါသေးတယ်၊ ဒါပေမယ့်.."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။

သူ၏အသက်သည် နှလုံးမှ စီးဆင်းကျနေသော သွေးများနှင့်အတူ လွင့်ပျံ့ပျောက်ကွယ်သွားသည် မဟုတ်ပါလော။

ဓားသူတော် လဲကျသေဆုံးသွားသောအခါ ကျန်းလုံထင်းကလည်း အားပြတ်ကာ ဖင်ထိုင်ကျသွားလေ၏။

သူသည် အနိုင်ရရှိ၍ စိတ်လျှော့လိုက်သောအခါ သူ၏ခန္ဓာကိုယ်တွင် အင်အားလုံး၀ မရှိတော့သည်ကို ခံစားလိုက်ရလေသည်။



ဓားသူတော်သည် သူ၏ဘ၀တစ်သက်တာတွင် ကြောက်စရာအကောင်းဆုံးသော ရန်သူတစ်ယောက် ဖြစ်သည်။

ယခု...

သူက အနိုင်ရရှိလိုက်သည်မှာ ကံကောင်းသည်ဟုလည်း သူကိုယ်သူ ယုံကြည်သည်။

အကယ်၍ ဓားသူတော်၏ နောက်ဆုံးဓားကွက်သည် ယခုထက် အနည်းငယ် လျင်မြန်မည်ဆိုလျှင် ကျန်းလုံထင်းက ဆက်၍ မတွေးဝံ့ပါ။

ထို့ကြောင့်...

သူ ယခု အနိုင်ရရှိခြင်းမှာ ကံတရားက သူ့ဘက်မှာ ရှိနေသည်ဟု ယုံကြည်လေသည်။

♣ ♣ ♣

## ခြေရာဖျောက်သူ

အမှောင်ကျေးရွာတွင် လုထန်း၊ ကုအိမ်းနှင့် ဓားသူတော်တို့ကဲ့သို့ ထိပ်တန်းသိုင်းသမားများ ကျဆုံးသွားပြီ ဖြစ်သည်။

ကျန်ရှိသော လက်အောက်ငယ်သားများနှင့် အနီရောင်ဝတ်ဆင်ထားသော ဓားသမားများမှာလည်း အခြေအနေ မဟန်မှန်းတွေ့မြင်လိုက်သည်နှင့် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြလေသည်။

အမှောင်ကျေးရွာသည် ပြန်လည်အေးချမ်းသွားပြီ ဖြစ်၏။

အမှောင်ကျေးရွာတွင် နေထိုင်ကြသော ပြည်သူလူထုများသည် ဝမ်းသာရွှင်လန်းကြကုန်သည်။

သူတို့သည် အေးချမ်းသာယာသောဘဝသို့ ပြန်လည်ရောက်ရှိသွားကြသည် မဟုတ်ပါလော။

အမှောင်ကျေးရွာတွင် ဥပဒေမဲ့ မင်းမူနေသော လူစုများသည် ပျောက်ကွယ်ပျက်စီးသွားကြပြီ ဖြစ်သော်လည်း စိတ်ချနိုင်သည့် အဆင့်တွင် မရှိသေးပါ။

အကြောင်းမှာ အမှောင်ဂိုဏ်း ပြိုကွဲသွားခြင်း မရှိသေးပါ။

အမှောင်ဂိုဏ်းခေါင်းဆောင် ထိန်ချမ်း ကျန်ရှိနေသေးသည်။

ကျန်းလုံထင်းတို့လူစုသည် အမှောင်ကျေးရွာတစ်ခုလုံးအား



ပိုက်စိပ်တိုက်၍ ရှာကြသော်လည်း ထိန်ချမ်း၏အရိပ်အရောင်ကိုပင် မတွေ့ခဲ့ရပါ။

ထန်ချမ်းတစ်ယောက် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

♣ ♣ ♣

ထိန်ယု ဒဏ်ရာရခဲ့သော်လည်း ကျေနပ်ခဲ့၏။

သူသည် ယွင်ကြူးအတွက် အသက်ကယ်ဖြေဆေး ရယူနိုင်ခဲ့သည် မဟုတ်ပါလား။

သူသည် မေတ္တာရှိနေသော ယွင်ကြူးအား လက်မတင်လေး ကယ်တင်နိုင်ခဲ့ပေတော့သည်။

♣ ♣ ♣

ထိန်ဝူး၊ ကျန်းလုံထင်း၊ လုံးဝူနှင့် ထိန်သခင်ကြီးတို့သည် နတ်သမီးဂေဟာ၏ ဧည့်ခန်းတွင် စုဝေးကာ ထိုင်နေကြ၏။

သူတို့အပြင်...

ထိန်ယု၊ မားကွမ်းစုနှင့် ယွင်ကြူးပါ ရောက်ရှိနေ၏။

သူတို့သည် တိတ်ဆိတ်စွာ ရှိနေ၏။

သူတို့ ယခုကဲ့သို့ စုဝေးထိုင်နေကြခြင်းမှာ အမှောင်ကျေးရွာ

တွင် ရှိနေသော လုထန်းတို့လူစုအား သုတ်သင်ရှင်းလင်းနိုင်၍ အောင်ပွဲခံနေခြင်း မဟုတ်ပါ။

အမှောင်ဂိုဏ်း၏ခေါင်းဆောင်ဖြစ်သူ ထိန်ချမ်းကို ရှာမတွေ့သဖြင့် စိုးရိမ်ပူပန်နေကြသည်။

သူတို့၏ရင်ထဲ၌ ထိန်ချမ်းတစ်ယောက် မည်သည့်နေရာသို့ ရောက်နေသည်ကို သိချင်နေကြ၏။

မည်သည့် ဒုစရိုက်မှုများကို ကြံစည်အားထုတ်နေသည်ကို စိုးရိမ်နေကြခြင်း ဖြစ်၏။

မည်သို့ဆိုစေ သူတို့အားလုံး အလျှော့မပေးဘဲ ထိန်ချမ်းအား လိုက်လံရှာဖွေတော့မည်မှာကား သေချာလှပေတော့သည်။

ပထမပိုင်း ပြီး၏။

ဒု-ဓာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။